www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မှုပိုင်နှင်းခါ

တူညီ . . ဂိုးလ် . . မိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

လူ့ဘဝမှာ အချစ်နဲ့သိက္ခာ ဘယ်ဟာက ပိုအရေးကြီးပါသလဲ. . ရွေးချယ်မှုနဲ့ပဲ ဆိုင်မယ် ထင်ပါတယ်။ စိတ်ကူးတိမ်တိုက်တွေကောင်းကင်ထဲမှာ ရွေ့လျားနေသလို သူ့ရဲ့ဘောကြောင်တဲ့ နှလုံးသားကြောင့် ပြောစရာစကားက တစ်ခွန်းပဲ ရှိပါတယ်။ အဲဒါကတော့. . ရင်နာတယ်ဗျာ. . .

ကျွန်တော့်ရင်ထဲက ကောင်မလေးက အသည်းခွဲတတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး. . အချစ်ကို ကိုးကွယ်ပြီး အရှုးအမူးချစ်တတ်တဲ့ လေးစားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ။

တားဆီးနေတဲ့ အဲဖြူရောင်စည်းတစ်ခုကြောင့် သူနဲ့ ကျွန်တော် စည်းရဲ့တစ်ဖက်ဆီမှာ ရပ်နေရပါပြီ။ နှလုံးသားရဲ့ဗဟိုချက်မှာပဲ ကျွန်တော့်အချစ်တွေကို သိမ်းဆည်းထားလိုက်တော့မယ်. . ထပ်ပြီးတော့ မရှုးပါရစေနဲ့ မိန်းကလေးရယ်. . မင်းရဲ့အနားမှာပဲ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးရင်း ငါ့ရင်ခုန်သံတွေကို လျှို့ဝှက်ထားလိုက်တော့မယ်. . တစ်သက်လုံးအတွက်ပေါ့. . အသက်နဲ့ကိုယ် မြဲနေသရွေ့ လွမ်းရမယ်ဆိုတာ သိပါတယ်။

(ထပ်တူညီ)



ယာတောလေးက နံနက်ခင်းနေခြည်အောက်မှာ မပြောင်းမလဲ သစ္စာရှိစွာ လှပပါသည်။ နေသာ လေသာတဲ့ နေ့လေးပေါ့. . ။ တူညီရဲ့ယာတောလေးက နှစ်ကေကျော်ကျော်ရှိပြီး နေချင့်စဖွယ်တဲ့ အိမ်ကလေးတစ်လုံးက သပ်သပ်ရပ်ရပ်ကလေးရှိနေသေးသည်။ သူ့ဘဝမှာ ရောင့်ရဲတင်းတိမ်မှုဆိုတာ နေသွားတကျရှိနေပြီးသားအရာတစ်ခုသာဖြစ်သည်။ ချမ်းသာဖို့မလိုသလို တွယ်တာစရာလည်း မရှိတဲ့ လူတစ်ယောက်ပေါ့. . . သူ့ဘဝတစ်လျှောက်လုံးကို ရိုးရိုးသားသားနှင့် ရှင်းရှင်းလင်းလင်းကျော်ဖြတ်ခဲ့သူ ဖြစ်သည်။ အလျှော့ပေးတတ်တာက သူ့ရဲ့ခံယူချက်တစ်ခုပေါ့။ ပြီးတော့မှသာ ကြိတ်ပြီး ခံစားချင် ခံစားတာ. . သူ့ရင်ထဲက ခံစားချက်အတိမ်အနက်ကိုတော့ သိဖို့ အလွန်ခက်ခဲပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွားဖက်တော်လို့ ပြောရင်ရသလို သူငယ်ချင်းညီအစ်ကိုလို့ ပြောရင်လည်း ရတဲ့ မိုက်ကယ်တောင်မှ သူ့ကို အကဲမခတ်နိုင်ပါ။

တူညီသည် ကွပ်ပျစ်ပေါ်တွင် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို အရသာခံကာ သောက်နေသည်။ သူ့မျက်နှာပေါ်မှာ ဘာခံစားချက်မှ ပေါ်မနေပါ။ မိုက်ကယ် အခါတိုင်း ပြောနေသလို blank face (ဗလာမျက်နှာ)ပေါ့။ ဒီကောင် ဘယ်လိုပဲပြောပြော သူကတော့ အပြုံးမပျက်ပါဘူး။ တူညီမှာက ခင်စရာ ဆိုလို့ သူတစ်ယောက်ပဲ ရှိတာကိုး။

ကြည့်နေပါ. . ခဏနေရင် ဒီကောင် ရောက်လာတော့မှာ၊ ပြီးရင် ဆယ်ရက်လောက် ထမင်းမစားရတဲ့ ဒုက္ခသည်လို ရှိတာ ချပေးပါလို့ သနားစရာကောင်းအောင် ပြောပြီး တူညီအတွက် မကျန်အောင် အပြောင်ရှင်းပါလိမ့်မယ်။

လာနေကျအချိန် ပေါ်မလာသေးလို့ မိုက်ကယ်ကို သူမျှော်နေမိသည်။ လူတွေက အံ့သြနေကြသည်။ သူနှင့်မိုက်ကယ် ဘယ်လိုဖြစ်ပြီး အတွဲမိနေသလဲပေါ့. . မိုက်ကယ်က ဘဝကို လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းခဲ့သူ၊ စိတ်ခံစားချက်ကို အရှိအတိုင်းသာ နေခဲ့သူဖြစ်သည်။ သူ့ကို ကြည့်ရတာ သိပ်ကို freedom ဖြစ်လွန်းသည်။ တူညီလို ထိန်းချုပ်တတ်သူ မဟုတ်ပါ။





မိုက်ကယ်ရဲ့နှုတ်ခမ်းဖျားက ကောင်မလေးတွေကို ဖမ်းစားနိုင်လွန်းသည်။ သူ့မှာ ဇယားတွေကလည်း အများသား။ သူ့ဇယားတွေနဲ့သူ ရှုပ်နေလို့ တစ်ပတ်မှာ ခုနစ်ရက်နှင့် မလောက်သောသူဖြစ်သည်။

ဒါပေမယ့် ဒီကောင်က စည်းတော့ ရှိသည်။ သူ့ဇယားတွေနှင့် တူညီ့ကို တစ်ခါမှ မိတ်ဆက်မပေးဖူးပါ။

တူညီကလည်း အေးဆေးစွာနေချင်သူဆိုတော့ မိုက်ကယ့်ကို အလိုက်သိသားဟု ကွယ်ရာတွင် မှတ်ချက်ချမိသည်။ မိုက်ကယ်ရဲ့စန်းက တိုင်ထိပ်ရောက်နေတော့ သူ့အစား တူညီ ရင်မောရသည်။ သူ ဝမ်းတူးရိုက်တာက အကြောင်းမဟုတ်ပေမယ့် သစ္စာတရားနှင့် အချစ်ကို တန်ဖိုးထားသော တူညီက မိန်းကလေးတွေကို သနားစိတ်ဝင်မိပါသည်။

'ဝေး. . . တူညီ၊ ဒီမှာ. . နင် စားဖို့ ကောက်ညှင်းပေါင်းနဲ့ အကြော် လာပို့တာ'

တစ်ဖက်ခြံမှ ကြီးမယ်နု၏လက်ထဲတွင် အငွေ့တထောင်းထောင်း ထ,နေသော ကောက်ညှင်းပေါင်းပန်းကန်နှင့်အတူ အကြော်တစ်ထုပ်ကိုတွေ့ရသည်။ တိုင်းရင်းသူဖြစ်သော ကြီးမယ်နုက တူညီ့ကို သားကလေးတစ်ယောက်လို တွယ်တာသည်။ သံဃောဇဉ် ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခုမဟုတ်တစ်ခုတော့ တစ်ထောင့်တစ်နေရာကနေ ကူညီမြဲ၊ စောင့်ရှောက်မြဲ ဖြစ်သည်။

'အတော်ပဲဗျ. . ရေနွေးကြမ်းနဲ့ မြည်းမလို့ တစ်ခုခု လိုနေတာ. . အဲလိုအလိုက်သိလို့ နုနုကို ကျွန်တော်က ချစ်နေရတာ'

ကွမ်းစားထားသဖြင့် ကွမ်းချေးတက်နေသော သွားနီနီရဲရဲများ ပေါ်အောင် ကျေနပ်စွာ ပြုံးပြီးကြည့်နေသော ကြီးမယ်နုက

'ကောင်လေး. . ဒီလောက် အေးနေတာ အကျီလက်ပြတ်ကြီးနဲ့. . နင် တော်တော်သတ္တိကောင်းပါလား'

တူညီက ရယ်ကျဲကျဲဖြင့်

'တစ်မနက်လုံး ယာတောထဲမှာ အလုပ်လုပ်ထားတာ ချွေးတွေထွက်ပြီး ပူနေပြီ နုနုရဲ့'

'ပြီးရော. . ပြောလိုက်ရင် သူ့မှာ ဆင်ခြေတွေချည်းပဲ. . . ကျန်းမာရေးက အရေးကြီးတယ် ကောင်လေးရဲ့. . . နင့်မှာက ပြုစုမယ့်သူ ရှိတာ မဟုတ်ဘူး၊ ရုပ်ကလေး ချောချောလေးနဲ့ ရည်းစားလည်း မထားဘူး၊ နုနု သိအောင် ပြောစမ်းပါဦး. . . ကောင်မလေးတွေ့ပြီလား'

တူညီက သူ့ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်နှင့် အေးဆေးစွာပင် -





'မရှိပါဘူး နုနုရယ်. . ကျွန်တော့်မှာ ချစ်စရာကောင်းတဲ့ ဟောဒီ ယာတောလေးနဲ့ ရိုးမကြီး ရှိနေသ၍ ပြည့်စုံနေသားပဲ'

ကြီးမယ်နုက သဘောတကျရယ်ရင်းက

'နင့်နှလုံးသားလေးက အိပ်ပုပ်ကြီးနေတယ်ပေါ့. . . ဒီလိုလား တူညီ. . မချစ်ဖူးသေးတဲ့သူတွေက အချစ်နဲ့တွေ့ရင် ရှုံးတတ်ကြတယ်နော် ကောင်လေး သတိလည်း ထားဦး'

တူညီက မတတ်နိုင်ဘူး ဆိုသည့်သဘောဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

'ဒီနေ့ မိုက်ကယ်လည်း မတွေ့ပါလား'

'သူ လာမှာပါ နုနုရဲ့. . ဒီနေ့ သူနဲ့ကျွန်တော် churchတက်ဖို့ ချိန်းထားတယ်'

'ကောင်းတယ်. . ကောင်းတယ်. . ကဲ. . နုနု ထမင်းသွားချက်လိုက်ဦးမယ်နော်'

သူ ဘာဖြစ်လို့ နုနုကို ညာလိုက်မိသလဲ. . .

ချစ်သူမဟုတ်ပေမယ့် သူ့ရင်ထဲက နင့်နင့်နဲနဲ တောင့်တနေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့ပြီဆိုတာ ဘယ်သူတစ်ဦးတစ်ယောက်ထံမှာမှ ဖွင့်ဟဝန်ခံလိုစိတ် မရှိပါ။ မချစ်တတ်သေးလို့ သာမန်ဗဟုသုတရရုံ ချစ်ကြည့်ချင်တာမျိုး မဟုတ်ပါ။ နှိုင်းစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ သမုဒယအချစ်တွေနဲ့ ရစ်ပတ်ပြီး နှောင်တွယ်ချင်တာ ထူးဆန်းလို့လား. . . .

နွယ်ပင်တွေလိုပဲ သူ့ရဲ့တစ်ကိုယ်လုံးကို မလှုပ်နိုင်အောင် တွယ်ပတ်ထားနိုင်စွမ်းတဲ့ကောင်မလေးကို တိတ်တခိုးနဲ့ Nick name လေးတစ်ခု ပေးလိုက်မိသည်။ သူတစ်ယောက်တည်း သိတဲ့ နာမည်လေးပေါ့. . .

'နွယ်ပင်'တဲ့. . . . ။

◆



## အခန်း(၂)

သူ့ယာတောက ထွက်တဲ့ အသီးအနှံတွေကို တင်ပြီး တောလမ်းလေးအတိုင်း ထော်လာဂျီကို မောင်းနှင်လာသော တူညီက သဘာဝပန်းချီကားတစ်ချပ်လို ပြောင်မြောက်အောင် စုတ်ချက်တွေ သပ်ရပ်နေသော မြူခိုးတွေဝေနေသည့် ရှမ်းရိုးမတောင်တန်းကြီးကို ဝံမျှော်တခေါ် ငေးမောလာမိသည်။

ဘယ်နှခါကြည့်ကြည့် ဆယ်ခါပြန်ကြည့်လည်း ရိုးမသွားနိုင်တဲ့ မြင်ကွင်းလေးမို့ မနက်ခင်းနေခြည်နှင့်အတူ သူ့နှလုံးသားလေး နွေးထွေးလာပါသည်။

စိုင်းထီးဆိုင်၏သီချင်းတစ်ပုဒ်ကို နှုတ်မှ တိုးဖွစွာ ညည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူ့ထော်လာဂျီက စည်းချက်မှန်စွာ ဖြည်းဖြည်းမှန်မှန်သွားနေပါသည်။

ထိုစဉ် သူ့မျက်ဝန်းထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာပါသည်။ ဆွယ်တာအဖြူရောင်လေး ဝတ်ထားပြီး လည်ပင်းတွင် မာဖလာအနီရဲရဲလေးပတ်ထားသော ကောင်မလေး. . သူမလက်ထဲမှာ ပန်းတွေက အရောင်စုံတစ်ပွေ့တစ်ပိုက်နှင့်. . မျက်နှာလေးကဘာကို ကျေနပ်မှန်းမသိ။ ပြုံးယောင်ယောင်လေးဖြစ်နေသည်။

သူ့ထော်လာဂျီက ကောင်မလေးအနားမှ ဖြတ်သွားချိန်တွင် သူ့မှတ်ဉာဏ်တွေက သူမ၏စွဲလမ်းဖွယ်ရာမျက်နှာကလေးကို ကွက်ပြီး ဓာတ်ပုံရိုက်ထားလိုက်သလို ပုံရိပ်ထင်သွားသည်။ မျက်တောင်ခတ်ဖို့လည်း သတိမရ။ အသက်တောင်မှ ရှူဖို့ မေ့နေတဲ့အထိ သူမက ဆွဲအားပြင်းသည်။

မိန်းကလေးတွေကို မမြင်ဖူးတာမှမဟုတ်ဘဲ. . အစဉ်အမြဲတည်ငြိမ်နေတဲ့ သူ့အစဉ်အလာတွေ ပျက်ယွင်းအောင် ကောင်မလေးရဲ့တိုက်စစ်က ပြင်းသည်။ သူကသာ ပြောင်းဆန်နေတာ. . . ကောင်မလေးက သူ့ကို သတိတောင် ထားမိပုံမရပါ။ လှုပ်လှုပ်ခတ်ခတ်လေးဖြစ်လာသော ရင်ဘတ်လေးကို ထိန်းရသလို ထော်လာဂျီကိုလည်း ထိန်းရသေးသည်။ သေချာတာက ထော်လာဂျီသံ ဒုန်းဗိုင်း





နှင့်အတူ ရင်ခုန်သံတွေ အဆမတန်မြန်နေပါသည်။ မိန်းကလေးတစ်ယောက်ကို အခုမြင်ပြီး အခုကြိုက်ရလောက်အောင် သူ့နှလုံးသားက အပေါစား မဆန်ပါ။ သို့သော် ယခုအဖြစ်အပျက်မှာ သူ ကျဆုံးခဲ့ပါသည်။

မျက်လုံးထဲကမထွက်တဲ့ ကောင်မလေးရဲ့အရိပ်တွေကြောင့် သူ့ရင်ခုန်သံတွေကို ထိတ်လန့်တုန်လှုပ်စွာ ပြန်ဆန်းစစ်မိသည်။ သိပ်ကို သေချာနေတာ တစ်ခုက အတုအပ မဟုတ်တဲ့ သမုဒယအချစ်တွေ ကောင်မလေးအတွက် ပေါက်ဖွားနေပြီပဲ။

တူညီ ကျေနပ်ပါ၏။ သူ့ရင်ထဲက ချစ်ခြင်းအတွက်လည်း ဂုဏ်ယူပါသည်။ ထိုညက သူ အိပ်ရေးပျက်ခဲ့ရသည်။ စိတ်ကူးနဲ့မြင်ရတဲ့ ကောင်မလေးရဲ့ မျက်နှာလေးက ပြုံးနေသည်။ အချစ်ရဲ့ဇောနဲ့ မောနေရတဲ့ဘဝကို ကျေနပ်စွာခံယူချင်တာကိုက ထူးဆန်းလွန်းသည်။ တအားချစ်မိသွားတော့ ရင်တွေ ပွင့်ထွက်သွားမတတ်ပါပဲ။ ဒီကောင်မလေးအတွက်နဲ့ အချစ်ရူး ရူးနေရပြီပေါ့။

မေ့လို့မရတဲ့ မျက်နှာကလေးက အသည်းရဲ့တစ်နေရာမှာ အခိုင်အမာနေရာယူထားလို့ မျှော်လင့်ရင်း တိတ်တခိုးလေး ချစ်နေရတာကိုက feelingတစ်မျိုးပဲ. . ဘဝအတွက် ပထမဆုံးနှင့် နောက်ဆုံးအချစ်ကို တွေ့ရှိသွားပြီဖြစ်သော တူညီ့အတွက်တော့ ချစ်သူလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ ထပ်ပြီး ကိုယ်ထင်ပြမလဲဆိုတာကို ဆုတောင်းမျှော်လင့်ရင်း နေ့ရက်တွေက အဓိပ္ပာယ်ရှိလာခဲ့သည်။

မြူမှုန်တွေရဲ့ခြေသံလေးတွေလို တိတ်ဆိတ်စွာဝင်လာသော ကောင်မလေးကိုတမ်းတရင်း ဒီဇင်ဘာညတွေကို အဖော်မဲ့စွာ ကျော်ဖြတ်နေရတဲ့ ထပ်တူညီ. . .

အချစ်ကို ရူးရူးမူးမူးကိုးကွယ်တတ်တဲ့သူအတွက်တော့ ဘဝမှာ အချစ်အတွက် ရှင်သန်နေရတာကိုပဲ ကျေနပ်ရင်း အဓိပ္ပာယ်ရှိနေတော့တာပါပဲ။ မင်းသိရင် ဟားတိုက်ပြီး ရယ်နေမှာလား ကောင်မလေးရယ်. . .

ခင်မင်မှုတွေနဲ့ အနာဂတ်လမ်းကို ဖြောင့်ဖြူးစွာ လျှောက်ချင်ပေမယ့် ပြင်ဆင်မှုတွေမှာ နိမ့်ကျနေတဲ့ ကိုယ့်ဘဝအတွက် သိမ်ငယ်မှုတွေတော့ ရှိတာပေါ့. . ကိုယ့်အခြေအနေ ကိုယ်သိရက်သားနဲ့ ဇွတ်တရွတ်တိုးနေမိပြီလား. . အေးစက်စက်နဲ့ ပြာရီမှိုင်းနေတဲ့ နှလုံးသားအစုံနဲ့ မင်းကို သိပ်ချစ်နေတယ် နွယ်ပင်. . .

'I believe myself'ပါ နွယ်ပင်. . တစ်နေ့နေ့မှာ မင်းကို ပိုင်ဆိုင်ရမယ်လို့ ကိုယ်ယုံကြည်နေတယ်. . .

'တူညီ. . my friend..sorry ကွာ၊ နည်းနည်းနောက်ကျသွားတယ် ဟဲ. . ဟဲ'





စပ်ဖြဲဖြဲရုပ်နှင့် မျက်နှာချိုသွေးရင်း မိုက်ကယ်က ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ အပြာနှင့် အမည်းစင်းများ ပါသောဆွယ်တာအကျီင်္က သူနှင့် တကယ်လိုက်ဖက်ပါသည်။ အရောင်ဖျော့နေသော ဂျင်းန်ပင်အပြာလေးနှင့် သူ့ပုံစံက လူငယ်ဆန်စွာ ပေါ့ပါးလန်းဆန်းနေသည်။ အနောက်တိုင်းဆန်သောရုပ်နှင့် မိုက်ကယ့်ကို ကောင်မလေးတွေ ကြွေတာ ဆန်းမှ မဆန်းတာ. . . ယောက်ျားချင်းတောင် ငေးကြည့်ချင်စရာကိုး. . .

'ဘာလဲကွ. . လူကို မမြင်ဖူးသလိုဒီဗိုင်းနဲ့. .'

'မင်းက အပြတ်ရှိုင်းထားတော့ လန်းနေတာကိုး၊ ရော့. . ဒီမှာ ကောက်ညှင်းပေါင်းနဲ့အကြော် စားကွာ၊ ငါ အကျီင်္လဲလိုက်ဦးမယ်'

ပြောသာ ပြောရသည်။ သူ အကျီင်္လဲတာက ဘာမှကြာမှာမဟုတ်။ ဝတ်နေကျရှပ်အကွက် လက်ရှည်တစ်ထည်ကို ကောက်ဝတ်လိုက်ရုံပင်။ ဆံပင်တွေက ခပ်ရှည်ရှည်ဆိုတော့ စနစ်တကျဖြီးသင်နေစရာမလိုဘဲ တစ်ချက်နှစ်ချက် သပ်တင်လိုက်ရုံနှင့် ကိစ္စပြီးသည်။ မိုက်ကယ်နှင့် သူ ကွာတာ အဲဒါတွေပေါ့. . မိုက်ကယ့်ဆံပင်တွေက သေချာပုံသွင်းပြီး ဂျယ်လ်လိမ်းကာ အမြဲသေသေသပ်သပ်ရှိနေသည်။ ကိုယ့်ပုံစံကျတော့ ဖရိုဖရဲနှင့် gipsy ဆန်မြဲ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့ Sunday က weather အရမ်း fine တယ်ဗျ. . . တောင်ကုန်းပေါ်က ဘုရားကျောင်းအိုကလေးဟာ တိမ်ပြာပြာနဲ့ ကောင်းကင်အောက်မှာ တိတ်ဆိတ်ငြိမ်သက်လို့. . . နှလုံးသားနုတဲ့ မိုက်ကယ်က ဘယ်ဇယားလေးကို သတိရသွားလဲ မဆိုနိုင်ဘူး။

'တူညီ. . ကြည့်စမ်းပါဦးကွာ ဘယ်လောက်သာယာလိုက်သလဲ. . ပန်းချီလည်း ဆန်တယ်နော်. . ဒီတောင်ကုန်းလေးပေါ်က နေ ဆီးပြီးကြည့်ရင် ငါ့ကောင်မလေးအိမ်က ဘယ်အိမ်ဖြစ်မလဲ မင်းသိလား'





'သိတယ်. . ငါ သိပ်သိတာပေါ့. . ဟိုးမှာ မြင်မြင်သမျှကောင်မလေးတွေရဲ့အိမ်တွေချည်းပဲ. . လက်ညှိုးထိုး မလွဲဘူးဟုတ်တယ် မဟုတ်လား'

မိုက်ကယ်က အသံတိတ် လှမ်းဆဲပါသည်။ သူ့လက်မောင်းကိုလည်း မနာအောင် ဖွဖွလေးထိုးရင်း

'ခွေးကောင်. . မင်း ဂျေဝင်နေတယ် မဟုတ်လား'

'မင်းဇယားတွေထဲမှာ ငါ့အစ်မတွေ၊ ညီမတွေ ပါရင်တော့ တစ်မျိုးပေါ့ကွ. . မင်းသိတဲ့အတိုင်းပဲ၊ ငါက only one ဆိုတော့. . အေးဆေးပါကွာ'

စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် မီးခိုးငွေ့များကိုမှုတ်ထုတ်ရင်း တူညီက ဘုရားကျောင်းကို ငေးကြည့်နေမိသည်။

ယူကလစ်ပင်လေးတွေ၊ ထင်းရှူးပင်လေးတွေ ဝန်းရံထားပြီး ဘယ်အချိန်မဆို တည်တည်ငြိမ်ငြိမ်ရှိနေတဲ့၊ စိတ်ကို ငြိမ်းအောင်လုပ်ပေးနိုင်တဲ့ သူတို့မြို့ရဲ့တစ်ခုတည်းသော ဘုရားကျောင်းကလေးပေါ့. . .

'မိုက်ကယ်နဲ့တူညီ. . ဘာတွေ လေပေးဖြောင့်နေတာလဲကွ'

'ဖာသာ. . ကျွန်တော်တို့နှစ်ယောက်က ဒီလိုပဲ ကြုံရင်ကြုံသလို စကားနိုင်လုနေကြတာ. . '



www.burmeseclassic.com

www.burmeseclassic.com



ဖာသာဂျွန်က နှစ်လိုဖွယ်ရာပြုံးသည်။ သူ့မျက်နှာဟာ အေးချမ်းပြီး အပြစ်ကင်းစင်၏။ လူတွေအပေါ်မှာ အပူမပေးဘဲ အအေးဓာတ်ကိုသာ ပေးသောသူဖြစ်သည်။

'မင်းတို့နှစ်ယောက်လိုပဲ လူတွေအားလုံး ချစ်ချစ်ခင်ခင်နဲ့ အပြစ်ကင်းကြရင် ဘယ်လောက်ကောင်းလိုက်မလဲ. . ကဲ. . ဖာသာ သွားလိုက်ဦးမယ်. . ဘုရားသခင်က ကောင်းချီးပေးပါစေ. . '

ဖာသာ ထွက်သွားတော့ ဖာသာရဲ့ နောက်ကျောကို ငေးကြည့်ရင်း မိုက်ကယ်က

'တူညီ. . ဖာသာ့ကိုကြည့်ရတာ အရမ်းငြိမ်းချမ်းတယ်နော်၊ မင်းကော သူ့လို နေနိုင်မလား'

ဟု မေးသည်။ တူညီက အသက်မပါသောအပြုံးတစ်ခုဖြင့် မိုက်ကယ့်ကို မထိတထိပြန်ချေပသည်။

'မင်းက ငါ့ကိုပဲ မေးနေ. . မင်း နေနိုင်သလား အရင်ပြော'

'ပြောမယ်ကွာ. . မင်းကို ငါပြောစရာရှိတယ် တူညီ'

'ဘာလဲ. . မင်းရဲ့ဇယားလေးတွေအကြောင်းလား၊ ငါ စိတ်မဝင်စားဘူးကွာ. . တော်ပြီ'

'ဟော့ကောင်၊ ငါ အတည်ပြောနေတာနော်၊ နောက်နေတာမဟုတ်ဘူး၊ အေးလေ. . မင်းက အချစ်နဲ့အဝေးကြီးမှာနေတဲ့သူဆို





တော့ ငါနဲ့ရင်ဘတ်ချင်း မနီးပါဘူး. . . ဒါပေမယ့် ငါ တောင်းပန်တယ်ကွာ. . ငါ့ရဲ့ရင်ခုန်သံအစစ်အမှန်လေးကိုတော့ ပျက်ရယ်မပြုပါနဲ့ကွာ နော်. . သူငယ်ချင်း'

ထူးတော့ ထူးဆန်းနေပါပြီ။ ဒီကောင့်မျက်နှာနဲ့ အပြောအဆို အမူအရာတွေက အရင်နဲ့မတူဘဲ နည်းနည်း colour ချိန်းနေသည်။ မိုက်ကယ် တကယ် heart ထိနေပုံထောက်တော့ အဲဒီကောင်မလေးဟာ တော်တော်ချစ်စရာကောင်းလို့သာ ဖြစ်ရမည်။

'မင်း တကယ်ချစ်တတ်သွားပြီလား မိုက်ကယ်'

'ငါ ယောက်ျားပါကွာ. . သူနဲ့တွေ့မှ အချစ် ဆိုတာကို ငါ နားလည်သွားတာ. . သိပ်ကို နူးညံ့ပြီး ကဗျာဆန်တာပေါ့. . ငါ့စိတ်ရဲ့ 99% ကို သူ စိုးမိုးထားနိုင်တယ် တူညီ၊ နောက်တစ်ခုက သူ့ကို ငါအမြဲစိုးရိမ်တယ်၊ တစ်ခုခုပွန်းပဲ့သွားမှာကို ကြောက်နေတာ. . တစ်နေ့မတွေ့ရရင် မနေနိုင်ဘူးကွာ. . အဲသလောက်ထိ ချစ်တာ၊ သူက ငါ့ရဲ့အချစ်စစ်ပဲ၊ ဒါကြောင့် မင်းနဲ့သူ့ကို မိတ်ဆက်ပေးမယ်. . တစ်နေ့နေ့ပေါ့ကွာ. . '

တူညီ ကျေနပ်စွာ ပြုံးနေသည်။

မိုက်ကယ့်ပခုံးကို ဖက်ပြီး

'ငါကျေနပ်တယ် မိုက်ကယ်၊ မင်းရင်ထဲက အချစ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မင်း အခုလို အတည်တကျဖြစ်သင့်နေတာ ကြာပြီ၊ မင်း မိတ်ဆက်ပေးမယ့်နေ့ကို ငါစောင့်နေမယ်၊ ဟုတ်ပြီလား'

သူတို့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဟက်ဟက်ပက်ပက်ရယ်မိသည်။ ကောင်းကင်ကြီးက အရောင်တွေဖျော့လာပြီ. . တောပန်းကလေးတွေ ဝေနေတဲ့ လာရာလမ်းအတိုင်း တူညီတို့နှစ်ယောက် ပြန်ခဲ့ကြသည်။ ငှက်ကလေးတွေလည်း အိပ်တန်းတက်ဖို့ ပြင်နေပုံရသည်။

ညနေစောင်းတော့ အအေးဓာတ်က ပိုလာ၏။ မိုက်ကယ်နှင့်လမ်းခွဲပြီး တူညီက သူ့ရဲ့ယာတောလေးဆီကို တစ်ယောက်တည်း ပြန်လာခဲ့သည်။ တကယ်ဆို သူလည်း မိုက်ကယ့်ကို ရင်ဖွင့်ဖို့ကောင်းသည်။ သူ့ရင်ထဲက အံချစ်ကို ဘာလို့များ ဖုံးကွယ်ထားချင်တာလဲ။

နွယ်ပင်ရယ်. . သတိရတယ်ကွာ. . ဒီလို နေဝင်ရီတရော အချိန်လေးမှာ မင်းလေး ဘာလုပ်နေမလဲ ကိုယ်သိချင်လိုက်တာကွာ၊ ဘုရားသခင်က မင်းနဲ့ကိုယ့်ကို နောက်တစ်ကြိမ်ထပ်ဆုံဖို့ ဖန်ဆင်းပေးမယ်လို့ ကိုယ်ယုံကြည်နေတယ်. . မင်းသိအောင် ကိုယ်ပြောပြချင်ပါတယ်. . . တကယ်တော့ ကိုယ့်ဘဝက အရမ်းအထီးကျန်ဆန်လွန်းလို့ ဘဝရဲ့ပျော်ရွှင်ခြင်းဆိုတာတွေ ပျောက်ဆုံးနေတာ ကြာပါပြီ. . မင်းမျက်နှာလေးကို မြင်လိုက်တဲ့အချိန်က စပြီး ကိုယ် တိတ်တ





ခိုး ပျော်ခဲ့ရတယ်. . ဘဝမှာ မျှော်လင့်ချက်တွေရှိလာခဲ့တယ်. . ဘဝမှာ နေသာထိုင်သာရှိလာတယ်ပေါ့။ ဒါတွေအားလုံးဟာ မင်းရဲ့ကျေးဇူးကြောင့်ပါ နွယ်ပင်။

တူညီက အတိတ်ကိုမေ့ထားသောသူ ဖြစ်သည်။ ကုန်လွန်ခဲ့သောနေ့ဟောင်းများသည် သူ့အတွက်တော့ ခြောက်သွေ့ပြီး ခါးသီးသည်။ တောက်ပနေသောနေ့ရက်တွေကို ရက်ရက်စက်စက်ဝါးမျိုခံခဲ့ရသည်။ အသက်နှင့်ကိုယ် မြဲနေသရွေ့ အဖေအမေကို တမ်းတရုံက လွဲလို့ တွေ့မြင်ခွင့်မရှိတော့ပါ။

မျက်လုံးထဲကမထွက်တဲ့ မြင်ကွင်းကို နှစ်ပေါင်းများစွာ ခါးစည်းခံရင်း အံကြိတ်ပြီး မျက်ရည်ကျရုံကလွဲလို့ မိဘရင်ခွင်ထဲကိုတိုးဝင်ခွင့်မရတဲ့ဘဝ။ အိပ်မက်ဆိုးကြီးတွေကို ညစဉ်ဆက်တိုက်မက်ပြီး တစ်ရေးနိုး လန့်လန့်ပြီး အော်ငိုလည်း လာပြီး နှစ်သိမ့်မယ့်သူမရှိခဲ့။ ချောက်ချားတုန်လှုပ်လွန်းလို့ ပြန်အိပ်လို့မရဘဲ တစ်ယောက်တည်း ငုတ်တုတ်ထိုင်ပြီး မိုးလင်းခဲ့ရတဲ့နေ့ရက်တွေ မရေတွက်နိုင်တော့ပါ။

အတိတ်ကို ကြောက်သည်။ ပြန်မသွားလိုပါ။ ဖြစ်နိုင်ရင်လုံးဝကို မေ့ပစ်လိုက်ချင်တာ. . ဘာမှကို မမှတ်မိချင်ပါ။

အဖေက ကျွန်တော့်ကို ပွေ့ချီပြီး လေထဲကို မြှောက်တင်လိုက်ရင် အသည်းအေးပြီး ပျော်ခဲ့ရတာတွေလည်း မေ့ချင်ဘည်။



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ခါနီးတိုင်း အမေက ကျွန်တော့်နဖူးလေးကိုနမ်းပြီး သူ့ရင်ခွင်ထဲမှာ သိပ်တတ်တာလည်း မေ့ချင်သည်။

အဖေနဲ့အမေ အခုဘယ်မှာလဲ. . အမှောင်ထဲမှာ အိပ်စက်နေတာ ကြာပြီနော်. . ကျွန်တော့်ဘဝကြီး ဖရိုဖရဲနဲ့လွင့်ကြွေနေတာ သိတယ် မဟုတ်လား၊ မြင်နေတယ် မဟုတ်လား။ ဒါပေမယ့်. . ဂရုစိုက်မနေပါနဲ့. . . အဖေနဲ့အမေ စိတ်ချမ်းသာအောင်သာ နေပါလို့ ကျွန်တော်ပြောချင်တာ. . .

ကျွန်တော်ကတော့ မေ့ထားတဲ့ကြားကပဲ အဖေနဲ့အမေကို နေ့တိုင်း လွမ်းနေပါတယ်။ ဒီဘဝမှာ ကျွန်တော်တို့ သုံးယောက်က ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးနော်. . . ပြန်ဆုံနိုးနဲ့ မျှော်လင့်ပြီး စောင့်နေတာ အနှစ်နှစ်ဆယ်ရှိနေပြီ။ အရှိကို အရှိအတိုင်း ရင်ဆိုင်နိုင်ဖို့ ကူညီပါဦး အဖေနဲ့အမေ. . . သားတစ်ယောက်တည်း ငြီးငွေ့ပြီး စိတ်ကုန်လာပြီ။

ကြယ်စင်တွေ လမ်းပြလည်း ခဏပဲ. . လေပြည်တွေ လမ်းပြခေါ်သွားလည်း ရှေ့ဆက်သွားဖို့ တွန့်ဆုတ်နေတဲ့ ကျွန်တော်ပါ။ မေ့လို့မရနိုင်တဲ့ အတိတ်ဟောင်းများက ခုချိန်ထိ ခြောက်လှန့်နေဆဲပါပဲ။

◆



## အခန်း (၄)

ကံကြမ္မာအပြောင်းအလဲတစ်ခု ကြမ်းတမ်းစွာ ဝင်မွှေမယ်ဆိုတာ ကြိုမသိတဲ့ ခုနစ်နှစ်အရွယ် ကလေးငယ်လေးဟာ ယာတောထဲမှာ အပူအပင်ကင်းစွာ ဆော့ကစားနေပါသည်။ ပျော်နေတော့ လူက ပေါ့ပါးနေသည်။

အဖေနဲ့အမေက ငါးရက်တစ်ဈေးမှာ တက်ရောင်းဖို့ အသီးအနှံတွေကို စနစ်တကျစည်းနေကြသည်။

အမေက သူ ဆော့နေတာကို ကျေနပ်စွာ ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားရေ တူညီ၊ ခဏနေရင် ထမင်းစားရအောင်နော်. . . ဆော့တာ နားတော့ သားရယ်'

လိပ်ပြာလေးတစ်ကောင်ကို အသည်းအသန်လိုက်ဖမ်းနေသော တူညီက

'သား လာခဲ့မယ် အမေ'

ဟုလှမ်းပြောပါသည်။ ဂေါ်ရခါးသီးတွေကို ထုပ်ပိုးနေသော အဖေက

'သားလေး အခုလို ကျန်းကျန်းမာမာနဲ့ ဆော့နေတာ မြင်ရရင် ငါ သိပ်ပျော်တာပဲကွာ'

လို့ပြောတော့ အမေက မျက်စောင်းတစ်ချက်ကို ချစ်စဖွယ်လှမ်းထိုးရင်း

'ကိုယ့်သားသမီးဆိုတော့ ချစ်ချင်တာပဲ သိတာ သဘာဝပဲလေ. . အပြစ်မှမမြင်ရက်တာ. . ကျွန်မကတော့ သားလေးအနားမှာ အမြဲချစ်နေခွင့်ရရင် ကျေနပ်ပါပြီ'

'ဟား. . ဟား. . မင်းက ငါ့ထက် ပိုကဲတယ်နော်'

တူညီက လိပ်ပြာလေး ဝင်သွားသော ရာဝင်အိုးကြီးထဲကို ကုတ်ကတ်တွယ်တက်ပြီး ရအောင် လိုက်ဝင်သည်။

ထိုအချိန်အထိ သူ့ဘဝကလေးက လှပနေသည်။ အပူ





ကြောင့်ကြ ကင်းနေသည်။ ယုံကြည်ချက်တွေ အပြည့်အဝ ရှိနေသည်။

'အား. . . .'

အသံနက်နက်ကြီးဖြင့် ချောက်ချားစဖွယ် အော်လိုက်သော အဖေ့အသံကြောင့် တူညီက ရာဝင်အိုးထဲမှ ခေါင်းပြူပြီး ကြည့်မိ၏။ မျက်နှာမှာ ခေါင်းစွပ် စွပ်ထားသော လူတစ်အုပ်. . သူတို့ထဲမှ တစ်ယောက်က အဖေ့ကို ချွန်ထက်နေသောဓားဖြင့် ဆက်ကာ ဆက်ကာ ထိုးနေသည်။ အမေ့ဆီမှ အာခေါင်ခြစ်ပြီး အော်လိုက်သော အသံက အကျယ်ကြီး. . .

'ကိုအိုက်မောင်း. . . '

တူညီ့ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ညဥ့်ငှက်တစ်အုပ် ဝဲကနဲ ထပ်ျကြသည်။ ကြောက်တယ် အမေ. . သားကြောက်တယ်၊ သားကို ကယ်ပါဦး. . ပါးစပ်မှအော်သံထွက်မသွားအောင် သူ့လက်ကလေးတွေက ပါးစပ်ကိုအသေပိတ်ထားသည်။ ကိုယ့်မျက်စိရှေ့မှာ အဖေ့ကို သေအောင် သတ်နေသော်လည်း ဘာမှ မစွမ်းဆောင်နိုင်သည့်ဘဝ။

သတ္တိရှိသောအမေက လူဆိုးလက်ထဲမှဓားကို အတင်းဝင်လုသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . ဒီကောင်မတော့ သေချင်နေပြီ. . ဟော့ကောင်တွေ သူ့ကိုပါ ရှင်းလိုက်စမ်း'

အသံ. . . ဒီအသံကို သူ ကောင်းကောင်းရင်းနှီးနေသည်။ ဇောကပ်နေသော အမေက သတိထားမိပုံ မရပါ။ အဖေကတော့ သွေးအိုင်ထဲမှာ လဲနေပြီ။ တူညီ့မျက်လုံးတွေ ဝေဝါးလာသည်။ မျက်ရည်တွေ တပေါက်ပေါက်ကျကာ အသံတိတ် ရှိုက်နေမိသည်။ ရင်ဘတ်အစုံက တလှပ်လှပ်ခါနေပြီး ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်။ ကြည့်နေရင်းမှာပဲ လူဆိုးတွေက အမေ့ကိုပါ ထပ်ပြီး ဓားနဲ့ ထိုးပါသည်။ တူညီ မအော်ရဲပါ။ ပါးစပ်ကို တင်းတင်းပိတ်ထားပြီး စဥ့်အိုးထဲမှာ ကိုယ်ကို ပုဝင်ပြီး ပုန်းနေရသည်။

အမေ့အသံ မကြားရတော့ဘူး။ အမေ သေပြီလား. . သေသွားပြီလား။ ဟင့်အင်း. . . အဖေလည်း မသေရဘူး။ အမေလည်း မသေရဘူး။ ခဏနေရင်. . သားတို့သုံးယောက် ထမင်းစားရဦးမယ်လေ။ မနက်ဖြန်ကျရင် ငါးရက်တစ်ဈေး သွားရောင်းကြဦးမယ်လေ။

လူဆိုးတွေကို ကြောက်စိတ်ဖြင့် သူ့တစ်ကိုယ်လုံး စဥ့်အိုးထဲမှာ နတ်ပူးသလို တုန်နေသည်။ ခြေသံတွေကို ကြားနေရသည်။ သူတို့ ဘာကိုလိုက်ရှာနေကြတာလဲ. . ငါ့ကိုလား. . ဒီတစ်ခါ ငါ့ကို သတ်မလို့ထင်တယ်. . ဘုရားသခင် ကယ်တော်မူပါ။ လရောင်က





လွဲလို့ သူ့ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေ၏။ တူညီ ကံကောင်းသွားတာတစ်ခုက သူပုန်းနေသော စဥ့်အိုးက မှောင်ရိပ်ကွယ်နေပါသည်။ ခြေသံတွေ တဖြည်းဖြည်း ဝေးကွာသွားသည်။

ပုန်းနေရာမှ ခေါင်းကလေးကို ပြူပြီး ချောင်းကြည့်မိသည်။ လူဆိုး ငါးယောက်စလုံးက မျက်နှာမှာ ခေါင်းစွပ်တွေ စွပ်ထားကြသည်။ သူတို့ထဲက ခေါင်းဆောင်လုပ်သူမှာ ခြေထောက်တစ်ဖက် ဆာနေပါသည်။ လမ်းလျှောက်လျှင် ထော့နင်း ထော့နင်း ဖြစ်နေသည်။ ထိုပုံစံကို တူညီ သိပ်ကို ရင်းနှီးနေပါသည်။ တူညီက ထိုသူ့ကိုသာ မမှိတ်မသုန်စိုက်ကြည့်နေမိသည်။

အဖေ့ရဲ့တူတစ်ဝမ်းကွဲ ထွန်းစိန်လည်း လမ်းလျှောက်လျှင် ဒီလိုပုံစံပဲ. . သူလား. . အဖေတို့ကို သူ သတ်သွားတာလား။ လမ်းလျှောက်ပုံတင်မဟုတ်ပါ။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ပေါက်ကလည်း ထွန်းစိန်နှင့်တူနေပြန်သည်။ နောက်တစ်ခုက စကားပြောသံ. . ခုနက သူရင်းနှီးနေသောအသံသည် ထွန်းစိန်ရဲ့အသံနှင့်ချွတ်စွပ်တူနေသည်။ တဖြည်းဖြည်းနှင့် သူမှတ်မိလာသည်။ လွန်ခဲ့တဲ့တစ်လကမှ သူနှင့်အဖေတို့ ယာခင်းကိစ္စကြောင့် အကြီးအကျယ်စကားများကြသည်။ အဲဒါကို ရန်ငြိုးဖွဲ့ပြီး လာသတ်သွားတာလား. . .

သူတို့နောက်ကို ပြေးလိုက်ပြီး မျက်နှာဖုံးတွေ ဆွဲချွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ချင်သည်။ တူညီက အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး ယူကြုံးမရစွာ ရှိုက်ငိုနေသည်။ ခဏလေးပဲ. . ဒီခဏလေးမှာ အဖေနဲ့အမေ ဘာဖြစ်လို့ ငြိမ်သက်သွားတာလဲ. . ခုနကတင် စကားတွေပြောနေတာ မဟုတ်လား။

တူညီက အရဲစွန့်ပြီး စဉ့်အိုးထဲမှထွက်လာသည်။ ထို့နောက် မိဘနှစ်ပါးဆီသို့ တစ်ဟုန်ထိုးပြေးသွားပါသည်။

'အဖေ. . . အမေ. .'

ခြောက်ကပ်စွာအော်လိုက်သော သူ့အသံကို ပတ်ဝန်းကျင်က ဘယ်သူမှမကြားကြဘူးလား၊ ဘယ်သူမှ လာမကယ်နိုင်ဘူးလား။

အမေ့ကို ပွေ့ဖက်ပြီး အမေ့ပါးလေးကို ကိုင်ကာ တစာစာ အော်ခေါ်နေမိသည်။ အမေက တုတ်တုတ်မျှ မလှုပ်။ သူ တုန်လှုပ်လာသည်။ အဖေ့ရင်ဘတ်ကြီးကို သူ့လက်သေးသေးလေးဖြင့် ပုတ်ပုတ်ပြီး ခေါ်မိသည်။ အဖေလည်း ပြန်မထူးနိုင်တော့ပါ။

'အဖေ. . အဖေ. . သားခေါ်နေတာ ကြားရင် ပြန်ထူးလေ၊ သားနဲ့ အတူတူ ထမင်းစားကြမယ်ဆို. . ဘာဖြစ်လို့အိပ်နေကြတာလဲ. . ထပါဦး အမေ. . သား ဗိုက်ဆာနေပြီလေ. . အမေ. .'

ထိတ်လန့်ခဲ့ရသောမြင်ကွင်းတွေကြောင့် နုံးချိနေသောခန္ဓာကိုယ်သည် သေဆုံးနေသော မိဘနှစ်ယောက်၏အနားမှာ ပျော့ခွေ





ကာ သတိလစ်သွားခဲ့ပါသည်။ သူ ဘယ်လောက်ကြာအောင် သတိလစ်နေသလဲ မသိပါ။

နောက်နေ့မနက်ကျမှ ဈေးသွားဖို့ ဝင်ခေါ်ကြသော ခြံနီးချင်းတွေ ရောက်လာကြပြီး သုံးလောင်းပြိုင် သေနေသလား ဆိုပြီး ကြောက်ရွံ့ကာ တုန်လှုပ်သွားကြသည်။

'တူညီကို သေချာစမ်းကြည့်စမ်း. . သူ့မှာ ဒဏ်ရာမတွေ့ရဘူး. . ကလေး အကြောက်လွန်ပြီး တစ်ခုခုဖြစ်သွားပြီထင်တယ်'

သူတို့ စမ်းကြည့်တော့ တူညီ အသက်ရှူနေသေးတာတွေ့သွားကြသည်။

အဲဒီတော့မှ အားတက်သွားပြီး ဝိုင်းပြုစုပေးကြသည်။

'ဟော. . ကလေး လှုပ်လာပြီဟေ့. . ဟိုအလောင်းတွေ ဖုံးထားလိုက်ဦး. . သူ့ကို မမြင်စေနဲ့တော့'

အားလုံး စိတ်မကောင်းဖြစ်နေကြသည်။ တူညီရဲ့မိဘတွေက နှစ်ဦးစလုံး သဘောကောင်း မနောကောင်း လူရိုးလူဖြောင့်များဖြစ်ကြသည်။ ဘာအပြစ်နဲ့များ ဒီလိုရက်ရက်စက်စက် သတ်သွားကြတာလဲ။

'ကလေး. . . သတိရလာပြီနော်'

မျက်လုံးလေးတွေ ပြူးကျယ်ပြီး တစ်ကိုယ်လုံး တုန်နေရှာ



www.burmeseclassic.com

www.burmeseclassic.com



သော တူညီသည် စကားပင် ပြန်မပြောနိုင်ပါ။ ကြောက်စိတ်ကသာ သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးနေပါသည်။

ရဲတွေ ရောက်လာပြီး ချော့မော့မေးတော့လည်း တူညီက ပြန်မဖြေနိုင်ဘဲ မျက်ရည်သာ တွင်တွင်ကျနေပါသည်။ ရဲအရာရှိတစ်ယောက်က

'ဒီကလေးကို အနားပေးမှရမယ်ဗျ. . သူ သိပ်ကြောက်နေရှာတယ်. . လောလောဆယ် သူ့ကို ဘယ်သူအုပ်ထိန်းပေးမလဲ'

အားလုံးက တညီတညွတ်တည်း အကြံပြုကြသည်။

'သူ့အဖေဘက်က အမျိုးတစ်ယောက်ရှိတယ်. . ထွန်းစိန်တဲ့. . သူ့ဆီ ပို့ပေးလိုက်ပါ့မယ်'

တစ်ချိန်လုံး ဘာစကားတစ်ခွန်းမှမပြောခဲ့သော ထပ်တူညီက အာခေါင်ခြစ်ကာ ကြုံးရုံးပြီး အော်ပါသည်။

'မနေဘူး... မနေဘူး. . သူနဲ့မနေဘူး. . သူ. . သူက လူသတ်သမား. . သူသတ်တာ. . ဟီး'

'သား. . သားလေး စိတ်အေးအေးထားစမ်း သား၊ ဦးဦးတို့ရှိတယ်လေ. . ဘာမှမကြောက်နဲ့နော်. . သားမြင်တဲ့အတိုင်း ပြောပြဟုတ်ပြီလား'

ချော့မော့ပြီး မေးတော့မှ အဖြေကို နီးနီးစပ်စပ်သိသွားပြီး





ရဲတွေက သူတို့လုပ်သင့်တာကို လုပ်သွားကြပါသည်။ ထွန်းစိန်ကို သူ ရှောင်တိမ်းနေသောနေရာမှာ ဖမ်းမိသွားသည်။ အဖေနဲ့ အမေအတွက် သူ တာဝန်ကျေပြီလား။ ဟင့်အင်း. . သူ့မှာ အပြစ်ရှိသလို ခံစားနေရသည်။ သူ့အရွယ် သူ့အင်အားနဲ့ မိဘတွေကို ကာကွယ်မပေးနိုင်တာကိုဘဲ စိတ်နာမိသည်။

ထိုအချိန်မှစ၍ တူညီဆိုသော ကလေးတစ်ယောက်သည် အေးစက်ကာ မာကျောသွားခဲ့သည်။ အထီးကျန်ဘဝထဲမှာ ခံစားချက်ကင်းမဲ့စွာ သူရှင်သန်လာခဲ့ရသည်။ ချစ်ခြင်းတွေကို ပေးဖို့ တွယ်တာစရာ မရှိသလို အမုန်းတွေကို မျှဝေခံစားပေးဖို့ သံယောဇဉ်လည်း မရှိတဲ့ လူတစ်ယောက်ပေါ့။

♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တကယ်ဆို မင်းဟာ ငါ့ဘဝရဲ့ အိပ်မက်လေးပါ။

မင်းကို စ,တွေ့ပြီးတော့မှ နှင်းကျတာကိုလည်း ခံစားတတ်လာတယ်. . . .

မြူနှင်းတွေကြားထဲမှာ အချစ် ပျောက်လို့ လိုက်ရှာရင်းနဲ့ လွမ်းနေရဆဲပါ ကောင်မလေးရယ်. . . ။

အရုပ်ကလေးတစ်ရုပ်လို လှတဲ့ မင်းကို တမ်းတနေရရင်ပဲ ကိုယ့်ဘဝက ပြည့်စုံနေပြီ. . ရွှေရောင်လိုလို အညိုရောင်လိုလို မင်းဆံနွယ်ခွေခွေလေးတွေကို ထပ်ပြီး မြင်ချင်တယ် နွယ်ပင်. . ကြာရင်





ငါ ရူးလိမ့်မယ်ကွာ. . မျက်ဝန်းနက်တွေထဲမှာ ကိုယ့်အတွက် အချစ်ရှိသလားလို့ ရှာချင်တယ်. . မင်း ခွင့်ပြုမှာလား. . . ဝန်ခံလိုက်ပါရစေ. . အလွမ်းတွေနဲ့ တစ်ယောက်တည်းပဲ ရှာဖွေနေရတာ ပြန်ဆုံဖို့ သေချာတယ်လို့ ယုံကြည်ချက်နဲ့ မင်းကို သေမလောက် ချစ်နေပြီ နွယ်ပင်. . . ။

အချိန်တိုတဲ့ ဒီဘဝလေးထဲမှာ မင်းအတွက် အမြဲ အဆင်သင့်ရှိချင်တာပဲ. သိတယ်။

ချစ်ပါတယ်ဆိုမှ ပစ်ခွာဖို့မှ မဟုတ်တာ။

ငါ ဘာလုပ်ရမှာလဲ. . . .

အလွမ်းပြေထုတ်ကြည့်ဖို့ ဓာတ်ပုံလေးတစ်ပုံတောင်မှ မရှိတဲ့ဘဝ. . ချိုရီယစ်မူးဖွယ်အိပ်မက်များစွာနဲ့ မွေ့ပျော်နေရတဲ့သူပါ နွယ်ပင်. .

နေ့ရက်ရဲ့ပထမဆုံးအချိန်မှာ မင်းကို လွမ်းတယ်. .

နောက်ဆုံးအချိန်တွေမှာလည်း မင်းကိုပဲ သတိရတယ် နွယ်ပင်. . . .

သေချာတယ်. . မင်းကို သိပ်ချစ်တယ်. . .

တစ်ကြိမ်တစ်ခါပဲ မြင်ဖူးပြီး အကြိမ်တစ်ရာမက လွမ်းနေရတဲ့အဖြစ်က ဘယ်သူ့ဒဏ်ခတ်ထားတာလဲ. . . .



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ရင်ခုန်သံတွေ ပျောက်ရှမှာစိုးလို့ မင်းပေးတဲ့ ဝေဒနာတွေကို ကျေကျေနပ်နပ်ကြီး ခံယူဖို့ အသင့်ပါ နွယ်ပင်. . .

နွယ်ပင်က တူညီ၏နေ့ရက်တွေကို အပြည့်အဝစိုးမိုးထားနိုင်ခဲ့သည်။ အချိန်တွေ ကြာလာလေ. . တွယ်တာတာတွေ ပိုလာလေပင်။ မကြာခင် ပြန်ဆုံပါရစေလို့ ဆုတောင်းရုံအပြင် သူဘာမှမတတ်နိုင်ပါ။ တိတ်တိတ်လေး ကြိတ်မှိတ်ပြီး လွမ်းနေရတာက ဝဋ်တစ်ခုပါပဲ။

* * *





ခရစ္စမတ် နီးလာပြန်ပြီ။

ပန်းကလေးတွေကို ချစ်တတ်တဲ့ ကျွန်မအတွက် မိုက်က တစ်နေ့တစ်မျိုး ပို့ပေးနေတဲ့ပန်းတွေက အဆင်စုံ၊ အရောင်စုံနဲ့ လှလိုက်တာလေ. . ချစ်သူပေးတဲ့ အမှတ်တရလေးတွေကို တယုတယကြည့်ပြီး လွမ်းနေရတဲ့ ဖီလင်က ဒီဇင်ဘာညတွေမှာ ပိုဆိုးလာသလိုပဲ။

ကျွန်မလေ ပြတင်းပေါက်ကနေ လှမ်းကြည့်ရင်း မြင်နေရတာက အဖြူရောင် မြူနှင်းလေးတွေပေါ့. . မိုက် သိလား. . ကျွန်မ သတိရနေတာလေ. . မိုက်က လေညင်းလေးဆိုရင် ကျွန်မက လေညင်းရဲ့အထိအတွေ့ကို ခံယူနိုင်တဲ့ ပန်းကလေးဖြစ်ချင်တာ. . ကျွန်မ ရင်မှာဖြစ်တည်နေတဲ့ချစ်ခြင်းတွေကို ရှင့်အတွက် သီးသန့်ဖယ်ထားပေးတာပါ။

ကျွန်မတို့တွေ့ဆုံမှုလေးက ဆန်းကြယ်တယ်နော် မိုက်။

ရှင်က ကျွန်မအတွက်တော့ စင်တာခရော့ကြီးက ပေးတဲ့ လက်ဆောင်ပါပဲ မိုက်. . မနှစ်က ခရစ္စမတ်မှာ ကျွန်မတို့တွေ့ကြတာလေ. . .

ရှင့်ပုံစံလေးကို ခုချိန်ထိ စွဲနေတုန်းပဲ မိုက်ရယ်. .

ခရင်မ်ရောင် ဆွယ်တာလေးက ရှင့်မျက်နှာကို ပိုပြီး ထင်း



www.burmeseclassic.com

www.burmeseclassic.com



သွားစေတာပေါ့။ အရပ်မြင့်ပြီး စတိုင်လ်က မိုက်တော့ ရှင့်ကို ကောင်မလေးတွေ စိတ်ဝင်စားတာ သိပ်မဆန်းပေမယ့် ကျွန်မအတွက်တော့ သိပ်မမိုက်ဘူးပေါ့။ ကြားရတဲ့သတင်းတွေက မကောင်းပေမယ့် ရှင့်ကို ကျွန်မ အပြစ်မမြင်ရက်ဘူးလေ. . ကြားစကားလို့ပဲ သဘောထားခဲ့တာ

ယူကလစ်ပင်ကြီးကို မှီပြီး သူမကို မမှိတ်မသုန် စူးစူးစိုက်စိုက်ကြည့်နေခဲ့သော ပုံရိပ်လေးကို ပြန်မြင်ယောင်လာသည်။

ယောက်ျားပီသပြီး ညှို့ငင်တတ်တဲ့ သူ့မျက်လုံးတွေကြောင့် တမ်းတမ်းစွဲဖြစ်ပြီး အရူးအမူးချစ်တတ်ခဲ့တယ်ဆိုတာ ဝန်ခံပါတယ်။ မလွန်ဆန်နိုင်တဲ့အချစ်တွေကြောင့်ပဲ သူ့အပေါ်မှာခွင့်လွှတ်နားလည်လာတာ ဖြစ်မှာပါ။ သူညို့လိုက်တိုင်း အချစ်ဝိညာဉ်တွေကို ယူငင်ဆွဲဆောင်သွားသလိုပဲ ပြာရီမှိုင်းဆိုတဲ့ကျွန်မ အသက်နဲ့ခန္ဓာမြဲနေသရွေ့ ရှင့်ကိုချစ်နေမယ်ဆိုတာ ကျိန်တွယ်ပြီးပြောရဲပါတယ် မိုက်ရယ်. .

'ပြာရီလေး. . မအိပ်သေးဘူးလား သမီး'

'မာမာ. . ပြာရီ snow လေးတွေကိုကြည့်နေတာ. . ခရစ္စမတ်ရောက်တော့မယ်နော်. . ဒီတစ်ခါ ပြာရီ့ sock ထဲကို မာမာ ဘာထည့်ပေးမှာလဲဟင်. . မနှစ်ကလို သကြားလုံးပဲ ဆိုရင်. . ပြာရီ စိတ်ဆိုးမှာနော်'





ပြာရီက မာမာလို့ ချစ်စနိုးနဲ့ အဖျားဆွတ်ပြီးခေါ်တဲ့ သူမ အထိန်းတော်ကြီးက ဟက်ဟက်ပက်ပက်ရယ်သည်။

'ဒီနှစ် မာမာက ပြာရီလေးအတွက် သိပ်လှတဲ့ ဝတ်စုံလေး ပေးမလို့. . ဒီမှာတွေ့လား. . စမ်းဝတ်ကြည့်ပါဦး သမီးရဲ့'

မာမာ့လက်ထဲမှာ ဖြန့်ပြလိုက်တဲ့ဝတ်စုံလေးက မိုးပြာရောင် ဘာဘီဝတ်စုံလေးတစ်စုံ ဖြစ်သည်။

ဘာဘီရုပ်ကလေးနှင့်တူသောသူမအတွက် စက်ချုပ်ကျွမ်းကျင်သော မာမာက စေ့စေ့တနာပါပါဖြင့် ချုပ်ပေးထားမှန်း သိသာလှသည်။

လက်ဖောင်းဖောင်းကလေးက အဖျားမှာ ကားသွားသည်။ လက်မှာ အစပါးပါးလေး သုံးထားပြီး ရင်ဘတ်မှာ ဇာတွန့်လေးတွေ တောင်မှ ပါသေးသည်။

အောက်ဘက်ကိုကားသွားသော ဂါဝန်လေးမှာ ဖဲကြိုးလေးတွေနဲ့ အလှဆင်ထားတာ ဘယ်လိုလှမှန်းမသိ. . .

ပြာရီက အမြတ်တနိုးကိုင်ကြည့်ပြီး

'လှလိုက်တာ မာမာရယ်. . လှလိုက်တာ၊ ဒါ ပြာရီ့အတွက် ပေါ့နော် ဟုတ်လား'

'ဒါပေါ့ သမီးရဲ့ ဝတ်ကြည့်လေ သမီး'



www.burmeseclassic.com

www.burmeseclassic.com



ပြာရီမှိုင်းက အခွဲ့ပိုစွာ မာမာ့ပါးကို ဘယ်ပြန်ညာပြန်နမ်းရင်း

'အဲဒါကြောင့် မာမာ့ကိုချစ်ရတာ. . အဟင်း'

'မာမာ့ကိုချစ်တယ် ဆိုတော့ မိုက်ကယ့်ကို မချစ်တော့ဘူးပေါ့ ဒီလိုလား သမီး'

မာမာက ချစ်စနိုးလေး လှမ်းစ,သောအခါ ပြာရီက ချက်ချင်းပင် ဖြေရှင်းချက်ထုတ်လေသည်။

'မာမာနော်. . ပြာရီ့မိုက်လေး မပါဘူးလေ. . သူက ချွင်းချက်လေ မာမာ'

ဘာဘီဝတ်စုံအပြာလေးကို ဝတ်ကြည့်ပြီး မှန်ရှေ့မှာ ရပ်လိုက်သောအခါ မာမာက ရင်သပ်ရှုမောစွာဖြင့်

'ကြည့်စမ်း. . မာမာ့သမီးလေးက တကယ့် Angel (နတ်သမီး)လေးပဲ. . သမီးဒယ်ဒီ မြင်ရင် ကျေနပ်ပြီး ဂုဏ်ယူဦးမှာ. . သူ့သမီးလေး ဘယ်လောက်လှတယ်ဆိုတာ စာဖွဲ့ဦးမှာ'

'ဒယ်ဒီက ဒီကနေ့ကျမှ ဘာဖြစ်လို့ စောစောအိပ်သွားမှန်းမသိဘူး'

ပြာရီက သူမရဲ့ခါးကျင်ကျင်လေးကို ငုံ့စောင်းကြည့်ရင်းဆိုသည်။





'ပြာရီလေးကို မာမာ ပြောပြဦးမယ်. . သမီးဒယ်ဒီက သမီးကို ချစ်လွန်းလို့ မိုက်ကယ့်ဘက်က လာတောင်းတာကို လက်ခံလိုက်ရပေမယ့် သူစိတ်မကောင်းဖြစ်နေတာ မာမာသိတယ်၊ သမီးကို သူခွဲရတော့မယ်ဆိုတော့ ကြိတ်ပြီး ခံစားနေတာပေါ့'

ပြာရီ့မျက်နှာလေး ချက်ချင်းငယ်သွားသည်။ အသံကလေးတုန်တုန်ဖြင့်

'ဒါ. . ဒါဆို ပြာရီ ဘာလုပ်ရမလဲ မာမာ၊ ဒယ်ဒီ့ကို ပြာရီလည်း ချစ်ပါတယ်. . ပြာရီ့မှာ မာမီ ဆုံးပြီးကတည်းက ဒယ်ဒီ့ကိုပဲ ပုံပြီးချစ်နေရတာ'

မာမာက ပြာရီ့ဆံပင်လေးတွေကို တယုတယပွတ်သပ်ပေးသည်။

'မာမာ သိပ်သိတာပေါ့ သမီးဒယ်ဒီ့ကိုတောင် မာမာ ပြောဖြစ်သေးတယ်. . . ပြာရီလေးက ဆရာ့ကို ဘယ်တော့မှ ပစ်သွားမှာ မဟုတ်ဘူးလို့'

'ကျေးဇူးတင်ပါတယ် မာမာ'

'ကဲ. . အိပ်တော့ သမီး. . Good Night နော်. . မနက်ဖြန် မိုက်ကယ်လာရင် အလှဆုံးဖြစ်ဖို့အတွက် အိပ်ရေးဝမှဖြစ်မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



မာမာ နှုတ်ဆက်ပြီးထွက်သွားချိန်အထိ ပြာရီ့မှာ တွေးစရာတွေက မကုန်သေးပါ။ ပြာရီငယ်ငယ်လေးကတည်းက မာမီဆုံးသွားခဲ့သည်။ ပြာရီ့အတွက် ဒယ်ဒီက မာမာ့ကိုခေါ်ပေးခဲ့သည်။ အနှောင်အဖွဲ့ကင်းသော မာမာက ပြာရီ့ကို သံယောဇဉ်တွယ်ကာ နေရပ်ကို မပြန်တော့ဘဲ ပြာရီ့အနားမှာသာ ဆက်နေခဲ့လေသည်။

ပြာရီ့ဒယ်ဒီက ပန်းချီဆရာပေါ့။ မာမီမရှိတော့တဲ့ သူ့ဘဝမှာ စုတ်တံတွေ၊ ဆေးခွက်တွေ၊ ကင်းဗတ်စတွေက အဖော်ဖြစ်လာခဲ့သည်။ ဒယ်ဒီ့ကို ကြည့်လိုက်ရင် အမြဲအေးချမ်းနေတာပဲ. . . ဆယ်တန်းအောင်ပြီးတော့ ပြာရီက ဒယ်ဒီ့ကိုမခွဲနိုင်သဖြင့် အဝေးသင်ဖြင့်သာ ဘွဲ့ယူခဲ့သည်။

ဒယ်ဒီရယ်. . . မာမာရယ်က ပြာရီ့ဘဝအတွက် အတွယ်တာရဆုံးတွေပါ. . အခုကျတော့ ဘဝတစ်ခုလုံး ပုံပေးပြီး ချစ်ရတော့မယ့်သူတစ်ယောက် တိုးလာပါပြီ။ ပြာရီရဲ့မင်းသားလေး မိုက်ပေါ့. . သူက နည်းနည်းတော့ ကဲတယ်။ သဲသဲလှုပ်ချစ်တတ်တယ်. . ဘာပဲဖြစ်ဖြစ် ပြာရီက သူနဲ့ဆို ခရီးကြမ်းလည်း လျှောက်ရဲတာပဲ. . သူ့ကို အဲသလောက်ထိ ကိုးကွယ်တာ. . ချစ်တာ. . ။

◆



# အခန်း (၆)

'morning အန်ကယ်'

ခြံထဲမှာ သတင်းစာ ထိုင်ဖတ်နေသော ဦးဆက်နောင်က မျက်မှန်ကိုကျော်ပြီး မိုက်ကယ့်ကိုကြည့်သည်။

'မိုက်ကယ် ရောက်လာပြီကိုး'

'အန်ကယ် လမ်းလျှောက်ရာက ပြန်လာတာ မဟုတ်လား၊ ဒီမှာ ကျွန်တော် အန်ကယ်နဲ့ပြာရီ စားဖို့ ရှမ်းခေါက်ဆွဲနဲ့တို့ဟူးကြော်တွေ ဝယ်လာတယ်. . စားလိုက်ပါဦး'

လက်ထဲမှာ အထုပ်တွေ တစ်ပုံတစ်ပင်နှင့် သမက်လောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး ဦးဆက်နောင် ကျေနပ်သွားသည်။ ဘာပဲပြောပြော အခုလို သိတတ်ဖော်ရတာကိုက မဆိုးဘူးမဟုတ်လား။

'သမီး နိုးနေပြီ မိုက်ကယ်. . . ကော်ဖီဖျော်နေတယ်နဲ့တူတယ်၊ ဒီလောက်အများကြီး အန်ကယ်တို့ ဘယ်ကုန်မလဲကွယ့်. . . မင်းပါ တစ်ခါတည်းဝင်စားလိုက်လေ. . လာ. .'

မိုက်ကယ်ပဲလေ. . အတူတူဝင်စားချင်လို့ကို တမင်ပိုပိုသာသာကြီး ဝယ်လာရတာ မဟုတ်လား။ အိပ်ရာက နိုးထလာတဲ့ ပြာရီ့ မျက်နှာရှင်းရှင်းလေးကို နေ့တိုင်းလာပြီးကြည့်ရတာက အမော. . . တူညီသိရင် ဟားတိုက်ဦးမှာ သေချာသည်။ ဘာကြောင်တာလဲဟု အမေးခံရဦးမည်။ အချစ်နဲ့ နဖူးတွေ့ဒူးတွေ့ တွေ့တဲ့အခါမှာ အိပ်ရေးပျက်လည်း ပျက်ပစေပေါ့. . မမှုတော့ပါဘူး။

ပြာရီ့ဆံနွယ်ခွေခွေလေးတွေက အသည်းယားစရာကောင်းပါသည်။ မျက်တောင်ကော့ကော့လေးတွေနဲ့ ကောင်မလေးက ကျွန်တော့်ဇနီးလောင်းလေးတဲ့. . . ပန်းရောင်သန်းနေတဲ့ နှုတ်ခမ်းဖူးဖူးလေးတွေကို ဤကဲ့သို့ ဤကဲ့သို့ လုပ်ပစ်လိုက်ချင်သည်။ သူ့အဖေရှိနေလို့ စိတ်ကို ထိန်းထားရတာ. . အဟုတ်ပြောတာ. . ကျွန်တော့် babyလေးက ဘယ်လိုချစ်စရာကောင်းမှန်းကို မသိတာဗျ။

ပန်းရောင်မှာ အနီရဲရဲအပွင့်ကလေးတွေ ပါတဲ့ တီရှပ်လက်





ရှည်လေးနဲ့ ဘောင်းဘီပန်းရောင်အရှည်လေးကို တွဲပြီး ဝတ်ထားတဲ့ ပြာရီ့ body လေးက ဆွဲပြီး မွှေ့ပစ်ချင်စရာကောင်းနေသည်။

'မိုက်ကယ် ထိုင်လေ. . .'

'ဟုတ်ကဲ့'

ဝင်လာကတည်းက အထက်၊ အောက် မီးကုန် ယမ်းကုန် ကြည့်နေသော ချစ်သူကို ပြာရီက နှာခေါင်းလေးရှုံ့ပြမိသည်။ ကော်ဖီခွက်တွေကို နေရာချပြီး ပြာရီက မိုက်ကယ့်နံဘေးမှာ ဝင်ထိုင်လိုက်သည်။

မာမာက ရှမ်းခေါက်ဆွဲထည့်ထားသောပန်းကန်တွေ လာချပေးသည်။

ဦးဆက်နောင်က တူဖြင့် ရှမ်းခေါက်ဆွဲတွေမွှေရင်း မိုက်ကယ့်ကို

'မိုက်ကယ်. . မင်းတို့ဘက်က မင်္ဂလာကိစ္စကို ဘယ်တော့လောက် စီစဉ်ချင်တာလဲ'

'မြန်လေ ကောင်းလေပါပဲ အန်ကယ်'

မဆိုင်းမတွပြန်ဖြေသော မိုက်ကယ့်အသံဆုံးတော့ ပြာရီက

'မိုက်. . .'

ဟု အလန့်တကြားခေါ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး. . သူ့စိတ်ထဲရှိတာ ပြောပါစေ ဒယ်ဒီက ပွင့်ပွင့်လင်းလင်းပဲ ကြိုက်တာ'

'ဟုတ်တယ် ပြာရီ. . လူကြီးမေးနေတာ လိမ်ညာပြောမိမှ အပြစ်ပိုကြီးတာ. . ကျွန်တော်တို့နေဖို့ ဆောက်ထားတဲ့ အိမ်ကလေးလည်း အပြီးသတ်နေပြီ. . ချစ်စရာလေးဗျ၊ အန်ကယ်တို့ လိုက်ကြည့်ပြီး လိုအပ်တာလေးတွေ အကြံပေးပါဦး. . . ပြာရီ့အကြိုက်တွေပဲ ကျွန်တော်လုပ်ထားတာ အန်ကယ်'

ဒယ်ဒီ ဘယ်လောက်တောင် ကျေနပ်သွားလည်း မသိပါ။ မျက်နှာကြီးက ဝင်းပနေလိုက်တာ. . .

'တစ်ခုပဲ အန်ကယ်တောင်းဆိုချင်တယ်. . အန်ကယ့်သမီးလေးကို စိတ်ချမ်းချမ်းသာသာထားပြီး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းရင် ကျေနပ်ပါပြီ မိုက်ကယ်'

မိုက်ကယ်က ပြာရီ့မျက်နှာလေးကို အဓိပ္ပာယ်ရှိစွာ တစ်ချက်ကြည့်သည်။

'တစ်ဘဝလုံးအတွက် စိတ်ချပါ အန်ကယ်. . ကတိအကြိမ်ကြိမ်ပေးပါတယ်'

မာမာလည်း ဘေးမှာ ရပ်နားထောင်နေပြီး ကျေနပ်နေသည်။





ဒယ်ဒီက ဟိုအကြောင်းဒီအကြောင်း နည်းနည်းပါးပါးပြောပြီး စားသောက်တာကို လက်စသတ်လိုက်သည်။

'အန်ကယ် ဒီနေ့ outdoor ထွက်ဆွဲမလို့၊ မင်းတို့ စကားပြောနှင့်ဦး'

မာမာက ဒယ်ဒီ စားထားသောပန်းကန်နှင့် ကော်ဖီခွက်တို့ကို သိမ်းပြီး ဝင်သွားသည်။

မိုက်ကယ်က ရုတ်တရက် ပြာရီ့ပါးကလေးကို နမ်းလိုက်သည်။ အလစ်မှာ အငိုက်မိသွားသော ပြာရီ့မျက်နှာလေးက ချယ်ရီပန်းအရောင်ဖြစ်သွားသည်။

'မိုက်. . . ပြာရီ ငိုလိုက်မှာနော်'

မိုက်က ရွှန်းရွှန်းစားစားကြည့်ပြီး ရယ်ပါသည်။

'စိတ်မထိန်းနိုင်အောင် ဘာလို့လှနေတာလဲ ပြာရီ'

'အဲလိုကြီး စိုက်မကြည့်နဲ့လေ. . ပြာရီ ရှက်တာပေါ့'

ကြည့်. . ကျွန်တော့်အသည်းကလေးက အဲသလောက်ထိ အရိုင်းဆန်တာ. . . နောက်မှ သူ့ကို သင်ပေးရဦးမယ်. . သင်ခန်းစာတွေ အများကြီးရှိသေးတယ်. .

'မိုက်. . ဘာလို့ လူကိုကြည့်နေတာလဲ'

'ဟောဗျာ. . ကြည့်ချင်လွန်းလို့ကို အိပ်ရေးပျက်ခံပြီး လာရ



www.burmeseclassic.com

www.burmeseclassic.com



တာ. . . ကြည့်မှာပဲ. . . လာမတားနဲ့ ဖြစ်နိုင်ရင် ကျွန်တော့်ချစ်ချစ်လေး ဘယ်လောက်ချစ်စရာကောင်းသလဲဆိုတာ ဂျာနယ်ထဲ ထည့်ပြီး ကြွားချင်နေတာ ရှင်းပြီလား'

ပြာရီက ချစ်စဖွယ် မျက်စောင်းလေးထိုးပြီး

'အဲဒီ အပြောလေးတွေနဲ့ပဲ ကောင်မလေးတွေကို ချူပြနေတာ မဟုတ်လား'

'ဟိုးအရင်က. . . အီစီကလီတွေကို စကားထဲ ထည့်မပြောကြေးကွာ၊ ကိုယ့်မှာ ဘာဇယားမှ မရှိတော့တာ ပြာရီ ယုံပေးပါကွာ please'

'သွားပါ. . အခုမှ'

သွားပါ ဆိုမှ မိုက်ကယ်က လက်မှနာရီကို ကြည့်မိသည်။ သေပြီ ဆရာ. . .

'ဘာဖြစ်လို့လဲ မိုက်. . ချိန်းထားတာ ရှိလို့လား'

'ဟုတ်တယ်. . ကိုယ့်သူငယ်ချင်း ယာတော်ထဲက ကောင်း ဘွိုင်နဲ့ချိန်းထားလို့၊ သူက ဖိုးတိကျလေ. . ခုချိန်လောက်ဆို ကိုယ့်ကို ကျိန်ဆဲနေလောက်ပြီ'

'ဒါဆိုလည်း သွားတော့လေ. . နက်ဖြန် လာခဲ့နော်၊ ပြာရီ မျှော်နေမယ်'





မိုက်က လူအလစ်ကို ချောင်းပြီး ပြာရီ့နှုတ်ခမ်းကလေးကို ဤကဲ့သို့ လုပ်ပစ်လိုက်သည်။

'အို. . '

'sorry ပြာရီ. . ကိုယ်သွားပြီ bye bye'

ရှက်လို့ ခေါင်းလေးငုံ့ထားတဲ့ ပြာရီ့နား,နား ကပ်ကာ ပြောသွားသေးသည်။ စိတ်မထိန်းနိုင်လို့တဲ့. . ပြာရီ့ခေါင်းလေး ပိုပြီး ငုံ့သွားပါသည်။ မိုက် ပြန်သွားမှ အိပ်ခန်းထဲ ဝင်ပြီး မှန်ရှေ့မှာ ထိုင်မိသည်။ သေချာတာက ပြာရီ့နှုတ်ခမ်းလေးတွေ နွေးနေပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တူညီက မိုက်ကယ်ဆောက်ထားသော တစ်ထပ်တိုက်လေးကိုကြည့်ပြီး ကြည်ကြည်နူးနူးလေးဖြစ်လာသည်။ ရင်ထဲက နှလုံးသားတစ်ခုကို အလောင်းအစားလုပ်နေသော သူ့သူငယ်ချင်း ခုလို အချစ်စစ်ကိုတွေ့ပြီး ဘဝတစ်ခု ထူထောင်တော့မယ်ဆိုတော့ အတိုင်းမသိသူ ကျေနပ်ပါသည်။

မိုက်ကယ်အကူအညီတောင်းလို့ ပျိုးပင်လေးတွေ ယူလာပြီး ခြံထဲမှာ စိုက်ပေးနေမိသည်။ အချစ်ရေးမှာ အမြဲမီးစိမ်းပြနေသော မိုက်ကယ်က မီးနီမှာရပ်နေတဲ့ သူ့ကို ကျော်တက်သွားပြီဖြစ်သည်။





သူက မိုက်ကယ့်လို သတ္တိမှမကောင်းတာ. . လူမသိ သူမသိနဲ့ တိတ်တိတ်ပုန်းချစ်နေရုံနဲ့ ကျေနပ်နေတာ မဟုတ်လား။

'တူညီ. . နည်းနည်းနောက်ကျသွားတယ်ကွာ sorry'

'မင်း ဘယ်က ပြန်လာတာလဲ မိုက်ကယ်. . စောစောစီးစီး လန်းနေလို့ မေးတာ'

မိုက်ကယ်က တူညီနံဘေးမှာ ဆောင့်ကြောင့်ထိုင်ချပြီး

'ထူးဆန်းနေလို့လား. . ငါ့ baby လေးကို သွားအခစားဝင်တာလေ၊ တစ်နေ့တာအတွက် အတိုးချပြီး ဝအောင်သွားကြည့်တာ'

'မှန်းစမ်း. . ငါ့သူငယ်ချင်းမှဟုတ်ရဲ့လားလို့ ကြည့်ရအောင်'

တူညီက မိုက်ကယ့်မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်ပြီး စ,သည်။

'ဘာလဲ. . မင်း ယောက်ဖမတော်လိုက်ရလို့ နှမြောနေတာ မဟုတ်လား'

'မင်း တော်တော်ပြောင်းလဲသွားတာပဲ မိုက်ကယ်. . အချစ်က လူတစ်ယောက်ကို လုံးလုံးကြီးပြောင်းလဲစေနိုင်တယ်နော်'

'ဒါပေါ့ကွ. . ငါ့နှလုံးသားက မင်းလို အအေးပတ်နေတာမှ မဟုတ်တာ'

'ငါ့ပျိုးပင်တွေ အကုန်ပြန်ယူသွားလိုက်ရမလား ပြော. . '



www.burmeseclassic.com

www.burmeseclassic.com



'အဲသလိုတော့ မခြိမ်းခြောက်ပါနဲ့ ဆရာရယ်. . . ငါ့ပြာရီလေးက ပန်းချစ်သူလေးကွ. . အဲဒါ ငါမကျွမ်းလို့ မင်းကို အကူအညီတောင်းရတာ သိသားနဲ့ ဟဲ. . ဟဲ. . '

မိုက်ကယ်က သပ်သပ်ရပ်ရပ်၊ သားသားနားနား ဝတ်ဆင်ပြီး စီးပွားရှာတော်သလောက် တူညီ့လို စိုက်ပျိုးရေးကို ဝါသနာမပါလှပါ။ မိုက်ကယ့်မိဘတွေက ချမ်းသာတော့ သားဖြစ်သူကို အရင်းအနှီးထုတ်ပေးသည်။ ဉာဏ်ပြေးသောမိုက်ကယ်က Hotel တစ်ခုကို ချက်ချင်းအကောင်အထည်ဖော်ပစ်လိုက်သည်။ အချိန်တိုတိုအတွင်းမှာပဲ သူ့ရဲ့ 'Green Channel Hotel' က အောင်မြင်လာသည်။ ဧည့်ပြတ်သည်ဟူ၍ မရှိ။ အမြဲစည်ကားနေပါသည်။

ဘဝပေးအခြေအနေကိုက ကောင်းလွန်းနေသည်။ မိုက်ကယ့်ဘဝနှင့်ယှဉ်ရင် ကိုယ့်ဘဝကိုယ် အားငယ်ရသည်။ နိမ့်ကျသလို ခံစားရသည်။ ဒါပေမယ့် သူ့ဘဝ သူ့အကြောင်း၊ ကိုယ့်ဘဝ ကိုယ့်အကြောင်းပဲ မဟုတ်လား။ တန်းညှိလို့မှမရတာ။ 'Life is struggle' တဲ့။ ရုန်းကန်ရတဲ့ဘဝကမှ အဓိပ္ပာယ်ရှိတာ. ...

'မိုက်ကယ်. . မင်းကောင်မလေးက ပန်းကြိုက်တယ်ဆို. . နည်းနည်းပါးပါး ကျွမ်းကျင်အောင် လုပ်ထားလေကွာ. . ငါလုပ်တာ ကြည့်ထား. . ဘာမှလဲ ခက်တာမဟုတ်ဘဲနဲ့'





သူ ဒီလိုပြောတော့ မိုက်ကယ်က လက်ကာပြသည်။

'အဲဒါတစ်ခုတော့ ငါ တကယ်အဖြစ်မရှိလို့ပါကွာ. . . ငါ လက်ထပ်ပြီးရင်လည်း မင်းပဲ လာ,လာစိုက်ပေးပေါ့. . နော. . ဖြစ်တယ် မဟုတ်လား သူငယ်ချင်း. . သဘောမနောကောင်းလေး. . ဟဲ. . ဟဲ. . ငါတွေးကြည့်ရင် ပြေးကြည့်တာထက် မှန်ရမယ် တူညီ၊ မင်းမိန်းမချောချောလေးနဲ့ရမှာကွ. . '

တူညီက ဘာမှအဆက်အစပ်မရှိဘဲ မိုက်ကယ့်စကားကြားပြီး နွယ်ပင့်မျက်နှာလေးကို ဖျတ်ခနဲမြင်ယောင်လာသည်။

'တူညီ မင်းပြီးရင် ငါဆိုင်အသစ်တွေ့ထားတာ ရှိတယ်. . ထမင်းသွားစားရအောင်နော်'

'အေး. . အေး. . ငါ လက်စသတ်လိုက်ဦးမယ်. . . ပြီးရင် ရေတော့ ပေးချိုးကွာ. . ငါ့တစ်ကိုယ်လုံး ပေတူးနေပြီကွ'

'OK လေ. . ငါ အိမ်ထဲက စောင့်နေမယ်'

လမ်းလျှောက်လျှင်လည်း ကြည့်ကောင်းကာ စမတ်ကျလှသော မိုက်ကယ့်နောက်ကျောကိုကြည့်ပြီး အလိုလိုအားကျလာသည်။ မိုက်ကယ်ပြောသလို နွယ်ပင်လေးနဲ့နီးစပ်ဖို့ ဘယ်လောက်စောင့်ရဦးမှာလဲ. . ရင်မောရပါသည်။

စားသောက်ဆိုင်ကလေးက တောင်ကုန်းပေါ်မှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



view ကောင်းသည်. . . မိုက်ကယ်နှင့် တူညီက. . ဘယ်နေရာမှာမှ အကြိုက်ချင်း မတူပါ။ အခုလည်း ကြည့်လေ. . . နှစ်ယောက်သား ဘီယာသောက်နေကြသည်။ မိုက်ကယ်က Tiger Beer သောက်ပြီး၊ တူညီက Myanmar Beer သောက်သည်။ အသားစုံ Barbe-cue တစ်ပွဲ၊ သီဟိုဠ်စေ့ကြော်၊ ငါးမုန့်ကြော် အမြည်းအစုံအလင်ဖြင့် မိုက်ကယ်က သူ့ကောင်မလေးအကြောင်းကို အစုံအလင်ကြော်ငြာ ဝင်ပါသည်။

'တကယ့်ကို အရိုင်းလေးကွာ. . ဘာလေးမှန်းကို မသိတာ၊ ပါးလေးနမ်းတော့လည်း ရှက်. . ထိုင်ကြည့်တော့လည်း ရှက်တယ်တဲ့၊ သူ့ကိုတွေ့ရင် ငါ့စိတ် ငါမနိုင်ဘူးကွ၊ အရမ်းအသည်းယားတာ'

တူညီ နားတွေ အူလာပြီ. . . ဟိုကောင်ကတော့ ပြောလို့ကောင်းတုန်း။

'မိုက်ကယ် တော်ပြီကွာ. . မင်းကောင်မလေးကို မင်းဟာမင်း ခံစားလေ. . ငါ့လာပြောလို့ ငါဘာလုပ်ရမှာလဲ'

'ငါ့မှာ မင်းတစ်ယောက်ပဲ ပြောစရာရှိတာလေကွာ. . ပြောချင်လွန်းလို့ကို ဘီယာတိုက်ထားရတာ. . နည်းနည်းပါးပါး သီးခံပြီး ထောင်ပေးပါ တူညီတေရဲ့'

'ခွေးကောင်. . ငါ့ကို ဘီယာတိုက်ပြီး တန်အောင် နှိပ်စက်





နေတယ်. . မင်းရဲ့ဘက်ချလာနိုက်ကျရင် ငါ့အလှည့်ပဲ မှတ်ထား. . ကောင်းကောင်းနှိပ်ကွပ်ပြမယ်. . တစ်ခါတည်း မှောက်သွားမှ ဤကဲ့သို့တောင် မလုပ်လိုက်ရဘဲ နေဦးမယ်'

'ကြည့်စမ်း. . ယုတ်မာမယ့် အတွေးတွေ ခုကတည်းက ပိုးစိုးပက်စက်တွေးထားတယ် ဟုတ်လား၊ တစ်သက်လုံး မိန်းမ မပြောနဲ့ ယင်မ,တောင် မသန်းပါစေနဲ့ဗျာ. .'

'ပြောစေဗျား. . ကြိုက်သလို ပြော. . Don't care ပဲ. . . ဟဲ. . ဟဲ. .'

မိုက်ကယ်က တူညီ့ကို မနိုင်လျှင် လုပ်နေကျပုံစံ အသံတိတ်ဖြင့် လှမ်းပြီးဆဲပါသည်။ ဒါကိုပဲ တူညီက ကျေနပ်ကာ တဟားဟား အော်ရယ်ပါသည်။ သူတို့နှစ်ယောက်ရဲ့သင်္ကေတက ဒါပဲလေ။ တစ်ယောက်ကို တစ်ယောက် အနိုင်မခံ အရှုံးမပေး တွယ်မည်။ ပြီးရင် ရယ်မည်။

သူတို့နှစ်ယောက်ရဲ့ဘဝက ပျော်စရာအတိဖြင့် ပြီးလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကလေးဘဝကတည်းက ကစားတတ်မြဖြစ်သည့် ဒီမိုးတိမ်အောက်က ကွင်းပြင်လေးကို သူချစ်သည်။ အချစ်နဲ့အမုန်း ကြားက နေ့များ၊ ညများကို ပြောင်းလဲခြင်းမဲ့သော အထီးကျန်ခြင်းဖြင့်သာ ကျော်ဖြတ်နေရသည်။

ရက်စက်ခြင်းများရောက်ရှိလာတော့လည်း နားမလည်ဘဲ လက်ခံခဲ့ရသည်။ အသက်နှင့်ဘဝတွေ စတေးခဲ့ပေမယ့် ကမ္ဘာကြီးက ပိုပြီး လှမလာပါဘူး။ အဲဒီအတွက်တော့ နာကြည်းသည်။ စိတ်နာသည်။





နေညိုချိန်ရောက်တိုင်း ရီဝေစွာကြည့်ပြီး လေဟာနယ်ထဲကို သူ့စိတ်တွေ လွင့်သွားမြဲ. . အတိတ်က အဖြစ်တွေ. . အိပ်မက်ဆိုးတွေက သူ့ကိုနှိပ်စက်မြဲ။ တွဲလက်လေးတွေ ဖြုတ်ခဲ့ရသည့် ရက်စက်မှုကြီးကို နာကျင်စွာမေ့လိုက်ချင်သည်။ ဒါပေမယ့် သူ ဟန်ဆောင်တတ်ပါသည်။ ရင်ထဲမှာ ဘယ်လောက်ပဲ နာကျင်နေပါစေ. . မျက်နှာပေါ်မှာ ထင်ဟပ်တတ်သူ မဟုတ်ပါ။

လူတစ်ယောက်ကို ပြုံးကာ နှုတ်ဆက်နေပေမယ့် သူ့ရင်ထဲမှာ ငိုနေတာ ဘယ်သူသိလို့လဲ. . . ဒီလိုပဲ ရှင်သန်နေထိုင်လာတာ အနှစ်နှစ်ဆယ်ရှိပြီပဲ. . .

အေးအေးဆေးဆေးနဲ့ နွေးနွေးထွေးထွေးဖြစ်တဲ့အချိန်ဆိုလို့ နွယ်ပင်လေးအကြောင်း တွေးမိတဲ့အချိန်တွေပဲပေါ့. . ကောင်မလေးကိုချစ်တယ်လို့ ရင်ထဲမှာ ပဲ့တင်ထပ်ကာ အော်နေမိသည်။ ထပ်ပြီး တွေ့ချင်တာကလည်း အရေးပေါ်အခြေအနေ ဖြစ်နေခဲ့သည်။ တွေ့ခွင့်မပေးတဲ့ ကံကြမ္မာက ကျီစယ်နေတာလား၊ ရက်စက်နေတာလား. . ဘာပဲဖြစ်ဖြစ် သူ့စိတ်ကို နှစ်သိမ့်မှုပေးနိုင်တာဆိုလို့ ကောင်မလေးတစ်ယောက်ပဲ ရှိတာပါ။ သူ့ကို မျှော်လင့်ရင်း ရှင်သန်နေရတာက ဝဋ်တစ်ခုလေလား။ ဝဋ်ဆိုလည်း ကျေနပ်စွာပင် ခံယူချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ ကံကြမ္မာက နောက်ထပ်တစ်ကြိမ် မျက်နှာသာပေးလာလေသလား။ နွယ်ပင်လေးကို ဒုတိယအကြိမ်ပြန်တွေ့ရသောအခါ တစ်သက်လုံးကျိန်ဆဲလာခဲ့သော ကံတရားကို အတိုင်းမသိ ကျေးဇူးတင်မိပါသည်။

နွယ်ပင်လေးကို နီးနီးကပ်ကပ်တွေ့နေရသည်။ ယူကလစ်ပင်အောက်မှာထိုင်နေသော တူညီက ဘုရားကျောင်းထဲမှထွက်လာသော ကောင်မလေးတစ်ယောက်ကို ဘာရယ် မဟုတ်ဘဲ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိစဉ် စက္ကန့်ပိုင်းလေး အတွင်းမှာပဲ သူ့ရင်တွေတလှပ်လှပ်ဖြစ်လာခဲ့သည်။

ပထမတစ်ကြိမ် တွေ့စဉ်ကလည်း ခုလိုပဲ စက္ကန့်ပိုင်းလေးပါပဲ. . . ဒါပေမယ့် ရင်ထဲကို တန်းရောက်လာတာပဲလေ. . ခရင်မ်ရောင်အတွင်းက အင်္ကျီလေးအပေါ်မှာ သားမွေးရောင်လောင်းကုတ်ရှည်ကြီးကိုဝတ်ပြီး အညိုရောင်ဦးထုပ်လှလှလေး ဆောင်းထားတဲ့ ကောင်မလေးဟာ နွယ်ပင်မှ နွယ်ပင် အစစ်။ သူမမျက်နှာလေးကို တရှိုက်မက်မက် ငေးမောရင်း လေပြည် တိုးသံကိုလည်း သတိမရတော့ဘူး။ တောင်ပံခတ်သံလေးတွေကိုလည်း မသဲကွဲတော့ဘူး။

သူ့အာရုံတွေက နွယ်ပင်ကလေးအပေါ်မှာပဲ အပြည့်အဝရောက်နေတော့တာ။ သူမမျက်နှာဖူးဖူးကလေးက ကြည့်လေ ချစ်





စရာကောင်းလေပင်။ တိမ်တိုက်ဖြူဖြူလေးတွေရဲ့အောက်မှာ. . ဟိုးအဝေးမှာ ပျပျလေး မြင်နေရတဲ့ မြူခိုးတွေနဲ့ ရှမ်းရိုးမတောင်တန်းကြီးတွေရဲ့အလှပန်းချီကားချပ်ကလေးထဲမှာ နွယ်ပင်လေးပါမှ ပိုပြီးပြည့်စုံသွားသလို ခံစားရသည်။

အပြစ်ကင်းစင်တဲ့ မျက်လုံးလှလှလေးတွေက ပကတိဖြူစင်နေသည်။ နွယ်ပင်က သူမ ရပ်ထားခဲ့သောစက်ဘီးလေးပေါ်ကို လှမ်းတက်သွားချိန်မှာ ခွဲခွာရတော့မည် ဆိုသည့်အသိကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး သူ့ခန္ဓာသည် ထိုင်နေရာမှ ရုတ်တရက်ထရပ်ပြီးသားဖြစ်နေသည်။

စက်ဘီးနင်းပြီးထွက်သွားသော သူမ၏နောက်ကျောလေးကိုကြည့်ပြီး နောက်တစ်ကြိမ်ပြန်မတွေ့ရမှာကို စိုးရိမ်လာသည်။လှမ်းပြီး တားလိုက်ချင်ပေမယ့် သူ့နှုတ်တွေက ဆွံ့အနေသည်။ ဘာအသံမှထွက်မလာဘဲ ခြေလှမ်းတွေက သူမစက်ဘီးနောက်ကို အပြေးတစ်ပိုင်းလိုက်နေမိတာ မထူးဆန်းဘူးလား။

မသိစိတ်ရဲ့လှုံ့ဆော်မှုကြောင့် သူ့မျက်လုံးတွေက ပန်းပွင့်ပုံရင်ထိုးလေးတစ်ခုကို တွေ့သွားသည်။ စက်ဘီးပေါ် လှမ်းအတက်မှာ နွယ်ပင်လေးဆီက ကျကျန်ခဲ့တဲ့ပစ္စည်းလေး. . သူမ ကိုယ်စားအမှတ်တရလေးတစ်ခုကို ချန်ခဲ့လေသလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့. . ကံကြမ္မာကို မလွဲမသွေ ကျေးဇူးတင်ရပါသည်။

ရင်ထိုးလေးကို ယုယစွာနမ်းရှိုက်ရင်း သူ ကျန်နေခဲ့ရသည်။ ကျန်ရစ်ခဲ့ပေမယ့် သူကျေနပ်ပါသည်။ နွယ်ပင်လေးကို ယုယုယယနှင့် အမြတ်တနိုးထားပြီး နင့်သည်းစွာချစ်သည်။ ချစ်နေရလျှင် သူ့အတွက် လုံလောက်နေပါပြီ။ တစ်စုံတစ်ယောက်က လာပြီး ဆွဲထုတ်မသွားလျှင် တော်ပြီ။

ဒါဆို သူ့အချစ်က ဘယ်လိုအချစ်မျိုးလဲ. . အတ္တတွေနဲ့ဖွဲ့တည်နေတာလား။ သမုဒယတွေနဲ့ရစ်ချည်ထားတာလား။ နွယ်ပင်လေးကို သူချစ်တာက အနှိုင်းမဲ့ပါသည်။ အားလုံးနှင့် ယှဉ်ရဲပါသည်။ သေချာနေတာ တစ်ခုက သူမနှင့် မနီးစပ်သေးလျှင်တောင်မှ မစွန့်လွှတ်နိုင်ခြင်းပင်။

ဘုရားကျောင်းအရှေ့က လမ်းကလေးပေါ်မှာ. . သူ တစ်ယောက်တည်း အိမ်ပြန်လာခဲ့သည်။ အိမ်ဆိုတာထက် သူချစ်တဲ့ယာခင်းလေးဆီကို ပြန်တာလို့ပြောရင် ပိုပြီး မှန်ပါလိမ့်မည်။

အပြာရောင်ကောင်းကင်မှာ အဖြူရောင်တိမ်တိုက်တွေနဲ့ အစိမ်းရောင်ယာခင်းလေးထဲမှာ ချစ်စရာအိမ်ကလေးတစ်လုံးနဲ့. . . သူ့ရဲ့အတွေးတွေထဲမှာ သူ့ရင်ဘတ်ထဲမှာ အချိန်မရွေးရှိနေတဲ့ သိပ်





လှတဲ့ကောင်မလေးတစ်ယောက်. . . လောကကြီးက လှနေလိုက်တာ. . ပြီးပြည့်စုံပြီး နွေးနွေးထွေးထွေးရှိနေလိုက်တာ။ သူ့ဘဝကြီးက ဟိုးအရင်ကလို အေးစက်ပြီး ခြောက်ကပ်မနေတော့ဘူးပေါ့. . အထီးကျန်မဆန်တော့ဘူးပေါ့. . တစ်သက်လုံး ဒီအတိုင်းလေးပဲ ရှိနေခွင့်လေးပေးပါဗျာ. . ခရီးရှည်ကြီးကို တစ်ယောက်တည်းလျှောက်လာရတာ မောလှပါပြီ။ နွေးထွေးပြီး လုံခြုံတဲ့ ရင်ခွင်လေးတစ်ခုမှာ အမှန်တကယ် နားခိုချင်လှသည်။ အဲဒီနေ့လေး ဘယ်တော့ရောက်လာမှာလဲ. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရင်ထဲက စကားလေးတစ်ခွန်းကို
မူယာမာယာတွေ မပါဘဲ
ရိုးရိုးသားသားနဲ့ ပြောပြချင်တယ်. .
ကျွန်မလေ. . . မိုက်ကို. .
အတွက်အချက်တွေ မပါတဲ့
အချစ်တစ်ခုအတွက်နဲ့
လက်ထပ်မှာပါ. .
ထိန်းသိမ်းလာတဲ့
ကျွန်မရဲ့အပျိုစင်ဘဝလေး
မိုက်လက်ထဲကို
ကျေကျေနပ်နပ်နဲ့ထည့်ပေးဖို့
ကျွန်မ အဆင်သင့်ဖြစ်နေပါပြီ. . .

(ပြာရီမိုင်း)



မိုက်ကယ်က သူ၏မင်္ဂလာပွဲကို 'Green Channel Hotel' တွင် အခမ်းနားဆုံးကျင်းပနိုင်ရန် စီစဉ်နေသည်။ မိုက်ကယ် ချော ဆွဲထားလို့ တူညီမှာ ယာခင်းကို ပစ်ပြီး သူ့ Hotel မှာပဲ ညအိပ်ပြီး နေနေရသည်။ ခုချိန်ထိတော့ မိုက်ကယ့်သတို့သမီးကို သူ မမြင်ဖူး သေးပါ။

မိုက်ကယ် ညွှန်းသလိုဆိုရင် သူ့ကောင်မလေးဟာ တော်တော်ကြီးကို လှမည့်ပုံရသည်။ အကြင်နာစစ်နဲ့ချစ်တယ်ဆိုတာ သေချာနေတော့ မိုက်ကယ့်ကောင်မလေးအတွက်ဝမ်းသာရပါသည်။ သူ့ကောင်မလေးက ကျွန်တော့်ရဲ့နှယ်ပင်လေးလောက် လှပါ့မလား. . အပြတ်အသတ်ကွာမှာ သေချာသည်။ မိုက်ကယ် မကျေနပ်ဘူးဆိုရင် ကျွန်တော်က အယူခံဝင်ဖို့ အသင့်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်လေးရဲ့ရင်ထိုးလေးကို ကြည့်ပြီး မေ့မရလို့ အချိန်ပြည့်လွမ်းနေသူက ကျွန်တော်မှပါ။ မိုးကောင်းကင် အမြဲရှိနေသလိုပဲ ကျွန်တော့်ရဲ့အချစ်တွေလည်း အဆုံးမရှိပါဘူး။ အတိုင်းအဆမရှိတဲ့ ချစ်ခြင်းတွေနဲ့ တိတ်တိတ်လေး ကြိတ်မှိတ်လွမ်းနေတာ နွယ်ပင်သိလို့လား။ သိစေချင်ပါသည်။

ဒီနေ့ မိုက်ကယ့်ကောင်မလေး လာမည်တဲ့. . Hotel က ဝန်ထမ်းတွေက သတင်းကြားတာနှင့်တင် တက်ကြွနေကြသည်။ သူတို့ရဲ့သခင်မအသစ်စက်စက်လေးက မင်းသမီးတွေလိုပဲ လှတာဆိုပြီး မြင်ဖူးချင်နေကြတာလေ. . .။

တူညီက Hotel ရဲ့ ဧည့်ခန်းထဲမှာ ထိုင်ပြီး ဂျာနယ် တစ်စောင်ကိုဖတ်နေခဲ့သည်။ ကားဟွန်းသံ သုံးချက်မြည်ပြီးနောက် မိုက်ကယ်ရဲ့ကားလေး Hotel ရဲ့ဆင်ဝင်အောက်မှာ ထိုးရပ်လာသည်။

ဝန်ထမ်းကောင်လေးတွေရော ကောင်မလေးတွေပါ တန်းစီပြီး ထွက်ကြိုကြသည်။ တူညီက တည်ငြိမ်စွာပင် လှမ်းပြီး အကဲခတ်နေသည်။ မိုက်ကယ်က ကားပေါ်မှဆင်းလာပြီးနောက် ကားရှေ့မှပတ်သွားပြီး သူ့ကောင်မလေးကို တံခါးဖွင့်ပေးကာ ဆင်းစေသည်။ အဲဒီငတိရဲ့မျက်နှာမှာ. . ကြည်နူးခြင်းတွေနဲ့ နူးညံ့သိမ်မွေ့မှုတွေက အတိုင်းသား ပေါ်လွင်နေသည်။ ဒီအပြုံးတွေနဲ့ ဒီမျက်နှာမျိုးကို မိုက်





ကယ်နှင့် အကြာကြီးပေါင်းလာပေမယ့် သူ တစ်ခါမှ မတွေ့ခဲ့ဖူးပါ။ အံ့သြဖို့ ကောင်းပါသည်။ အချစ်က လူတစ်ယောက်ကို ဒီလောက်တောင် ပြောင်းလဲစေနိုင်လို့လား။

ကားပေါ်မှဆင်းလာသော ကောင်မလေးက လှလှပပကြွကြွရွရွကလေး လှမ်းလာပါသည်။ ဆံနွယ်ရှည်ရှည်ကောက်ကောက်ကလေးတွေနဲ့အတူ လှပသက်ဝင်လွန်းသော မျက်နှာလေးက မိုက်ကယ် စွဲမယ်ဆို စွဲချင်စရာပါပဲ. . လမ်းလျှောက်ပုံက နိုင်ငံခြားက model တွေလိုပဲ စမတ်ကျသည်။ ဆွဲဆောင်မှုရှိသည်။

တူညီက ငေးကောင်းကောင်းနှင့် ငေးနေပါသည်။ သူမက မိုက်ကယ့်လက်ကိုတွဲပြီး Hotel ထဲသို့ ဝင်လာပါသည်။

မိုက်ကယ်က ဘယ်လောက် ကဲသလဲဆိုရင်. . သူ့ကောင်မလေးကို လမ်းလျှောက်နေရင်း ပျောက်သွားမှာစိုးလို့ ထင်သည်. . . မကြာခဏ ငုံ့ငုံ့ပြီး ကြည့်နေရတာအမော. . ဟုတ်တယ်. . . အဲဒီကောင်ကို မနာလိုဖြစ်ချင်လာပြီ. . ကောင်းစားနေလိုက်တာဗျာ။

သူတို့စုံတွဲ အနားရောက်လာတော့ သူ့စိတ်တွေ လှုပ်ရှားလာသည်။ ရှက်သလိုလို တုန်ချင်သလိုလိုနှင့် ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာ၏။ မိုက်ကယ်က ကြင်နာမြတ်နိုးမှုတွေပြည့်နေတဲ့ အကြည့်တွေနဲ့ ကောင်မလေးကိုပြုံးကြည့်ပြီး တူညီနှင့်မိတ်ဆက်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြာလေး. . ဒါက ကိုယ်အယုံကြည်ရဆုံးနဲ့ အချစ်ဆုံး သူငယ်ချင်း ထပ်တူညီ. . တဲ့'

ပြာရီမှိုင်းက နှစ်လိုစွာပြုံးပြီး သူမလက်ကလေးတစ်ဖက်ကို လှမ်းပေးပါသည်။

'မိုက်ကို ခင်သလို ကျွန်မကိုလည်း ခင်နိုင်ပါတယ် ကိုထပ်တူညီ'

အရှက်အကြောက်ကြီးသောတူညီက သူမကို လက်ဆွဲနှုတ်ဆက်ချိန်တွင် စကားသံက ထွက်မလာဘဲ ခေါင်းကြီးကို ငုံ့ထားမိသည်။

သူမမှာ ထူးခြားချက်တွေ အများကြီးရှိနိုင်သည်။

သူ အကဲခတ်မိသလောက်တော့ သူမရဲ့အပြုံး. .။ အဲဒီအပြုံးလေးကို မိုက်ကယ် က ဦးထိပ်ပန်ပြီး ရွက်ဆင်ထားမှာ မလွဲပါ။

ဒီကမ္ဘာပေါ်မှာ မိုက်ကယ်ဟာ ကံအကောင်းဆုံး လူတစ်ယောက်ဆိုတာ သူ အကြွင်းမဲ့ထောက်ခံပါသည်။ သူ့လောက် ပြည့်စုံတဲ့သူ နောက်တစ်ယောက်ရှိနိုင်မည် မဟုတ်ပါ။

ဒီကောင်မလေးကို ပိုင်ဆိုင်ခွင့်ရမည့် မိုက်ကယ်သည် လူ့ဘဝရဲ့အနှစ်သာရကို အပြည့်အဝခံစားခွင့်ရသည့် လောကရဲ့အခွင့်ထူးခံလူတစ်ယောက် အမှန်ဖြစ်ပေသည်။





'ကိုယ့်သူငယ်ချင်းက အရိုင်းလေးကွ၊ အရမ်းရှက်တတ်တာ ကိုယ်တို့နှစ်ယောက်ပေါင်းပြီး သူ့ကိုသင်ပေးရဦးမယ် ဟား. . ဟား'

မိုက်ကယ်က ပြာရီ့ပခုံးလေးကို သိုင်းဖက်ပြီး ခေါ်သွားချိန်တွင် ဝန်ထမ်းကောင်လေးတွေ၊ ကောင်မလေးတွေဆီမှ အားကျသံများ၊ ချီးကျူးသံများက အလျှံပယ်ထွက်လာပါသည်။

'လှလိုက်တာဟယ်. . အရုပ်ကလေးကျနေတာပဲ'

'ငါတို့ Boss ကံကောင်းချက်ကတော့ကွာ. . ကောင်းကင်က နတ်သမီးတောင် သူ့လောက်လှမှာ မဟုတ်ဘူး. . တောက်. . နေရာချင်း လဲလိုက်ချင်တာ'

'ဟေ့ကောင်. . သူ့ကံနဲ့သူလာတာကွာနော်၊ ဘာမှ ဂျေဝင်မနေနဲ့'

တူညီရဲ့ခြေလှမ်းတွေက ယာ့တောဆီသို့ဦးတည်နေသည်။ မိုက်ကယ့်ကို နှုတ်ဆက်ချင်ပေမယ့် နှုတ်မဆက်မိတော့ပါ။

လူတွေ ရှုပ်ယှက်ခတ်နေလျှင် သူ မနေတတ်ပါ။ သူ့ရဲ့ယာတောလေးကသာ အေးချမ်းပါသည်။ တိတ်တိတ်ဆိတ်ဆိတ်လည်းရှိသည်။ လူတွေနဲ့အဝေးဆုံးမှာသာ နေချင်သော သူ့ရဲ့စိတ်သည် normal မှဟုတ်သေးရဲ့လား. . .

လူမှန်ရင် ပတ်ဝန်းကျင်ရှိရသည်။ အသိုင်းအဝိုင်းရှိရသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ. . ဒါပေမယ့် သူကတော့ ထိုစကားတွေနှင့်ဆန့်ကျင်ဖက်မှာသာ ရပ်နေမိသည်။ လူတွေနဲ့အဝေးဆုံးမှာ ဘယ်လောက်ပဲနေနေ သူဟာ လူတွေရှိတဲ့ လူ့ဘဝထဲမှာ ရပ်တည်နေထိုင်ရတာပဲ မဟုတ်လား. . ဒါဖြင့် သူ ဘာများမှားနေလို့လဲ. . လူတွေနဲ့နေရတာ ငြီးငွေ့ပြီး စိတ်ကုန်တာပဲ သိသည်။

မိုက်ကယ့်ကို ခင်ပေမယ့် ခုကျတော့လည်း သူ့ဘဝနဲ့သူ ဖြစ်သွားပြီပဲ. . .

ဘယ်တော့မဆို. . ဘယ်အချိန်မဆို. . ထပ်တူညီဟာ တစ်ယောက်တည်းပဲ။

သူချစ်တဲ့သူဟာလည်း နွယ်ပင်တစ်ယောက်တည်းပဲ။ အခုလည်း ချစ်တယ်. . နောင်လည်း ချစ်ဦးမယ်. . သူသေတဲ့အထိ နွယ်ပင်ဆိုတဲ့ ကောင်မလေးကိုချစ်သွားမယ်ဆိုတာ မြူခိုးတွေနဲ့ မှိုင်းပျပျလေးမြင်နေရတဲ့ တောင်တန်းကြီးတွေကို တိုင်တည်ရဲပါသည်။

တူညီက ချယ်ရီပန်းတွေ ဝေနေအောင်ပွင့်နေတဲ့ ချယ်ရီပင်ကြီးတစ်ပင်အောက်မှာရပ်ပြီး ဟိုးအဝေးက တောင်တန်းကြီးတွေကို မျက်နှာမူကာ. .

'နွယ်ပင်ရေ. . မင်းကို ကိုယ်သိပ်လွမ်းတယ်'

ဟု အကျယ်ကြီး အော်သည်။





ထိုနောက် သူသည် စိတ်မထိန်းနိုင်ဘဲ ကြေကွဲစွာ ရှိုက်ပြီး ငိုပါသည်။

သူဘာကို ဝမ်းနည်းနေတာလဲ. . ဘယ်လို ခံစားနေရသလဲ ဆိုတာ မေးမယ့်သူမရှိသလို ကိုယ်ချင်းစာပြီး သနားမယ့်သူ ဆိုတာလည်း သူ့ဘဝမှာ ရှိမှမရှိဘဲ...။

♦

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မိတ်ကပ်ဆရာ လက်စွမ်းပြထားလို့ မြင်သူတိုင်း ရင်သပ်ရှု မောဖြစ်ရသည့် ပြာရီမှိုင်း. . . လှတယ်ဆိုတာထက်ကို ပိုတဲ့ စကားလုံးလေးတွေ သူမအတွက် ထပ်ပြီး ထွင်ရမလိုဖြစ်နေသည်။

မာမာက သူ့ရဲ့အသည်းကျော်လေးကို တစိမ့်စိမ့်ကြည့်ပြီး

'လှလိုက်တာ ကလေးရယ်. . တကယ့် Angel လေး ကျနေတာပဲ၊ မိုက်ကယ့်လက်ထဲ ထည့်ရမှာတောင် နှမြောလာပြီ'

မိတ်ကပ်ဆရာမာမီကြီးက မာမာ့ကို ဟားပါတော့သည်။

'အို. . အဲလိုလုပ်လို့ ဘယ်ဖြစ်မလဲ. . ရှင့်ကို သတို့သားက လာသတ်မှာပေါ့'





ပြာရီက သဘောကျကာ အသံလေးတွေထွက်အောင် ရယ်ပါသည်။ တံခါးဖွင့်သံကြားပြီးနောက် ဦးဆက်နောင်က သမီးကိုလာခေါ်သည်။

'သမီးလေး အဆင်သင့်ဖြစ်ရင် သွားရအောင်. . မိုက်ကယ် လွှတ်လိုက်တဲ့ ကားရောက်နေပြီ. . ဘုရားကျောင်းမှာ ဧည့်သည်တွေ ရောက်နေလောက်ရောပေါ့'

မိတ်ကပ်ဆရာက ပြာရီ့လက်ထဲကို လှပသော လက်ကိုင်ပန်းစည်းလေး ထည့်ပေးလိုက်သောအခါ အရာအားလုံးပြည့်စုံသွားပါသည်။

'Oh...My God...ဒယ်ဒီ့သမီးလေးက ဒီကမ္ဘာပေါ်မှာ အလှဆုံးသတို့သမီးလေးပဲ'

ပြာရီ့ခေါင်းလေးက အရှက်သည်းစွာငုံ့သွားပါသည်။ ဒယ်ဒီ့လက်ကိုတွဲပြီး လိုက်လာရပေမယ့် သူမ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ခြံဝ ရောက်တော့ မိုက်ကယ် အကြိုလွှတ်လိုက်သည့် ခဲပုပ်ရောင် ကားတစ်စီးနှင့် သပ်ရပ်သားနားစွာဝတ်စားထားသော လူတစ်ယောက်ကိုတွေ့ရသည်။

ပြာရီထင်ပါသည်။ မိုက့်ပြီးလျှင် ဒီလူဟာ ကြည့်အကောင်းဆုံးသူဖြစ်ပါလိမ့်မည်။ အဖြူရောင်မှာ အစင်းလေးတွေပါသော ရှပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်ကိုဂုတ်ထားပြီး အပြင်မှကုတ်အင်္ကျီအမည်းကို ထပ်ပြီးဝတ်ထားသည်။ အနက်ရောင် စတိုင်လ်ဘောင်းဘီနှင့် ရှူးဖိနပ် စီးထားသောသူ့ကို ပြာရီ ကောင်းစွာမှတ်မိပါသည်။

မိုက် မိတ်ဆက်ပေးဖူးသည့် သူ့သူငယ်ချင်း ကိုထပ်တူညီပဲ. . . ဟိုတစ်ခါတွေ့တုန်းကနှင့် ကွာသွားတာဆိုလို့ ဆံပင်ပုံစံပဲရှိသည်။ ဖွာဖွာစင်းစင်းကလေးကျနေသည့် ဆံပင်ရှည်ရှည်လေးတွေကို သေသေသပ်သပ်ကလေး ဖြီးသင်ထားတော့ တစ်မျိုး ကြည့်လို့ကောင်းနေသည်။

သူကလည်း ပြာရီ့ကို မမြင်ဖူးတာလား. . အံ့သြတာလား ဝေခွဲမရသည့်အကြည့်မှိုင်းမှိုင်းကလေးဖြင့် ငေးကြည့်နေလေသည်။ ဒါကိုပဲ ပြာရီက ဂုဏ်ယူမိလေသည်။ သူမ လှလို့သာ မြင်သူတကာက ငေးနေရတာ မဟုတ်လား။

တူညီက ပြာရီမှိုင်းအတွက် ကားတံခါးကိုဖွင့်ပေးကာ တက်စေသည်။ ပြာရီက ခေါင်းကိုငုံ့ကာ ကားထဲသို့လှမ်းဝင်ပြီးနောက်

'Thank you ကိုထပ်တူညီ'

ဟု လိုက်လှဲချိုသာစွာ ပြောမိသည်။ သူက ခေါင်းတစ်ချက်ဆတ်ပြရင်း အသိအမှတ်ပြုသည်။ တော်တော်နှုတ်နည်းတဲ့သူပဲ ဟု ပြာရီ မှတ်ချက်ချမိသည်။





ထိုနောက် ကားလေးက ညင်သာစွာ ထွက်ခွာလာပါသည်။ ကားရှေ့ခန်းမှာ ထိုင်နေသော ဒယ်ဒီက ပြာရီ့ကို ဆုံးမစကားတွေ ပြောလာပါသည်။

'သမီးလေး. . မိုက်ကယ်က အပြစ်လုပ်မိတယ်ဆိုရင်လည်း အမြဲခွင့်လွှတ်နိုင်ရမယ်နော်. . တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာချစ်ပြီး အိမ်ထောင်တစ်ခုကို ထူထောင်ကြတယ်၊ ကွဲဖို့ လွယ်ပေမယ့် မြဲဖို့က ခက်တယ် သမီး. . ဘယ်တော့မှစိတ်လိုက်မာန်ပါ မလုပ်နဲ့'

'သမီး ဒယ်ဒီ့စကားကို အမြဲနားထောင်ပါ့မယ်'

တူညီက မျက်နှာကို တစ်ဖက်သို့လှည့်၍ ပြုံးမိ၏။ သမက်လုပ်တဲ့သူ အပြစ်လုပ်ရင် ခွင့်လွှတ်ခိုင်းတဲ့ ယောက္ခထီးနဲ့ အဖေစကားနားထောင်မည့် သမီးအလိမ္မာလေး. . မိုက်ကယ်သာ သိလို့ကတော့ အရင်ကအတိုင်း မီးကုန်ယမ်းကုန် မကဲဘူးလို့ မဆိုနိုင်။

ဒီကောင်မလေး တော်တော် အ,သေးတာပဲ. . မိုက်ကယ်က colour တွေ အကုန်ခြယ်တတ်နေသည့်သူ. . . ဘယ်ကောင်မလေးက ဘာအထာဆိုတာ ဒီကောင် နောကျေပြီးသား. . သူယူမယ့် ပြာရီမှိုင်းဆိုတဲ့ကောင်မလေးကတော့ တကယ့်ကို plane သက်သက် ပြောရမယ်ဆိုရင်တော့ white colour လေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် သူက ကောင်မလေးကို သနားနေမိသည်။

နောက်ကြည့်မှန်ထဲကိုစိုက်ကြည့်လိုက်တော့ ကောင်မလေးက အပြင်က ရှုခင်းတွေကို ငေးနေတာ တွေ့ရသည်။ လှလိုက်တဲ့ ကောင်မလေး. . မိုက်ကယ် ကျမယ်ဆိုလည်း ကျလောက်သားပဲ. .

တူညီက တောင်ကုန်းပေါ်ရှိ ဘုရားကျောင်းရှေ့သို့ ကားလေးကို ကျွမ်းကျင်စွာ ကွေ့ဝင်လိုက်သည်။ တမျှော်တည်းမျှော်နေလို့ လည်ပင်း တစ်လက်မလောက် ရှည်နေပုံရသော သတို့သားက ကားရပ်လိုက်တာနှင့် သတို့သမီးကို လက်တွဲပြီး လာခေါ်သွားသည်။ တူညီ့စိတ်ထဲမှာ ဘာရယ်မဟုတ်ဘဲ နှမြောစိတ်ကလေးက ဝင်လာပါသည်။

သတို့သမီးအဖေကို ကြည့်မိတော့လည်း သူ့သမီးလေးကို နှမြောတသစွာ လှမ်းပြီး ကြည့်နေပါသည်။

ဦးဆက်နောင်က ပြာရီ့လက်ကလေးကိုတွဲပြီး church ထဲသို့ တစ်လှမ်းချင်း ဝင်လာပါသည်။ ထိုင်ခုံပေါ်မှာထိုင်နေကြသော ဧည့်ပရိသတ်များက ချစ်စရာကောင်းပြီး လှပလွန်းသည့် သတို့သမီးလေးကို ဝိုင်းပြီး ချီးကျူးထောပနာပြုကြသည်။

မိုက်ကယ့်ဆီ ရောက်တော့ ပြာရီမှိုင်းကို ဦးဆက်နောင်၏ လက်ထဲမှ မိုက်ကယ်က လက်ချင်းချိတ်ကာ ခေါ်ယူပြီး ရှေ့သို့ဆက်





လျှောက်သွားပါသည်။ အသင့်စောင့်နေသော ဖာသာဂျွန်၏ ရှေ့သို့ ရောက်သောအခါ ကျမ်းသစ္စာကျိန်ဆိုရပါသည်။

ဖာသာက တည်ငြိမ်ပြတ်သားစွာ မိုက်ကယ့်ကိုမေးပါသည်။

'မောင်တိုးမိုက်ကယ်က မပြာရီမှိုင်းကို တစ်သက်လုံး သစ္စာရှိစွာ ရိုးမြေကျပေါင်းသင်းလိုပါသလား'

မိုက်ကယ်က မဆိုင်းမတွပင်

'ပေါင်းသင်းလိုပါတယ် ဖာသာ'

ထို့နောက် ဖာသာက ပြာရီ့ကို

'မပြာရီမှိုင်းကရော မိုက်ကယ့်စကားကို နားထောင်ပြီး တစ်သက်လုံးရိုးမြေကျပေါင်းသင်းလိုပါသလား'

'ပေါင်းလိုပါတယ် ဖာသာ'

အချင်းချင်း အပြန်အလှန် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် လက်စွပ်လဲပါသည်။

မိုက်ကယ်က ပြာရီ့လက်လှလှကလေးကို ဆွဲယူပြီး လက်စွပ်လေးကို ယုယစွာဝတ်ပေးပြီးနောက် အသာအယာနမ်းရှိုက်လိုက်ပါသည်။

ပြာရီက မိုက်ကယ့်ကို ရွှန်းရွှန်းစားစားကြည့်ပြီး လက်စွပ်ကို အချစ်များ အကြင်နာများစွာဖြင့် ပြန်ပြီး ဝတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏လက်ထပ်ပွဲကို တစ်ယောက်သောသူက အငြိုးတကြီးဖြင့် မမှိတ်မသုန်စိုက်ကြည့်နေတာ သူတို့ မသိပါ။

ဘုရားကျောင်းထဲမှ ပြန်ထွက်လာပြီးနောက် မိုက်ကယ်၏ Green Channel Hotel သို့ ဆက်လက်ချီတက်ကြပြန်သည်။ မင်္ဂလာဧည့်ခံပွဲကို ခြိမ့်ခြိမ့်သဲကျင်းပဖို့ ပြင်ဆင်ထားပြီးဖြစ်သည်။ ကားမောင်းပေးသော တူညီက မင်္ဂလာစုံတွဲကို Hotel ရှေ့တွင် ချပေးပြီးသောအခါ သူ့တာဝန်ပြီးဆုံးလေသည်။

အဲဒီနောက်မှာတော့ သူဟာ လူအစုအဝေးနှင့် မနေတတ်သူပီပီ ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်လာသဖြင့် မိုက်ကယ့်ကို ခွင့်မတောင်း နှုတ်မဆက်ဘဲ သူ၏ယာတောကလေးဆီသို့ ပြန်လာခဲ့ပါသည်။

မိုက်ကယ့်မင်္ဂလာပွဲ ဘယ်လောက် ကြီးကျယ်ပြီး. . . ဘယ်လောက်ခမ်းနားတယ်ဆိုတာ သူ မသိနိုင်တော့ပါ။ သတို့သားနဲ့သတို့သမီး ဘယ်လောက်လိုက်ဖက်ညီတဲ့အကြောင်း လူတွေ ပြောနေကြတာ သူ့နားနဲ့မဆန့်အောင် ကြားခဲ့ပြီးဖြစ်သည်။

◆



## အခန်း (၁၁)

ဆောင်းအကုန် နွေအကူး စပ်ကူးမပ်ကူးကာလလေးပေမယ့် သူတို့တောင်ပေါ်မြို့လေးတွေမှာတော့ အချမ်းက ပိုမြဲဖြစ်သည်။ ည ခုနစ်နာရီ ဆိုတဲ့အချိန်ဟာ မြို့ပြတွေမှာတော့ အစည်ကားဆုံးအချိန် ဖြစ်ကောင်းဖြစ်နိုင်သည်။

တူညီရဲ့ပတ်ဝန်းကျင်မှာတော့ တိတ်ဆိတ်နေသည်။ အေးစက်နေသည်။ ထို့အတူ သူ့ရဲ့နှလုံးသားသည်လည်း ထုံကျင်စွာအေးခဲနေလေသည်။ ခံစားချက်မရှိလို့မဟုတ်ပါ။ ခံစားတတ်လွန်း၍ နှလုံးသားတစ်ခုလုံး ပြည့်လျှံသွားတာသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပဲ နေ့တွေ ညတွေ ကုန်လွန်လာခဲ့၏။ မိဘမေတ္တာကို ဝေ်မှတ်လာတဲ့အချိန်တွေမှာ တမ်းတမ်းတတနဲ့ ရှူးသွပ်စွာ သတိရမိသည်။

အဖေနဲ့အမေကိုသတ်တဲ့ ထွန်းစိန်ဆိုတဲ့ကောင် ထောင်ထဲမှာ နှစ်ကြီးကျနေရင်း ဆုံးသွားပြီတဲ့။ ဘာရောဂါရယ်လို့ အတိအကျ မသိရပေမယ့်. . ဒီလိုလွယ်လွယ်နှင့် သေမင်းခေါ်သွားတာကိုတော့ လုံးဝမကျေနပ်ပါ။ ဒီကောင် ကံကောင်းသွားပါသည်။

တကယ်လို့ မသေဘဲ လွတ်လာခဲ့ရင်လည်း ထွန်းစိန်သည် တူညီ့လက်မှလွတ်ရန် လမ်းမမြင်ပါ။

ထပ်တူညီ ဆိုသောသူသည် နာစရာရှိလျှင် ရင်ထဲမှာ နင့်နေအောင် နာတတ်ပြီး လျှို့ဝှက်ချက်တွေ များစွာဖြင့် ရင်ထဲမှာပင် အငြိုးအတေးထားတတ်သူဖြစ်သည်။

သူ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ သူကိုယ်တိုင်ကလွဲလို့ ဘယ်သူသိနိုင်ဦးမှာလဲ. . .

ခုလည်း ကြည့်လေ. . အကာအကွယ်မဲ့ပြီး လေးဘက်လေးတန်က ဆောင်းလေအေးတွေ တိုက်နေတဲ့ ကွင်းပြင်ကြီးထဲမှာ ထိုင်ပြီး မီးလှုံနေသည်။ လုံလုံခြုံခြုံရှိတဲ့ အိမ်ထဲမှာ မနေဘဲ သူလုပ်ချင်ရာကို သူ့စိတ်ထဲရှိသလို လုပ်နေခြင်းဖြစ်သည်။





ထင်းခြောက်တွေကို မီးပုံထဲ ပစ်ထည့်လိုက်တော့. . မီးက အရှိန်ရလာပြီး ပိုတောက်လာသည်။

အထီးကျန်လွန်းတဲ့ သူ့ဘဝကို မဆီမဆိုင်စိတ်နာမိသည်။

သူကသာ အဖော်မဲ့နေတာ မိုက်ကယ့်အတွက်တော့ ဒီညသည် ကောင်းကင်ဘုံကိုရောက်နေသလို အပျော်ကြီးပျော်နေမှာပဲ။

မင်္ဂလာဦးညမှာ လူပျိုရည်အပျက်ခံပြီး ဒီကောင်ကဲနေမှာပေါ့. . သူ့ကံပေါ့လေ. . .

လွမ်းတယ် နွယ်ပင်ရယ့် သိပ်လွမ်းတယ်။ ငါကတော့ မင်းကိုမျှော်နေဦးမှာပဲ. . မင်း ငါ့အနားရောက်လာမယ့်အချိန်အထိပေါ့။

မိုက်ကယ်ကတော့ ပြောဖူးပါတယ်. . . တကယ်ချစ်တယ်ဆိုရင် ပစ်ပယ်ဖို့ မဟုတ်ဘူးတဲ့. . သူက အပြောနဲ့အလုပ် ညီပြသွားပြီ။ ဒါဆို ထပ်တူညီရဲ့အချစ်က ဘာလဲ. . . နင့်သည်းလွန်းလို့ ပျက်စီးသွားတာလား. . . ဟင့်အင်း. . . မပျက်စီးစေရဘူး၊ ဘယ်တော့မှ အပျက်စီးမခံဘူး. . .

ညဥ့်သည် တစတစ နက်လာခဲ့သည်။ အိပ်ချင်စိတ်မရှိသလို အိပ်ဖို့လည်း သူ သတိမရပါ။ တစ်ယောက်တည်း ဒီလိုပဲ ထိုင်ပြီး သူတွေးနေသည်။ အစမရှိသလို ဘယ်မှာဆုံးမယ်မှန်းမသိတဲ့ အတွေးတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုထားပေမယ့် ပတ်ဝန်းကျင်က သူ့ကို လျစ်လျူရှုပြီး မနေရက်ပါ။

ကြီးမယ်နုတစ်ယောက် သူ့ရှေ့မှာ ဘွားခနဲ. . . ပေါ်လာပါသည်။ လက်ထဲမှာလည်း ပန်းကန်တစ်ချပ်ကို ကိုင်ထားသေးသည်။

'ဟဲ့ ကောင်လေး. . ငါ နင့်ကို ကြည့်နေတာ ကြာပြီ၊ ဘယ်အချိန် အိမ်ထဲဝင်မလဲလို့ စောင့်ကြည့်ရင်း မနေနိုင်လို့ ကူးလာခဲ့ရတာ၊ ဒီလောက်အေးနေတာများ တူညီရယ်. . ဘာလို့ အပြင်မှာထိုင်နေတာလဲ'

ကြီးမယ်နုက ဗျစ်တောက် ဗျစ်တောက်ပြောရင်း သူ့လက်ထဲက ဆတ်သားခြောက်ပန်းကန်ကို တူညီ့ရှေ့သို့ချပေးလေသည်။

'နုနုကော မအိပ်သေးဘဲ ဘာလုပ်နေတာလဲ'

'နင့် စိတ်မချလို့ပေါ့ဟဲ့. . နင့်တစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ် တူညီရယ်. . ပြောမယ့်ဆိုမယ့်သူက မရှိ. . တစ်ယောက်တည်း ပေပြီး နေချင်သလို နေ,နေတော့တာပဲ၊ ကဲ. . ကဲ. . ဆတ်သားခြောက်လေး ဆီဆမ်းလာတယ်. . စားလိုက်ဦး၊ ရေနွေးပူပူလေး သောက်ပြီး အထဲဝင်တော့ ဟုတ်ပြီလား'

အေးစက်နေတဲ့ ပတ်ဝန်းကျင်မှာ နွေးထွေးမှုတွေပေးမယ့် အမေတစ်ယောက် ရောက်လာသလိုပါပဲ။





နုနုဟာ သူ့အတွက်တော့ ဒုတိယအမေသာ ဖြစ်သည်။

'ကောင်လေး. . ဒီနေ့ နင့်သူငယ်ချင်းမိုက်ကယ်လေ. . သူ့ မင်္ဂလာဆောင်က အရမ်းစည်တာဆို'

တူညီက ဆတ်သားခြောက်တစ်ဖတ်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး

'အင်း. . စည်တာပေါ့'

ဟု အသက်မပါသလိုဖြေသည်။ အမှန်က စည်လား မစည်လားဆိုတာ သူမှမသိတာ။

'ဒါဆို သူ့မိဘတွေ မြေးချီရတော့မှာပေါ့နော်. . . အားကျစရာကြီးကွယ်. . ငါလည်း အသက်က ကြီးလာပြီ၊ မြေးချီချင်ပေမယ့် သားသမီးက မရှိဘူး. . ဘယ်လိုလုပ်ရမလဲ'

နုနုစကားကြောင့် တူညီက ခွက်ထိုးခွက်လန်ပင် ရယ်မိ၏။

'ဟား. . ဟား. . နုနုက ရယ်ရတယ်ဗျာ၊ ကျွန်တော့်ကို လာပြီး ဟာသတွေပြောနေတယ်. . နုနုဟာက ဘာနဲ့တူသလဲ သိလား၊ နွားဖြင့် မမွေးထားဘဲ နွားနို့လိုက်ညှစ်ချင်နေသလိုပဲ'

'အမယ်. . အမယ်. . ငါ့မှာ နွားတွေမှ အများကြီးနော်. . ငါ့နွား ငါနို့ညှစ်တာပဲ ဘာဖြစ်သလဲ. . နင်ပြောတာနဲ့ပဲ ခုန ငါ့စကား ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊ ဩော်. . သိပြီ. . နုနု ချီချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြေးကလေး ချီလို့ရအောင် နင့်ကို ငါ သားတော်မယ်လေဟယ်၊ နင် မိန်းမ မြန်မြန်ယူတော့'

'နုနုရယ်. . တစ်ယောက်တည်း အေးအေးဆေးဆေး နေတာ မကြည့်ချင်လို့လား၊ မိန်းမ ယူတာများ ထမင်းစား ရေသောက်သလို လွယ်တယ်ထင်နေလို့လား'

'ဟဲ့. . နင်ကသာ မလွယ်ဘူးထင်နေတာ. . အိမ်က အဘိုးကြီးရဲ့ညီတစ်ယောက်ဆို ဟောတစ်ယောက်. . ဟောတစ်ယောက်နဲ့ ယူထားလိုက်တာများ မယားသုံးယောက်တောင် ရနေပြီ။ နင်လည်း စိတ်ကူးမလွဲနဲ့ မြန်မြန်ယူပစ်လိုက် ကြားလား'

စိတ်ညစ်ရပါလား နုနုရယ်. . သဘောဖြူ အူစင်းလေးပေမယ့် သူပြောချင်တာပဲ သူဖြစ်ချင်တာပဲ သိသည်။ တူညီက စကားစ မြန်မြန်ဖြတ်ပစ်ရသည်။

နို့မို့ဆို တစ်ညလုံးထိုင်ပြီး သူ့ကို မိန်းမ ယူဖို့ပဲ ပြောနေတော့မှာ. . .

'နုနုအဘိုးကြီး လာ, လာကြည့်နေပြီနော်. . ခမျာ အိပ်ချင်ရှာမယ်. . ဖက်လုံးလိုနေပြီတဲ့. . မြန်မြန်ပြန်တော့'

နုနုက သူ့ပခုံးကို တဖြန်းဖြန်းရိုက်ရင်း

'ဟင်. . ကာလနာလေး၊ ဒီအသက်ဒီအရွယ်ကြီးနဲ့ ဖက်လုံး





မဖြစ်တော့ဘူးဟဲ့. . မှတ်ထား၊ အသက်ကြီးလာရင် အိပ်တဲ့ ပုံစံက ပြောင်းသွားပြီ၊ သုံးနဲ့လေးလို အိပ်တာ ရှင်းပြီလား'

'ဘာလဲ နုနုရဲ့၊ သုံးနဲ့လေး ဆိုတာ'

'ကျောချင်းကပ်လေ. . ကျောချင်းကပ်ပြီး အိပ်တာ၊ ဆန့်ကျင်ဘက်ပဲ၊ အမယ်လေး အဲဒီအဘိုးကြီးဟာလေ ယောင်ပြီးတောင် ကျပ်ဘက် မလှည့်ဘူးတော်ရေ. . ပါးရေနားရေတွေ တွန့်ကုန်ပြီကိုး၊ ဒါကြောင့် အသက်ကြီးလာရင် သားသမီးပဲ လိုချင်တာ. . ကဲ ကောင်လေး. . နင်ဝင်တော့၊ နင်အိမ်ထဲဝင်ပြီးမှ ငါပြန်မှာ. . နင့်ကိုစိတ်မချလို့. . ဟိုတစ်ခါလို တစ်ညလုံးထိုင်နေလို့ ဖျားနေဦးမယ်'

'ဒါဆိုလည်း ဝင်ပြီဗျာ. . နုနုစိတ်ချမ်းသာအောင် နေပေးရမှာပေါ့'

နုနုက သူ့ရဲ့တွန့်နေတဲ့ ပါးရေလေးတွေ လှုပ်သွားအောင် ရယ်ပါသည်။ တကယ်ပဲ သူ အိမ်ထဲ ဝင်တဲ့အထိ စောင့်ကြည့်ပြီးမှ ပြန်သွားရှာသည်။ ဩော်. . သွေးမတော် သားမစပ်. . သံယောဇဉ်ဆိုတာ ဒါပဲနဲ့တူပါရဲ့. . .။

♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တစ်ညလုံး မအိပ်ဘဲ မိုးလင်းခါနီးမှ မှေးခနဲဖြစ်သွားသော တူညီသည် သူ့နာမည်ကို ခေါ်နေသံကြားသော်လည်း မျက်လုံးက မဖွင့်ချင်ပါ။

'ကိုတူညီ. . ဗျို့ ကိုတူညီ. . ဒီမှာ ကိုမိုက်ကယ်က စာပေးခိုင်းလိုက်လို့'

မိုက်ကယ့်နာမည်ကြားမှ သူ လူးလဲပြီး ထ,လာမိသည်။

တံခါးဖွင့်လိုက်သောအခါ မိုက်ကယ့်တပည့် ကောင်လေး တစ်ယောက်ကိုတွေ့ရသည်။





'ဘာလဲဟ. . စောစောစီးစီး'

'အစ်ကို့သူငယ်ချင်းလေ. . ဒီည သူ့ခြံထဲမှာ မီးပုံပွဲလုပ်မလို့တဲ့. . စာလာပေးခိုင်းတာ'

'အေး. . ပေး. . ပေး'

ကောင်လေးက စာကို သူ့လက်ထဲ တရိုတသေထည့်ပေးပြီး နှုတ်ဆက်ကာ ပြန်သွားပါသည်။ တူညီက စာကိုဖွင့်ဖတ်လိုက်သည်။

*တူညီငတိ -*

*မင်းကို ငါ မကျေနပ်လို့ ညက ကောင်းကောင်း အိပ်မပျော်ဘူးကွ. . . အလကား စ,တာ. . ငါ့ပြာရီလေးကို တစ်ညလုံးထိုင်ကြည့်နေတာ (ဘယ်နေရာကြည့်သလဲလို့ မမေးကြေးနော်. . ငါပိုင်ပစ္စည်းပဲ. . ငါကြိုက်သလို ကြည့်မှာပေါ့)*

တူညီက 'ငပေါ'ဟု မိုက်ကယ့်ကို ပျစ်ပျစ်နှစ်နှစ်ဂုဏ်ပြုရင်း စာကို ဆက်ဖတ်ပါသည်။

*မင်း မနေ့က ဘယ်ပျောက်သွားတာလဲ၊ အလကားကောင်၊ သစ္စာဖောက်၊ ကိုယ့်သူငယ်ချင်းပွဲကို မနွှဲဘဲ ပြန်သွားတဲ့*



www.burmeseclassic.com

www.burmeseclassic.com



*အတွက် မင်းကို ကောင်းကောင်း lesson ပေးမလို့၊ ဒီည မီးပုံပွဲအတွက် လိုအပ်တာတွေအားလုံး မင်း လာစီစဉ်ပေး ဒါပဲ။*

*မင်းရဲ့မတော်လိုက်ရတဲ့ယောက်ဖလေး*
*Toe Michael*
*(တိုးမိုက်ကယ်)*

အိပ်ချင်စိတ်က မပြေရသေးတဲ့အထဲ ခိုင်းဖို့ဆို စာစော စီးစီး တခုတ်တရကို သတိရတတ်သော သူငယ်ချင်းအကောင်းစား လေးကို ဒေါသထွက်မိသည်။ သူ အလိုရှိတိုင်း ကိုယ်က လုပ်ပေးနေကျဆိုတော့ မလုပ်ပေးဘဲလည်း မနေနိုင်ပါ။

ဒီညနေတော့ ဖြစ်အောင်သွားပြီး ကူပေးမည်ဟု ဆုံးဖြတ်ပြီး ပြန်အိပ်ဖို့ပြင်ရသည်။ မိုက်ကယ့်မျက်နှာကြီးမြင်ပြီး မဆီမဆိုင် သူ့မိန်းမအသစ်စက်စက်ကလေးကိုသွားပြီး သတိရမိသည်။ ကောင်မလေး ညက တော်တော်ရှက်သွားရှာမှာ. . မိုက်ကယ်ဆိုတဲ့ကောင်က အရှက်ရှိတဲ့ကောင်မှ မဟုတ်တာ. . .

သူများလင်မယားအကြောင်း တွေးမိပြန်ပြီ. . ကိုယ်နဲ့လည်း ဆိုင်တာမဟုတ်ဘဲနဲ့. .





ထိုနောက် တူညီသည် နားကိုပိတ်ကာ စောင်ခေါင်းမြီးခြုံပြီး ရအောင် ပြန်အိပ်ပါသည်။

သူ ပြန်နိုးလာတော့ တော်တော်မွန်းတည့်နေပြီ။ စားစရာမရှားသောဘဝလေးကိုတော့ သူကျေးဇူးတင်ရသည်။ ထုံးစံအတိုင်း ကြီးမယ်နုက ဟင်းချက်ပြီး ပို့ပေးထားပြန်သည်။

ဝက်သားချက်လေးက မွှေးနေသလို မြေပဲထောင်းကြော်လေးက အရသာရှိလှသည်။ ညကကျန်သည့်ထမင်းကြမ်းခဲကို ဇလုံထဲ ထည့်ပြီး အဝတွယ်ပစ်လိုက်သည်။ အရည်သောက် မပါသည့် ထမင်းဝိုင်းအတွက် ရေနွေးကြမ်းသောက်ခြင်းဖြင့် အဆုံးသတ်လိုက်ရသည်။ တူညီက ထမင်းစားပြီးတိုင်း အစာကျေစေရန် ထန်းလျက်တစ်ခဲကို ပါးစပ်ထဲပစ်ထည့်ပြီး အရသာခံကာ မြုံ့ထားပါသည်။

ထိုနောက် သူသည် စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာသည်။ ဒီညနေ မိုက်ကယ့်ဆီသွားရဦးမည်။ ဒါသည် ဝဋ်ပဲလား. . . သူများတွေ ပျော်နေသည့်အချိန်မှာ ကိုယ်က မပျော်မရွှင်ဖြင့် ဘာသွားလုပ်ရမလဲ. . မိုက်ကယ် ပျော်တိုင်း သူက လိုက်ပျော်နိုင်သူမှ မဟုတ်တာ. . သူ့စိတ်သူ့ကိုယ် ကိုယ့်စိတ်ကိုယ့်ကိုယ်ပဲ မဟုတ်လား။ ဒါပေမယ့် သွားတာကတော့ မဖြစ်မနေသွားရပါဦးမည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မိုက်ကယ့်အိမ်ကလေးကို ဟိုးအဝေးကနေကြည့်ပြီး မြင်ဖူးသည့်သူတိုင်းက ချီးကျူးကြသည်။ အိမ်ကလေးက လှလွန်းတော့ စပ်စုလိုသူများက အိမ်အနီးထိ လာကြည့်ပြီး အံ့ဩသဖြင့် စုတ်တသတ်သတ်ဖြစ်ကုန်သည်အထိကို ဆွဲဆောင်မှုရှိသည်။

မိုက်ကယ်က အချိန်ယူပြီး သူ့ကောင်မလေးအတွက် ပန်းမျိုးစုံတဲ့ ပန်းခင်းလေးကို စီစဉ်ထားပေးသည်။ သူက စီစဉ်ရုံ စီစဉ်ပေမယ့် ပန်းစိုက်ရတဲ့ ဥယျာဉ်မှူးက ထပ်တူညီသာ ဖြစ်သည်။

မိုက်ကယ့်အိမ်ကို လူတွေ စိတ်ဝင်စားရတဲ့အကြောင်းအရာ





တွေထဲမှာ တူညီရဲ့ပန်းခင်းကလေးတွေ လှပတာလည်း တစ်ခုပါဝင်သည်။ သစ်ခွပန်းလေးတွေဆိုလည်း စင်ကလေးထက်မှာ အရောင်စုံ၊ အဆင်စုံဖြင့် တန်ဖိုးရှိစွာ လှချင်တိုင်းလှနေပါတော့သည်။

တူညီက ခေါင်းကို မတ်မတ်ထားပြီး ခါးကိုဖြောင့်ကာ တစ်လှမ်းချင်း လမ်းလျှောက်လာသည်။ သူလမ်းလျှောက်ပုံက smartကျသည်။ ကြည့်လို့ အရမ်းကောင်းပါသည်။ ဆံပင်ရှည်ရှည်လေးတွေက ဖြောင့်စင်းကာ အိအိကလေးမို့ လမ်းလျှောက်လိုက်တိုင်း ဖွာဖွာကလေးဖြစ်နေသည်။ မိန်းကလေးသာဆို အရှည်ထားလျှင် လှလိုက်မည့်ဖြစ်ခြင်း။

တူညီ မြင်နေရသည်က ဒန်းကုလေးပေါ်မှာ စုံတွဲတစ်တွဲထိုင်နေသည်။ မိုက်ကယ်က သူ့မိန်းမအသစ်စက်စက်ကလေးရဲ့ပခုံးကို ကြင်နာစွာ ပွေ့ဖက်ထားသည်။ ကောင်မလေးက သူ့ပခုံးပေါ်မှာ ခေါင်းလေးမှီရင်း တစ်ခုခုကို ချွဲနွဲ့နေပုံရသည်။ အဲဒီချွဲတဲ့ဒဏ်ကိုပဲ ဟိုကောင်ကြီးခမျာ ခံနိုင်ရည်ရှိပုံမရပါ။ ဖျတ်ခနဲငုံ့ပြီး အာဘွားပေးလိုက်ပါသည်။

တူညီ့မျက်လုံးက အဝေးသိပ်ကောင်းတာ. . အားလုံး မြင်နေရတာ ဘယ်လိုလုပ်ရပါ့. . . ဟိုကောင်က ပါးလေးပြီးတော့ နှုတ်ခမ်းလေးဆိုပြီး အဆင့်တွေတက်လာရင် သူ ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ရမလား. . နောက်ပဲ ပြန်လှည့်ရမလား. . အိုး. . သူ့ဟာသူ ဒန်းပေါ်မှာ နှာခေါင်းမီးတောက်နေတဲ့ကိစ္စ. . မီးသတ်ကား ခေါ်စရာမလိုပါဘူး။ တော်တော်ကဲတဲ့ကောင်. . ကိုယ့်မိန်းမ ကိုယ်ချစ်တာ အိမ်ထဲသွားချစ်ပါလား. . .

စိတ်တွေ မှုန်ပျပြီး အရှက်ပိုနေသောတူညီကို ပြာရီက တွေ့သွားပြီး မျက်နှာကလေး တစ်ချက်ပျက်သွားသည်။ ရှက်သွားတာနေမှာပါ။ သူ့ယောက်ျားကို လက်တို့ပြီး ပြသည်။ မိုက်ကယ်က စပ်ဖြဲဖြဲရှုပ်ဖြင့်

'တူညီငတိ. . မင်းကွာ ရောက်နေတာ အသံလေးဘာလေးပြုတာ မဟုတ်ဘူး. . ငါ့မိန်းမ ရှက်နေပြီကွ'

ဟု အရှက်ပြေလှမ်းပြောသည်။ တူညီကလည်း မခံပါ။

'ဩော်. . မင်းပဲ အပြောကောင်းနေ၁်၊ ဘာလဲ ငါက ငါလာနေပြီကွ. . ရပ်ထား. . ရပ်ထားဆိုပြီး အော်လာရမှာလား. . မင်းပဲ အိမ်ရှေ့မှာ ရုပ်ရှင်ထွက်ရိုက်ပြနေပြီးတော့'

'ဟာ ဒီကောင် ပြောလိုက်ရင် အတုံးလိုက် အတစ်လိုက်၊ ငါ့မိန်းမ ရှက်နေပါတယ်ဆိုမှ. . နေဦး. . မနေ့ကကိစ္စ စာရင်းရှင်းရဦးမယ်. . ပြော. . မင်း ဘာကိစ္စ ငါ့တစ်ယောက်တည်း ထားခဲ့တာလဲ. . ငါက ယောက်ျားလေးဆိုတော့ အသည်းငယ်တာပေါ့ကွ'





'သေလိုက်. . မင်း သေလိုက်ပါလား. . ငါမှ လူအများကြီးနဲ့ မနေတတ်တာ. . ခေါင်းထဲက ငြီးစီစီကြီးဖြစ်လာလို့ ပြန်သွားတာ sorryကွာ'

'အေးပေါ့လေ. . မလိမ္မာ တစ်ခါမိုက် ခွင့်လွှတ်ရမှာပေါ့. . နောက်တစ်ခါ ငါ မင်္ဂလာဆောင်ရင် ပြန်ရဲ ပြန်ကြည့်. . သိမယ်. . ဟင်း. . .'

'မိုက်. .'

'မိုက်'တဲ့. . ကောင်မလေးက မိုက်ကယ့်ကို မိုက်လို့ခေါ်ပြီး ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်သည်။ မိုက်ကယ့်ခမျာ ငြိမ်ပြီး ခံနေရတဲ့ အမြီးကို ကုပ်လို့။ တူညီက အားရပါးရအော်ရယ်ပစ်လိုက်သည်။

'မင်းက ဘာရယ်နေတာလဲ၊ ငါက အကောင်းပြောနေတာနော်. . နောက်နေတာ မဟုတ်ဘူး'

'ကြည့်. . မိုက်နော် ပြာရီစိတ်ဆိုးလာပြီ. . နောက်တစ်ခါ မင်္ဂလာထပ်ဆောင်ချင်သေးရင် အဲဒီမှာပဲ နေခဲ့တော့. . နောက်က လိုက်မလာနဲ့. . ဒါပဲ'

ပြောပြီး ကောင်မလေးက ခြေဆောင့်ကာ ဝင်သွားပါသည်။ မိုက်ကယ်က သူ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ကောင်မလေးနောက် လိုက်ရန် ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တူညီ မင်းဘာသာမင်း ကြည့်စီစဉ်လိုက်ကွာ. . ညနေ ငါး နာရီလောက် လူစုထားတယ်. . ရော့. . ဒီမှာ ပိုက်ဆံ လိုတာ အကုန် ဝယ်ပေးနော်. . သူငယ်ချင်း. . ငါ သွားချော့လိုက်ဦးမယ်ကွ'

တူညီက မိုက်ကယ့်ကားကိုယူပြီး လိုအပ်သမျှ အကုန်လိုက် ဝယ်ရသည်။ နိုင်ငံခြားဖြစ် အကောင်းစားအရက်ပုလင်းများ၊ ရှန် ပိန်များ၊ ဘီယာပုလင်းများ၊ အအေးဘူးမျိုးစုံ၊ soda၊ အကုန်စုံပြီဆို မှ အကင်လုပ်ဖို့အတွက် မိုက်ကယ့်Hotelမှ စားဖိုမှူးကို သွားခေါ် ရ သည်။ မိုက်ကယ် မှာထားလို့ သူက အဆင်သင့်စောင့်နေပါသည်။

'ရယ်ဒီပဲလား. . . ကိုချို'

'ကင်ရုံပဲဗျို့'

'အခုဟာက ဘူဖေးလိုမျိုးလား. . ဒါဆို စားပွဲ အရှည်တွေ လိုဦးမှာပေါ့. . နောက်ပြီး ထိုင်စားဖို့ စားပွဲဝိုင်းတွေ ခုံတွေရော ချာ တိတ်တွေကို သယ်ခဲ့ခိုင်းဗျာ'

'အေးဗျာ. . ခင်ဗျားကမှအကွက်စေ့သေးတယ်၊ ကျွန်တော် တို့ဆရာသမားက အေးဆေးပဲ၊ ခင်ဗျားလိုသူငယ်ချင်းတစ်ယောက် ရှိတာ ဘုရားပေးတဲ့ဆုပါပဲဗျာ'

တူညီသည် သောက်လက်စစီးကရက်ကို မြေပေါ် ပစ်ချပြီး နင်းချေပစ်လိုက်သည်။





'ကိုချို ခင်ဗျားအစီအစဉ်ထဲမှာ Seafoodတွေရော ပါသေး လား'

'ပါတာပေါ့ဗျ. . ဆရာသမားက ရှယ်လုပ်ခိုင်းထားတာ'

သူက ခေါင်းညိတ်ပြရင်းမှ ဘာလိုအပ်သလဲဆိုတာကို. . ကောင်းစွာ သဘောပေါက်သွားသည်။ ပင်လယ်စာက စားနေကျ မဟုတ်လျှင် Food Allergy ရတတ်သဖြင့် လိုအပ်တဲ့အခါ အဆင် သင့်သောက်နိုင်ရန် ဆေးခန်းဝင်ပြီး ဆေးဝယ်သွားရဦးမည်။

အလုပ်တစ်ခုကို ပေါ့ပျက်ပျက်မလုပ်တတ်သလို ရင်ထဲက နှလုံးသားတစ်စုံအတွက် အချစ်ဆိုတာကိုလည်း အလေးအနက်ထား ပါသည်။ ဘယ်တော့မှ. . ဘယ်သောအခါမှ. . ဆော့ကစားမည့်သူ မဟုတ်ပါ။

နွယ်ပင်လေးဟာ လွတ်လပ်တဲ့သူလား၊ ပိုင်ရှင်ရှိသလား. . ဘာပဲဖြစ်ဖြစ် သူကတော့ နွယ်ပင်ဟာ တခြားတစ်ယောက်ရဲ့ရင်ခွင် ထဲမှာ ရှိနေခဲ့ရင်လည်း ကွယ်ရာကနေ ချစ်နေဦးမှာပဲ. . သူ့အချစ်က အဲသလောက်ထိ လေးနက်တာ. . . ကျန်တဲ့အပိုင်းတွေ အားလုံးကို ဘေးဖယ်နိုင်တယ်လေ. . ချစ်တယ်ဆိုရင် ပြီးပြီပေါ့. . သူက အဲသ လို လူစားမျိုးလေ။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မိုက်ကယ့်ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဘက်များနှင့် မိတ်ဆွေများ ခြံအကျယ်ကြီးထဲမှာ စုံနေကြပြီ။

မိုက်ကယ်က သူ့မိန်းမလက်ကလေးကို မလွှတ်တမ်းဆွဲထားပြီး လိုက်ဧည့်ခံနေသည်။

မိုက်ကယ် မလွှတ်ချင်တာလည်း မပြောပါနဲ့လေ. . ပြာရီမှိုင်းက အားလုံးရဲ့အမြင်အာရုံကို ညှို့ငင်ထားတာကိုး။ ပါးလွှာတဲ့ အဖြူရောင်ဝတ်စုံလေးက သူမ၏လှပသောခန္ဓာကိုယ်ဝယ် ချပ်ချပ်ရပ်ရပ်ကလေးဖြင့် လိုက်ဖက်လွှမ်းလှသည်။ ဆံနွယ်ခွေခွေလေးတွေ





ကို ကပိုကယိုလေး သိမ်းတင်ကာ Diamond Crown လေး တစ်ခုကို ဆောင်းထားတော့ သူမအလှကို ပိုပြီး ဝင့်ကြွားစေသည်။

မိုက်ကယ် လက်ဆောင်ပေးထားသော စိန်ကြိုးကလေးက လည်တိုင်ကျော့ကျော့ကလေးပေါ် မှာ တဖျတ်ဖျတ် လက်နေသည်။ စိန်နားဆွဲကလေးကလည်း ခေါင်းလေးလှည့်လိုက်တိုင်းမှာ အရောင်တွေ တလက်လက်ဖြင့် သူမက လှကိုလှလွန်းပါသည်။

တူညီက ချောင်ကျသော စားပွဲတစ်ခုတွင် ထိုင်ပြီး ငြိမ်ငြိမ်ကလေး တွေးနေသည်။ သူ့အာရုံထဲမှာရှိတာက သူ့ရဲ့တစ်ယောက်တည်းသောသူ(နွယ်ပင်)ပဲ ဖြစ်သည်။ အချိန်တိုင်း၊ နေရာတိုင်း၊ နာရီတိုင်း၊ စက္ကန့်တိုင်းမှာ. . အသက်ရှူနေသရွေ့ သတိရနေသည်။ တမ်းတနေသည်။

မိုက်ကယ်က ပြာရီ့ပုဝါဖြူဖြူကလေးကို ဆွဲစေ့ပေးနေတာတွေ့ရသည်။ အပြင်မှာ အအေးဓာတ်က ပိုလာပြီကိုး. . သူတို့ ယုယတာလေးတွေ၊ ကြင်နာနေတာလေးတွေ မြင်ရ ကြားရလေ နွယ်ပင်လေးကို သတိရလေပင်။

မိုက်ကယ့်ဘော်ဒါတွေက တကယ့်ကို ငပြောင်သမားတွေ။ သူတို့စုံတွဲကို တစ်မျိုးပြီးတစ်မျိုး စကြ နောက်ကြသည်။

'တိုးမိုက်ကယ်က သူ့babyလေးကို ခုချိန်က စပြီး နမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မယ်ခင်ဗျား. . အားလုံးပဲ ရှုစားတော်မူကြပါ၊ ဒါပေမယ့် ကျွန်တော်တို့ကြည့်ရမယ့် အနမ်းလေးဟာ ပထမဆုံးအနမ်း မဟုတ်ဘူးဆိုတာ ကြိုပြီး ပြောချင်ပါတယ်. . ကဲ. . ကဲ. . နမ်းမယ်. . နမ်းမယ်'

တစ်ယောက်တစ်ပေါက် ပွဲဆူသောအခါ မိုက်ကယ်လည်း မနေသာတော့ဘဲ ပြာရီ့မျက်နှာလေးကို ဆွဲယူကာ နမ်းပြရပါတော့သည်။

'မဟုတ်သေးဘူးလေ မိုက်ကယ်၊ ဘာတွေ သွေးကြောင်နေတာလဲ. . မင်း အရင်ကောင်မလေးတွေ နမ်းသလို နမ်းလေ'

မိုက်ကယ့်နဖူးကြောတွေ တင်းလာပုံရသည်။ မူးမူးနှင့်ဝိုင်းရစ်နေကြတော့ မြန်မြန်ပြီး အေးရောဆိုပြီး ပြာရီ့နှုတ်ခမ်းလေးကို. .

တူညီက မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ပါသည်။ ဘယ်လိုလူတွေလဲ. . သူတို့ မရှက်ပေမယ့် ကာယကံရှင်တွေ ရှက်ရှာမှာပေါ့၊ ဒီလို ကိုယ်ချင်းစာစိတ်မရှိတဲ့သူတွေကိုများ မိုက်ကယ်မို့လို့ ငွေကုန်ကြေးကျခံပြီး ကျွေးမွေးနေရသေးတယ်။ မိုက်ကယ့်မိန်းမခမျာမှာ. . မျက်စိသူငယ် နားဘူငယ်နဲ့ သနားစရာကောင်းလွန်းပါသည်။

တူညီက အဲဒီပါတီပွဲကို မြန်မြန်ပြီးစေချင်လှပြီ။ လူကြီးလူကောင်း ငရစ်များက အခုမှ အရှိန်ရလို့ကောင်းတုန်း. .

အကင်နံ့က လေတိုက်တိုင်း မွှေးပျံ့နေသည်။ မီးပုံပွဲ စ,ဖို့





ပြင်နေကြပြီ။ မိုက်ကယ့် Hotel မှဝန်ထမ်းကောင်လေးတွေက သွက်လက်စွာ လှုပ်ရှားနေကြသည်။

ခေါင်းငုံ့ထားသော သူ့မျက်စိရှေ့သို့ လှပသောဖိနပ်ဖြူဖြူလေးနှင့်ခြေထောက်တစ်စုံက လာရပ်သည်။ မော့မကြည့်ဘဲ သူအလိုလိုသိနေပါသည်။

'ကိုထပ်တူညီ. . ကျွန်မမှာ Allergic တွေ တက်နေပြီနဲ့တူတယ်. . ခုနက မိုက် ကျွေးလို့ ကျွန်မ Seafood တွေ စားလိုက်မိတယ်၊ ယားလည်း ယားလာပြီ၊ ပွဲကလည်း မပြီးသေးတော့ ဘယ်လိုလုပ်ရမလဲဟင်'

တူညီသည် မိုက်ကယ့်ကိုဒေါသထွက်မိသည်။ ကိုယ့်ကောင်မလေးနှင့် တည့်မှန်း မတည့်မှန်း မသိ. . စဉ်းစားချင့်ချိန်ခြင်းမရှိဘဲ ကျွေးစရာလား. . ပြောတော့ ချစ်တယ်ဆိုပဲ. .

'ခင်ဗျားက သူကျွေးတိုင်း စားတာပဲလား၊ ကိုယ်နဲ့မတည့်ရင် မစားနဲ့ပေါ့ဗျ. . ဟော. . ခုဖြစ်တော့ ခင်ဗျားပဲ ခံရတာမဟုတ်လား'

ပြာရီက ချစ်စဖွယ်ကလေး ပြုံးပြသည်။ တောင်းပန်တိုးလျှိုးသည့်သဘော. . .

'ကိုထပ်တူညီက စကားပြောတတ်သားပဲ'

'စကား မပြောတတ်ရအောင် ကျွန်တော်က အ,အလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟောကြည့်. . ခုလိုလေးလည်း ရွှံ့တတ်တယ်နော်'

'ဟာဗျာ. . . ရော့ ဒီဆေးလေး သောက်လိုက်၊ ကျွန်တော် သတိရလို့ ဆေးခန်းမှာ ဆရာဝန်မေးပြီး ဝင်ဝယ်လာတာ၊ Anti-histamine လို့ ပြောတာပဲဗျ. . . Allergy ရရင် သောက်တာတဲ့'

ပြာရီက သူလှမ်းပေးသောဆေးကို ယူပြီး သောက်လိုက်ပါသည်။ ဘယ်လိုကောင်မလေးလဲ. . အားလုံးကို ဒီလိုပဲ ယုံကြည်နေကျလား. . ခုမှတွေ့ရတဲ့သူတစ်ယောက်က ပေးတဲ့ဆေးကို သောက်ရဲတာပဲလား. .

'ရှင့်ကို ကျွန်မ ကျေးဇူးအရမ်းတင်တယ် သိလား၊ မိုက်က လည်း ပြောထားတယ်. . တစ်စုံတစ်ခုဆို ရှင်က စိတ်အချရဆုံးပဲတဲ့၊ သူက အဲသလိုပဲ မှာထားတာ. . '

သိပ်ကောင်းတဲ့ကောင်။ သူကျတော့ သူ့အပေါင်းအသင်းတွေနဲ့ တော်တော်လေး မူးနေပုံရသည်။

'ခင်ဗျား နေမကောင်းဖြစ်နေတာပဲ. . . နားနားနေနေလေး သွားနေပါလား'

စိတ်ထဲမှာရှိတဲ့အတိုင်း အရိုးခံဖြင့် သူပြောမိပါသည်။ ပြာရီ့မျက်နှာလေးက နီရဲနေသည်။ ဟန်ဆောင်ပြီးနေ,နေရတာ သူမ မွန်းကြပ်နေမှာပေါ့။ ကြည့်ရင်း ကြည့်ရင်း သူ သနားလာသည်။





'ကျွန်မကို မတွေ့ရင် မိုက် စိတ်ပူနေမှာပေါ့. . သူစိတ်ဆင်းရဲမှာကို ကျွန်မ မလိုလားဘူးလေ'

ပြာရီ့မျက်လုံးတွေက ပန်းရောင်စုံလေးတွေဆီ ရောက်သွားပြီး -

'ကိုထပ်တူညီကို ကျေးဇူးတင်စရာတစ်ခု ကျန်သေးတယ် သိလား. . ဟောဟိုက ပန်းကလေးတွေကို ကျွန်မအတွက် တကူးတက လာစိုက်ပေးလို့ပေါ့'

'မလိုပါဘူးဗျာ. . ခင်ဗျားကြိုက်တယ်ဆို ကျွန်တော် စိုက်ရကျိုးနပ်တာပေါ့'

ထို့နောက် သူတို့နှစ်ယောက်သည် ပြောစရာစကား ကုန်သွားသဖြင့် ငြိမ်သက်သွားကြသည်။

ပြာရီက မိုက်ကယ့်အချစ်ဆုံးသူငယ်ချင်းမို့လို့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေပေမယ့် စကားနည်းသော ကိုထပ်တူညီမှာ တစ်မျိုးဖြစ်နေပုံရသည်။

'ရှင် ဘာမှမစားဘူးလား'

'မစားချင်လို့. . ကျွန်တော် နည်းနည်း သောက်ထားတယ်၊ ခင်ဗျား လိမ္မော်ရည်သောက်မလား ကျွန်တော်သွားယူပေးမယ်လေ'

တူညီက မေးပြီးသောအခါ ထိုင်ရာမှ ထ,ပြီးသား ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကိုကြည့်ပြီး ပြာရီက အားနာပေမယ့် ခေါင်းညိတ်ပြီးသား ဖြစ်နေသည်။

'ရော့. . သောက်လိုက်ပါ၊ ဒါက လူကို လန်းဆန်းစေတယ်'

သူပြောသလိုပါပဲ။ လေကို ဝဝရှူသွင်းပြီး လိမ္မော်ရည်လေး ဝင်သွားသောအခါ လူက ပြန်လန်းလာသည်။

မိုက်ကယ်က သူ့ကိုယ်သူ အနိုင်နိုင်ထိန်းရင်း ပြာရီ့ကိုလာ ခေါ်သည်။

'ပြာရီ. . သူတို့ပြန်တော့မယ်တဲ့. . လာနှုတ်ဆက်ပါဦး'

ဧည့်သည်တွေ ပြန်ကုန်ကြပြီ. . . ပစ္စည်းတွေ စားပွဲခုံတွေ သိမ်းတဲ့သူက သိမ်းကုန်ကြပြီ။

တူညီက မိုက်ကယ့်ကို နှုတ်ဆက်ရန် ထိုင်ရာမှ ထသည်။

'မိုက်ကယ် ငါပြန်တော့မယ်'

မိုက်ကယ်က နာရီကိုကြည့်ကာ

'တူညီ. . အရမ်းမိုးချုပ်နေပြီကွ. . မင်း ယာခင်းက အဝေးကြီးဥစ္စာ. . ဒီညတော့ ငါတို့အိမ်မှာပဲ အိပ်ကွာ'

မိုက်ကယ်နှင့်ပြိုင်ပြီး သူ စောဒကမတက်ချင်ပါ။ မိုက်ကယ်က သူ့အပေါ်မှာ အမြဲနိုင်နေကျလေ. . သူပြောသလိုပဲ သူ့အိမ်မှာ အိပ်ဖို့ ပြင်ရသည်။





မိုက်ကယ်တို့အိပ်ခန်းနှင့်ကပ်ရက်အခန်းမှာ သူ့ကိုနေရာချပေးသည်။

တူညီက ကိုယ်ကို ဘေးစောင်းလိုက်ပြီး နားကို ခေါင်းအုံးဖြင့် ပိတ်ထားလိုက်သည်။

♦

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရိပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ညက အိပ်ရာပြောင်းသဖြင့် ကောင်းကောင်းအိပ်လို့မပျော်။ ဒီမနက် အစောကြီး သူနိုးနေသည်။ နိုးသည်ဟုသာ ပြောရသည်. . မအိပ်ရသလောက်ပါပဲ. သူ သိနေသည်။ မိုက်ကယ်တို့လင်မယားလည်း ကောင်းကောင်းမအိပ်ကြပါ။ အခုထိ သူတို့ မနိုးသေးသဖြင့် တူညီက နှုတ်မဆက်တော့ဘဲ သူ့ယာတောဆီသို့ လမ်းလျှောက်ကာ ပြန်လာခဲ့ပါသည်။

ဘယ်နေရာပဲ ရောက်ရောက်. . သူ့ယာတောလေးကိုသာ လွမ်းမိသည်။





သူ့ရဲ့ယာတောလေးကသာ သူ့ကို လှိုက်လှဲစွာကြိုဆိုနေသလို သူ့ကို လွတ်လပ်ခွင့်ပေးသည်။ မွန်းကြပ်မှုတွေဝေးပြီး အေးမြစေသည်။ အရှေ့ဘက်ဆီမှ ရောင်နီပျို့လာသည်။ လင်းကြက်တွန်သံလေးတွေ ကြားနေရပြီ။ နေ့သစ်တစ်နေ့ကို ရောက်လာပြန်ပြီပဲ။ သူ့ဘဝကတော့ မပြောင်းမလဲ ဒီအတိုင်းပါပဲ။ ရှမ်းကုန်းပြင်မြင့်က ရိုးမတွေ၊ တောင်တန်းတွေကို သူချစ်သည်။ သူအချစ်ရဆုံးနှစ်ယောက်ကို သေခြင်းတရားက နှလုံးသားကို အစိမ်းလိုက်ခွဲပြီးခေါ်သွားသည်။

အဖေနဲ့ အမေ မြင်နိုင်မယ်ဆိုရင် တစ်ခေါက်လောက် ငုံ့ကြည့်ပေးပါလားဗျာ။ ကျွန်တော့်ကို မှတ်မိသေးရဲ့လား. . ။ ကျွန်တော် ဘယ်လောက် အထီးကျန်ပြီး ဘယ်လိုနေထိုင်နေသလဲ ဆိုတာ အဖေတို့ သိစေချင်လို့ပါ. .

ဒါနဲ့ပဲ အထီးကျန်ပြီး ကျွန်တော် သေမှာပါ။ ကျွန်တော်တစ်ယောက်တည်း နေလာရတာ ဘယ်လောက် ကြာပြီလဲ. . အမေ့ကို ကျွန်တော် တိုးတိုးလေး ပြောချင်နေတာ. . ကျွန်တော့်နှလုံးသားက နှောင်တွယ်ပြီး ချစ်ရတဲ့ ကောင်မလေးတွေ့နေပြီဗျ. . သူ့မျက်ဝန်းလေးတွေက ကျွန်တော့်နှလုံးသားကို လာပြီး ပုတ်နှိုးသွားတာ. .

သူက လာစိန်ခေါ်တာဆိုလည်း ကျွန်တော်က အနားကို တိုးလို့သွားနေသလိုပဲ. .



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက်တော့ ရှန်းလို့ထွက်ပါဦးမလား အမေရယ်. . ။

နွယ်ပင်. . ငါ အမြင့်ချင်ဆုံးက မင်းမျက်နှာလေးပဲ။ အချိန်တွေ ကုန်မြန်လာတော့ မင်းကို နောက်ထပ်တွေ့ခွင့်မရှိရင် ဘယ်လိုလုပ်မလဲ။ မင်းကို တွေ့ပြီးမှ ငါ့ဘ၀ စိုပြည်လာတယ်ဆို. . ယုံမလား နွယ်ပင်။ အဲဒီအတွက် အစဉ်အမြဲကျေးဇူးတင်နေမယ်ဆိုတာ ယုံပါ။

ငါ့စိတ်ကို အဖော်ပြုပေးတဲ့အတွက် မင်း ဘယ်ရင်ခွင်ပဲရောက်နေနေ အရေးမကြီးပါဘူး. . . မင်းကို ငါ ထာ၀ရချစ်နေနိုင်တယ် နွယ်ပင်။

ဒီနေ့ မလာနိုင်လည်း မနက်ဖြန်တိုင်း သက်ဆုံးထိ စောင့်နေမယ် ကောင်မလေးရယ်. . တစ်နေ့ မင်း ကိုယ့်ဆီကိုရောက်လာမှာပါ. . အဲဒီနေ့ကို ကိုယ် မငိုဘဲ စောင့်နေမှာပါ. . မင်းရောက်လာနိုး. . မင်းကို မြင်ရနိုးနဲ့ စောင့်နေရင်း နေက ၀င်သွားပြန်ရော. . .

ကြယ်စင်လေးတွေ လမ်းပြပေးရင် ဘယ်လောက်ကောင်းမလဲ. . မင်းရှိတဲ့ဆီကို လေပြည်တွေ လမ်းပြပြီးခေါ်သွားရင်. . ကိုယ်ရောက်လာနိုင်တာပဲ. . အကြိမ်ကြိမ်တမ်းတနေမိတာက နှစ်သိမ့်ပေးမယ့် မင်းရဲ့အပြုံးလေးနဲ့ မင်းရင်ခွင်မှာ ခိုလှုံခွင့်လေး ပေးဖို့ပါပဲ. . .

* * *





ဒီကြားထဲမှာ တူညီနှင့်မိုက်ကယ် အဆက်ပြတ်သလိုဖြစ်နေသည်။ သူလည်း သူ့ယာခင်းထဲမှာ အလုပ်ရှုပ်နေသည်။ မိုက်ကယ်ကတော့ သူတို့နှစ်ယောက်၊ သူတို့ကမ္ဘာထဲမှာ နစ်၀င်ပြီး ပျော်နေမှာသေချာသည်။

မမျှော်လင့်သောနေ့တစ်နေ့တွင် မိုက်ကယ် တစ်ယောက်တည်း သူ့ဆီသို့ရောက်လာပါသည်။

မတွေ့ရသော နှစ်လ သုံးလအတွင်း မိုက်ကယ် နည်းနည်းပြည့်လာသလိုရှိသည်။

'စောစောစီးစီး အလုပ်တွေ ကြိုးစားနေလိုက်တာကွာ. . စားဖို့ နောက်ထပ်ပါးစပ်ပေါက်လည်း မရှိဘဲနဲ့. . '

'ငါ့မှာ တစ်ယောက်တည်းလေကွာ. . မင်းလို အဖော်မှမရှိတာ. . အားနေရင် ပျင်းမှာစိုးလို့ကွ. . . ဆိုစမ်း. . . ပေါ်တော်မူကြီးဘာကိစ္စလဲ. . '

တူညီက ကိုယ်ပေါ်မှချွေးတွေသုတ်ပြီး မိုက်ကယ့်နံဘေးမှာ ၀င်ထိုင်ရင်း မေးသည်။

'နွားနို့စစ်စစ်လေး လိုချင်လို့ မင်းဆီလာတာကွ၊ ဒီလိုလေ အခု ငါ့မိန်းမမှာ ကိုယ်၀န်ရှိနေပြီ တူညီ. . ဟား. . ဟာ. . ကြွားရတာ အရသာရှိလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး. အေး၊ မင်း လူဖြစ်တဲ့ကိစ္စ မင်းဘာသာမင်းပျော်ပေါ့'

'ပြီးရော. . ငါ့မိန်းမ ကလေးမွေးမှ မင်း လာချီမယ် မကြံနဲ့နော်. . ငါနဲ့အတွေ့ပဲမှတ်'

မိုက်ကယ် ဒေါသထွက်အောင်၊ စိတ်လှုပ်ရှားအောင် စ,ရတာလောက် ပျော်စရာကောင်းတာ မရှိ။

'နေဦး. . နွားနို့က ဒီနေ့လိုချင်တာလား'

'ဒီနေ့ရရင် ပိုကောင်းတာပေါ့. . ငါ့မိန်းမကို အားမွေးခိုင်းရမယ် ဟဲ. . ဟဲ. .'

'ဒါဆို ခဏစောင့်နေ. . ငါ နွားဆီသွားပြီး နို့ညှစ်လိုက်ဦးမယ်'

မိုက်ကယ့်ပါးစပ်ကြီး အဟောင်းသားဖြစ်သွားသည်။

'ဟော့ကောင်. . ငါတို့က နွားနို့ပဲ သောက်မှာနော်. . လူနို့မသောက်ချင်ဘူး'

တူညီလည်း သူ့စကားမှားသွားသဖြင့် အရှက်ပြေရယ်နေမိသည်။

'နွားက သူ့ဆီမှာပဲ ရှိတာလေကွာ အဲဒါပြောတာ ရောကုန်ပြီ'

'နွားဆီသွားမှာဆို စားစရာလေးဘာလေး ယူခဲ့ကွာ. . ငါ





ဗိုက်ဆာလို့၊ ပြီးတော့ နွားနို့ နေ့တိုင်းလိုချင်တယ်လို့. . ပို့တာတော့မင်းပဲ လာပို့ပေးနော် တူညီ'

ရောက်လာမြန်ပြီ တာဝန်တစ်ခု။ မိုက်ကယ်ခိုင်းသမျှ ပုတ်မထုတ်ရက်ဘဲ လိုလိုချင်ချင် လိုက်လုပ်ပေးနေတာကိုက ဝဋ်တစ်ခုလား. . .

နောက်တစ်ခုက ပြာရီမှိုင်းရဲ့ဗိုက်ထဲက ရင်သွေးလေးကို အားရှိစေချင်သည်။

ပြာရီသောက်မှာဆိုတော့ ပို့ပေးရမယ့်တာဝန် သူ့မှာ ရှိနေသည်။ အလိုလိုနေရင်း စေတနာက ပါနေပြီးသား။

တူညီ ထွက်သွားတော့ မိုက်ကယ်က တူညီ နေခဲ့သော အိမ်လေးထဲ ဝင်ပြီး လှည့်ပတ်ကြည့်ရှုမိသည်။ ဖြစ်သလိုစားပြီး ဖြစ်သလိုနေ,နေရသော သူငယ်ချင်းကို သနားလာသည်။

တော်တော်ခေါင်းမာတဲ့ ကောင်. . . သူချစ်တဲ့ ယာတောထဲက ဘယ်လိုမှ ဆွဲထုတ်လို့ မထွက်။ သူ့လုပ်ငန်းတွေမှာ လူယုံလိုနေလို့ လာကူပေးပါ ဆိုတာတောင် လက်မခံဘဲ ပေတေပြီး နေသည်။

သူ့ရင်ထဲမှာ ဘာရှိလဲဆိုတာ ခဏလောက်ဝင်ကြည့်လိုက်ချင်သည်။ တူညီ့ဘဝလေးက အထီးကျန်လွန်းတော့ သူ့ကို အချစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တွေ့စေချင်သည်။ သူ့ဘဝလေး အတည်တကျဖြစ်ပြီး စိုပြည်စေချင်သည်။

မိုက်ကယ်က ဘာရယ်မဟုတ်. . တွေ့လိုတွေ့ငြား မိန်းကလေးဓာတ်ပုံတို့၊ စာတို့. . လိုက်ရှာကြည့်မိသည်။

ဘာဆို ဘာတစ်ခုမှ မတွေ့သောအခါ စိတ်ဓာတ်ကျသွားသည်။

ဒီအသက် ဒီအရွယ် ရောက်နေပြီ၊ အချစ်ကို မခံစားတတ်တာ ထူးဆန်းသည်။

တကယ်ပဲ သူ့ရင်ထဲမှာ plane သက်သက်လား။ ဘာဆို ဘာတစ်ခုမှ မရှိဘူးလား။

'မိုက်ကယ် ဒီမှာ နွားနို့ရလာပြီ'

'ဟာ. . မင်းနွားနို့က ပူနွေးနေပါလား'

'နွေးမှာပေါ့ကွ. . ခုမှ ညှစ်ပေးလိုက်တာ၊ လတ်လတ်ဆတ်ဆတ်သောက်ရအောင်တဲ့'

'ဘယ်လောက်ကျသလဲ တူညီ'

'မကျဘူး. . အလကားရလာတာ၊ နုနုက ပိုက်ဆံမယူပါဘူး မိုက်ကယ်ရ၊ ဒီမှာ မင်းအတွက် ထမင်းကြော်နဲ့ ကြက်ဥကြော်ထည့်ပေးလိုက်သေးတယ်'





ထမင်းကြော်ပန်းကန်ကို တွေ့ကတည်းက ဗိုက်က ပိုဆာလာသည်။

'အားနာစရာကြီးကွာ. . စားလိုက်ဦးမယ်. . ဟဲ. . ဟဲ. . ငါ့မလဲ မင်းတို့ ယာတောထဲရောက်ရင် မစားရမနေနိုင် ဘာရောဂါမှန်းကို မသိဘူး'

'စားချင်ရင် စားပေါ့ကွ၊ ဘာဟန်ဆောင်နေစရာလိုလဲ. .'

မိုက်ကယ်က ထမင်းကြော်တစ်ဇွန်းကို ခပ်စားရင်း မျက်နှာက ပြုံးလာသည်။

'တူညီ. . မင်း စားကြည့်၊ ငါတို့ဟော်တယ်က စားဖိုမှူးလက်ရာထက် ပိုကောင်းတယ်'

'မင်း ဘာမှမစားခဲ့ဘူးလား'

'ခါတိုင်းဆို ငါ ပြာရီနဲ့အတူတူစားတာလေ. . ခုတစ်လောသူက morning sicknessရ,နေတော့ ဘာမှလည်း မစားဘူး၊ အဲဒါနဲ့ ငါလည်း မစားဖြစ်တာ'

ပြာရီမှိုင်းက မိုက်ကယ့်ကို ထမင်းခွံ့ကျွေးမှာပဲဟု အူကြောင်ကြောင်နိုင်စွာ သူတွေးမိသည်။

'မင်းမိန်းမကို တစ်ခုခုတော့ ဝင်အောင် ကျွေးလေကွာ. . ဆရာဝန် မပြဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြတာပေါ့. . သူက ထမင်းမစားချင်ဘူး၊ နွားနို့ဆို အရည်ဆိုတော့ ဝင်မယ်ထင်လို့ ငါလာမှာတာ. . နေ့တိုင်းကြီးကျတော့ ပိုက်ဆံယူဖို့ နုနုကိုပြောပေးကွာ. . ငါ အားနာတယ်'

'ခေါင်းထဲ မထည့်ပါနဲ့ကွာ. . အဲဒါ ငါ့တာဝန်ထား၊ စားပြီးရင် အိမ်ပြန်တော့. . မင်းမိန်းမကိုပဲ ဂရုစိုက်'

ဒီလိုကျတော့လည်း တူညီက နားလည်သားပဲ။

မိန်းကလေးကို ဦးစားပေးရမယ်ဆိုတာ သူ့စိတ်ထဲမှာ သိနေရက်သားနဲ့ ဘာလို့ ရည်းစားမထားတာလဲ စဉ်းစားရကျပ်သည်။ ဒီကောင့်ရုပ်က ယောကျ်ားပီသတော့ မိန်းမတွေ ကျလောက်သည်။ bodyနဲ့ အရုပ်အမောင်းဆိုလည်း ပြောစရာကို မလိုတာ. . .။

♦



BURMESE CLASSIC .com

## အခန်း (၁၆)

ပြာရီ့ကိုယ်ဝန် ရှိကတည်းက ဒယ်ဒီက မာမာ့ကို ပြာရီ့အနားတွင်သာ နေစေသည်။

မာမာကလည်း လိုလေသေးမရှိ ပြုစုပေးပါသည်။ စားလို့မဝင် ဝင်အောင်ကို ချို၊ ချဉ်၊ ငံ၊ စပ်၊ ခါး၊ စုံအောင် တစ်လှည့်စီချက်ပေးပြီး ချော့မော့ကာ စားစေသည်။

'သမီး မစားရင် ဗိုက်ထဲက ကလေး ဘယ်လိုအသက်ဆက်မလဲ'ဆိုတာနှင့် ကိုင်ပေါက်တတ်သည်။ အဲဒီအခါကျ ပြာရီလည်း ကြိတ်မှိတ်ပြီး ဘာဖြစ်ဖြစ် မျိုချပစ်လိုက်တာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



စားပြီး ငြိမ်ငြိမ်လေးနေတာမျိုးလည်း မာမာက မကြိုက်ပြန်။ လမ်းလျှောက်ရမယ်တဲ့. . . ။

မာမာရှိနေတော့ မိုက်လည်း အလုပ်ကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်သည်။ နောက်ဆံငင်စရာ မလိုတော့။

မိုက် အပြင်သွားချိန်တွင် မာမာက ချက်ပြုတ်နေသည်။ ပြာရီတစ်ယောက်တည်း ပျင်းလာတော့ ခြံထဲဆင်းပြီး လမ်းလျှောက်နေမိသည်။

ကလေးလေးရေ. . မင်းတော့ ဘယ်လိုပုံစံလေးရှိလဲ မသိဘူး. . ဒါပေမယ့် မေမေက အတွေးနဲ့ရူးပြီး ချစ်နေရပြီ သိလား. .

မိခင်စိတ်ဆိုတာ ဒါမျိုးပဲလား. . ကိုယ့်သားသမီးအတွက် အဆုံးစွန်အထိ ပေးဆပ်ပြီး ချစ်နေချင်တာ. . ကာကွယ်ပေးချင်တာ အထိခိုက်မခံစေချင်တာ တစ်မျိုးပြီးတစ်မျိုး သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေသည်။

'ပြာရီမှိုင်း'

တဲ့. . ။ ပြာရီ့နာမည်ကို ဒီလိုသုံးလုံးတွဲပြီး ခေါ်တာဆိုလို့ မိုက်သူငယ်ချင်း ထပ်တူညီတစ်ယောက်ပဲ ရှိသည်။ ပြာရီကိုယ်ဝန်ရမှ သူ့ခမျာလည်း အငြိမ်မနေရ။ နေ့တိုင်း နွားနို့လာလာပို့ပေးနေရသည်။





'ကိုထပ်တူညီ ဘာနဲ့လာတာလဲ'

သူက သူ့ခြေထောက်နှစ်ဖက်ကို ထိုးပြသည်။

'အားနာစရာရှင်. . ဒီလောက်အဝေးကြီးကနေ လာရတာ၊ မိုက်ပြန်လာရင် ပြောဦးမှပဲ'

'မပြောပါနဲ့ဗျာ. . သူက ကျွန်တော့်ကို ကားပေးသားပဲ. . . ကျွန်တော့ဘာသာ လမ်းလျှောက်ချင်လို့ လျှောက်တာ၊ ကျန်းမာရေးနဲ့ညီတယ်ဗျ'

'ကျွန်မလည်း လျှောက်နေရတယ်ရှင့်၊ ပျင်းပေမယ့် ကလေးလေးအတွက် ဆိုတော့လေ. . . ကိုထပ်တူညီလက်ထဲက နွားနို့ထုပ် ကျွန်မကိုပေး၊ မာမာ့ကို သွားပေး,ပေးမယ်'

ပြာရီက တူညီ့လက်ထဲမှ နွားနို့အထုပ်ကို လှမ်းယူပြီး လှည့်အထွက်တွင် ခြေထောက်က ဟန်ချက်မညီဘဲ လဲကျမလို ဖြစ်သွားသည်။

လျင်မြန်စွာဖြစ်ပေါ်သွားသောအခြေအနေက အလွန်ဆုံး ကြာလှမှ တစ်မိနစ်ပေါ့။

စိုးရိမ်တကြီးလှမ်းဆွဲလိုက်သော တူညီ့ရင်ခွင်ထဲသို့ ပြာရီမှိုင်း ကိုယ်လေး စွေ့ခနဲရောက်သွားသည်။

ပြာရီက ရှက်ရွံ့ထူပူစွာဖြင့် ကတုန်ကယင်ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



'ကျေး. . . ကျေးဇူးတင်ပါတယ်. . . ရှင်သာ လှမ်းမဆွဲရင် ကျွန်မ ဘာဖြစ်သွားမလဲ မသိဘူး'

'မင်းကိုယ်မင်း ဂရုစိုက်ပါ ပြာရီမှိုင်း. . မင်းဆီမှာ အသက် နှစ်ချောင်းရှိတယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့'

တကယ်ခံစားပေးပြီး စိတ်ပါလက်ပါရှိသော ထပ်တူညီကို မိုက်အားကိုးတာ မှန်ကန်တဲ့လုပ်ရပ်ဟု ပြာရီ့ရင်ထဲကနေ လှိုက်လှဲ စွာ ပြောမိသည်။

ပြာရီ ကိုယ်ဝန်ဆောင်နေတဲ့ ကာလအတွင်းမှာ တူညီက နို့ဗိုခြင်းအလုပ်ကို မပျက်မကွက်လုပ်ပေးပါသည်။ တူညီရဲ့စေတနာ ကြောင့်လား၊ ပြာရီကပဲ နွားနို့မှန်မှန်သောက်လို့လား မသိပါ။ ပြာရီ တစ်ယောက် ကျန်းမာ ပေ့ါပါးပြီး ပိုလို့တောင်မှ အလှတွေ တိုးလာ သေးသည်။

မိုက်ကလည်း ပြာရီ့ကို အရိပ်တကြည့်ကြည့်နှင့် ပိုးမွေးသ လို ဂရုစိုက်သည်။ ဒီကိုယ်ဝန်ကိုဆောင်ရတဲ့အတွက် ပြာရီ့ကို အား လုံးက ဝိုင်းပြီး အကြင်နာတွေ ပိုကြသည်။ ဖေးမကြသည်။

နွေးနွေးထွေးထွေးရှိသော ပြာရီ့ကမ္ဘာလေးဟာ သစ်ရွက် တွေကြွေသော နွေဦးရဲ့နေ့လေးတစ်နေ့မှာ မွေးဖွားလာသည့် သား လေးကြောင့် ပိုပြီး ကျက်သရေရှိလာသည်။





သားလေးတစ်မျက်နှာတည်းနှင့် ကမ္ဘာကြီးတစ်ခုလုံးကို ရင် ဆိုင်ရဲတဲ့သတ္တိတွေ ပြာရီ့ရင်ထဲမှာ အပြည့်ရှိသည်။

မိုက်ဆိုလည်း သူ့သားလေးကို ငံ့ထားမတတ်ချစ်ရှာသည်။ သွေးမတော် သားမစပ်တဲ့ တူညီတောင်မှ သားလေးမျက်နှာမြင်ပြီး ကတည်းက အိမ်ကို နေ့တိုင်းလိုလိုလာနေတော့တာ. . သားလေးက အဲလောက်အထိ ချစ်ဖို့ကောင်းတာ. . . ။

♦

BURMESE CLASSIC .com

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နုနုသည် နေခြည်နုနုလေးရဲ့ အထိအတွေ့မှာ မနွေးထွေးနိုင်ဘဲ မြင်နေရသောမြင်ကွင်းကိုသာ ဆေးစားမှားသူလို သတိလက်လွတ်ကြည့်နေမိလေသည်။ ဘယ်လိုမှကြည့်မနေနိုင်သည့်အဆုံးမှာတော့ သူသည် တူညီ၏ယာခင်းထဲသို့ အလိုလိုရောက်သွားပြီး

'ကောင်လေး. . ဒီအိမ်ကလေးကို ဘာဖြစ်လို့ ဖြိုချနေတာလဲ. . နှင်ပြောတော့ ဒီအိမ်လေးက နှင့်အသက်ဆို'

'နုနုက နှမြောနေတာလား. . စောင့်ကြည့်နေပါ၊ နောက်ဆိုဒီထက်လှတဲ့အိမ်ကို ဒီနေရာမှာတွေ့ရမယ်နော်'





'ဩော်. . ဒီလိုလား၊ ဒါပေမယ့် စိတ်ထဲမှာ မကောင်းဘူးကွဲ့. . ဟာတာတာကြီး'

သူက ကြီးမယ်နုကိုဖျောင်းဖျနေပေမယ့် သူ့ကိုယ်၌က စိတ်ထဲမှာ အတိုင်းမသိ ခံစားနေရသည်။ ဒါဆို သူဘာဖြစ်လို့ ဒီအိမ်ကိုဖျက်ပစ်တာလဲဟု မေးစရာရှိသည်။ အဖြေတစ်ခုကို ရေလည်အောင်သူပေးနိုင်မည် မဟုတ်ပါ။ မသိစိတ်ရဲ့စေခိုင်းမှုကို နာခံနေတာ၊ လိုက်လုပ်နေတာကိုက သူ့အပြစ်ပင်။

'မဟုတ်မှလွဲရော. . နှင် မိန်းမယူတော့မလို့လား၊ ဒီတစ်ခါတော့ နုနုကို ညာလို့မရဘူးနော်. . ပြောစမ်း. . ပြောစမ်း, . ဘယ်ကကောင်မလေးလဲ'

တူညီက နေမင်းရဲ့ အလင်းရောင်ကြောင့် လင်းလင်းချင်းချင်းရှိသော ကောင်းကင်ကြီးကို မော့ကြည့်ရင်းမှ အသက်မပါသောရယ်သံဖြင့်

'ဘယ်ကောင်မလေးက ကျွန်တော့်လိုကောင်ကို လက်ထပ်ချင်မှာလဲ နုနုရဲ့၊ ကျွန်တော်က အမြဲတမ်း တစ်ယောက်တည်းပဲ. . စိတ်အတွေးထဲမှာတော့ အကြိမ်ကြိမ်လက်ထပ်လို့ရချင်ရမယ် နုနု. . ဒါပေမယ့် အတွေးနဲ့လက်တွေ့ဘဝက တကယ်တမ်းကျတော့ အများကြီးကွာတယ်လေ. .'



www.burmeseclassic.com

www.burmeseclassic.com



နုနု ဘာမှမသိပါဘူးဗျာ. . ဒီကမ္ဘာကြီးမှာ တောင်းဆုတိုင်း စုံလင်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကို ကျွန်တော်သိရက်နဲ့ ယုံကြည်စွာ မျှော်လင့်နေမိတုန်းပဲ။

သူ့မျက်ဝန်းအကြည့်လေးတွေက အေးစက်မာကျောနေတဲ့ ကျွန်တော့်ရဲ့နှလုံးသားကို နိုးထစေခဲ့တာပေါ့. . နောက်ထပ်မရှိတော့တဲ့ အချစ်တွေနဲ့ ဘယ်လောက်ပဲ ချစ်ချစ်. . ခုတော့ ထာဝရအချစ်တွေကို ဇာတ်သိမ်းရတော့မယ် နုနုရယ်. . .

အိပ်ပျက်ညတွေ များလွန်းတော့ မျက်တွင်းဟောက်ပက်နဲ့ အိပ်ဆေးလည်း မတိုးတော့. . ရင်ထဲမှာ တကယ်ချစ်ခဲ့မိတော့လည်း ကျန်နေခဲ့တာက အရှုံးတွေပဲလား. . . . မျှော်နေတာ မောရပါတယ် ကလေးရယ်၊ တကယ်ချစ်တဲ့အတွက် ပြန်တွေ့နိုင်ဖို့ ကိုယ်ဆုတောင်းပေးမယ့် မပြည့်ခဲ့ပါဘူး။

မင်းကို ကိုယ် အမြဲတမ်းလွမ်းနေတယ်ဆိုတာ ယုံပါ။

ရင်ထဲမှာ အကြိမ်ကြိမ်ခေါ်နေတဲ့ ခေါ်သံလေးကို မင်း ရင်နဲ့ ရင်းပြီး နားထောင်ပေးပါ။

ကိုယ့်ကို သနားရင် တစ်ချက်လောက် ငဲ့ကြည့်ပေးပါလား နွယ်ပင်. . .

သမုဒ္ဒယတွေနဲ့ တစ်စထက်တစ်စ တိုးပြီး နှောင်တွယ်စေတဲ့





နွယ်ပင်. . ဝေဒနာတွေပေးပြီး ခြေရာဖျောက်သွားခဲ့တဲ့ နွယ်ပင်. . ချစ်တဲ့စိတ်တွေက အဆိပ် ဖြစ်ပြီး လူကို အရူးတစ်ပိုင်း ဖြစ်စေခဲ့တဲ့ နွယ်ပင်. .

တစ်နေ့နေ့မှာတော့ သူ့ရင်ခွင်ထဲကို ရောက်ကိုရောက်လာမည်ဟု သူယုံကြည်ထားသည်။

ဘယ်နေ့လဲ. . ဘယ်တော့လာမှာလဲ. . ဘယ်အချိန်ပဲ လာလာ. . နွယ်ပင်သာ တကယ်လာခဲ့ပါစေ. . သူ့ရင်နှစ်ခြမ်းကို အကွဲခံပြီး ဖွင့်ဟကြိုဆိုနေမှာပါ. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်းတွေ ပေါင်းစုပြီး မွေးဖွားလာသော ဂိုးလ် (Goal)လေးကို နှစ်ဖက်ဘိုးဘွားတွေရော ဆွေမျိုးတွေပါ အချစ်တွေ ပုံအော ပြီး ချစ်ကြပါသည်။ မိုက်ကယ်နှင့် ပြာရီကတော့ သူတို့သားလေးကို တုန်နေအောင် ချစ်ပါသည်။ ကဲကဲ. . သဲသဲနှင့် သားဦးမို့ မျက်စိ အောက်ကကို အပျောက်မခံပါ။

သူတို့အားလုံးက သွေးတော်သားစပ်လို့ချစ်ကြတာ မဆန်း ပေမယ့် ထပ်တူညီဆိုတဲ့သူက သွေးမတော် သားမစပ်ပေမယ့် သူတို့ တွေထက် ပိုကဲပြီး သူတို့ထက် ပိုချစ်နေတာ မထူးဆန်းဘူးလား. . မိဘတွေတောင် ဩချရတဲ့အဖြစ်. . .

ကလေးက နှစ်နှစ်ရှိပြီဆိုတော့ စကားကို မပီပေမယ့် တီတီ တာတာပြောတတ်သည်။ ချွဲတတ်သည်။ တူညီကိုဆို ပိုချွဲသည်။လက် သာရာမှာ ပျော်တတ်တာက ကလေးသဘာဝပဲ မဟုတ်လား။

အိပ်ရာက ထတာနှင့် သူမျှော်နေတာက သူ့ဦးဦးသာ ဖြစ် သည်။ တူညီ မလာမချင်း မုန့်ကျွေးလို့ကိုမရတာ။ ကလေးက တူညီ ကျွေးမှစားသည်။ ရေချိုးရင်လည်း တူညီမှ. . ဘယ်ဘဝက ပါလာ တဲ့ ရေစက်ကြောင့်မှန်းမသိ။ ဂိုးလ်လေးက တူညီကိုဆို သူ့မိဘတွေ ထက် ပိုပြီးခင်တွယ်ပါသည်။

မှန်ချပ်အပြည့်ကာထားသော ဧည့်ခန်းထဲမှာ မိုက်ကယ်က





စာရင်းတွေ စစ်နေသည်။ ပြာရီက ကော်ဖီနှင့် Sandwich တင်ထား သော လင်ပန်းကို မိုက်ကယ့်ရှေ့မှာချပေးရင်း

'ဟိုမှာ ကြည့်ပါဦး မိုက်ရယ်. . ကိုထပ်တူညီက အရမ်းစိတ် ရှည်တာပဲနော်၊ သူ့မှာလေ ဘာမဆို သားလေးအလိုကျပဲ၊ ဒါကြောင့် လဲ သားက သူမှသူဖြစ်နေတာ'

မိုက်ကယ်က တူညီနှင့်သူ့သားလေး ကွင်းပြင်ကျယ်ကြီးထဲ မှာ လိုက်တမ်းပြေးတမ်းကစားနေတာကိုကြည့်ပြီး ကျေနပ်နေသည်။

'ကိုယ်တို့အတွက်တော့ ဒီကောင်က Joker ပဲ၊ လိုရာသုံးလို့ ရတယ်လေ. . အခု ပြာရီလုပ်ရမှာက ကိုယ့်ကို ကလေးနောက်တစ် ယောက် မွေးပေး. . ဒီတစ်ခါ သမီးလေး မွေးပေးနော် ချစ်. . ထိန်း ရမှာက ဟိုကောင့်တာဝန်'

အတည်ပေါက်နှင့် စပ်ဖြဲဖြဲလုပ်နေသော မိုက်ကို ပြာရီက ချစ်စနိုးလေး လိမ်ဆွဲရင်း

'မိုက်နော်. . သူ့ကွယ်ရာမှာမို့ ပြောတာ မဟုတ်ဘူး၊ မိုက် ကလေ ကလေးထိန်းရမှာ သူ့လောက်စိတ်မရှည်ဘူး. . ဟုတ်တယ် မဟုတ်လား. . မှန်မှန်ပြော'

'စိတ်မရှည်တာ မဟုတ်ဘူး မိန်းမရာ၊ မအားတာ. . ဒါပေ မယ့် ကိုယ့်သားလေးကို တုန်နေအောင် ချစ်တာပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ပြာရီက ကျေနပ်စွာပင် မိုက်မျက်နှာကို တရှိုက်မက်မက်မြတ်နိုးစွာကြည့်ပြီး ပြုံးနေလိုက်သည်။

'တကယ်ပါကွာ. . ကိုယ့်မိန်းမမို့ ကိုယ်ပြောတာ မဟုတ်ဘူး၊ ပြာကလေ ကလေးတစ်ယောက်အမေသာ ဖြစ်သွားတယ်. . ဘာဆို ဘာတစ်ခုမှ အလှပျက်မသွားဘူး. . အရင်ကထက်တောင်မှ ပိုပြီးဆွဲဆောင်မှုရှိလာသေးတယ်. . ဒါကြောင့် ကိုယ့်မိန်းမကို အိမ်ထဲမှာပဲထားတာ. . စိတ်မချလို့ အပြင်ပေးမထွက်တာ ရှင်းပြီလား'

မမျှော်လင့်ဘဲ ယောကျ်ားဖြစ်သူက ချီးမွမ်းပြီး သဝန်တွေတိုနေမှန်းသိတော့ ပြာရီ့မျက်နှာမှာ ရှက်သွေးတွေ လွှမ်းလာသည်။

'မိုက်နော်. . ကလေးအဖေဖြစ်နေပြီ. . လူပျိုစိတ်က မကုန်သေးဘူး'

'ဘာလဲ. . ပြာ မယုံလို့လား. . တူညီဆိုတဲ့ကောင်က ဘယ်မိန်းမမှ လူထင်တာ မဟုတ်ဘူး. . အဲ. . သူ့ရှေ့မှာ ပြာရီ့အလှကို စာဖွဲ့ပြရင် ငြိမ်နေရော. . ထောက်ခံတာပေါ့. . အဲဒီလိုလူကတောင် ပြာ သိပ်လှတာ သိနေတယ် ဆိုတော့. . . ကိုယ် ပြောတာ လွန်လို့လား'

မိုက်က ပြာရီ့ပခုံးလေးကို ကြင်နာစွာလှမ်းဖက်ရင်း ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။





ဘယ်အချိန်က သူတို့အနားရောက်လာမှန်းမသိသော သားလေးက

'ဒယ်ဒီ မာမီနဲ့ တူတူပုန်းနေတာလား'

ဟု မေးသည်။ မိုက်ကယ်က အရှက်ပြေရယ်ကာ

'ဟုတ်တာပေါ့. . သား မရှိလို့ သားအမေက ပျင်းနေတာလေ. . လာပါဦးကွ. . သားဘော်ဒါကြီးနဲ့ ဘာတွေဆော့လာတာလဲ'

ဂိုးလ်က သူ့အဖေ ပြောင်းပေးသော ခေါင်းစဉ်အောက်သို့ အာရုံပြောင်းသွားသည်။

'ဦးဦးနဲ့ ဂိုးလ်က တေနတ်ပစ်တမ်းဆော့နေတာ. . ဒိုင်း. . ဒိုင်းဆို ဦးဦးက တေရော'

'ဟား. . . ငါ့သားက လက်ဖြောင့်သေနတ်သမားပဲကွ. . . ကြည့်စမ်း. . လူဆိုးဗိုလ်ကြီးတူညီကို မှန်အောင် ပစ်နိုင်တယ်'

ဂိုးလ်က သူ့ဦးဦးကို လုံးဝ အထိမခံပါ။ ချက်ချင်းပြန်ချေပသည်။

'ဦးဦးက လူဆိုးမဟုတ်ပါဘူး'

'ဟုတ်သားပဲ မိုက်ရယ်. . သူ့ဦးဦးမှသွားထိတတ်ပလေ'

ပြာရီက မိုက်ကယ့်ကိုပြောရင်းမှ တူညီ့ဘက်လှည့်ကာ ပြောပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား . . ကိုထပ်တူညီ၊ သားက ရှင့်ကိုဆို နည်းနည်းမှ အထိမခံဘူး၊ သူ့ဘဝမှာတော့ ရှင်ဟာ သူ့ရဲ့Ideal ပဲ၊ သူက ရှင့်ကို အရမ်းအတုခိုးတာ'

မိုက်ကယ်က ရယ်ကာမောကာဖြင့်

'အဲဒါတော့ မလုပ်ပါစေနဲ့မိန်းမရယ် . . သူ့အတုတွေ လိုက်ခိုးနေရင် သားလေး ဒီတစ်သက် မိန်းမရမှာမဟုတ်ဘူး . . မဖြစ်ဘူး၊ မဖြစ်ဘူး . . တော်ကြာ ကိုယ်တို့မျိုးဆက်တုံးသွားလိမ့်မယ်'

တူညီက အစအနောက်သန်သောမိုက်ကယ့်ကို အသဲတိတ်လှမ်းပြီး ဆဲပါသည်။

◆



## အခန်း (၁၈)

ငါးလအတွင်းမှာ သူ လိုချင်သောပုံစံအတိုင်း ရုပ်လုံးပေါ်လာသော အိမ်ကလေးကိုကြည့်ပြီး ကျေနပ်နေသည်။ အိမ်က နှစ်ထပ်ဖြစ်ပြီး အုတ်တစ်ပိုင်း၊ ပျဉ်ထောင်တစ်ပိုင်းဖြစ်သည်။ အပေါ်ထပ်ရော အောက်ထပ်ပါ ပြတင်းပေါက်အားလုံးကို မှန်တွေတပ်ထားပြီး အပြင်မှကြည့်လျှင် အတွင်းသို့ မမြင်ရပါ။

တူညီတို့ ဂိုးလ်လေးကို ဘယ်လောက်ထိ ချစ်သလဲဆိုရင် အရုပ်တွေ မျိုးစုံအောင် ဝယ်စုပြီး သိမ်းထားသည်။ တစ်နေ့တစ်နေ့ ဂိုးလ်ကို ပေးဖို့ အရုပ်ကလေးတွေကို ကြည့်ပြီး ကြည်နူးနေတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တူညီ။ သူ့ဘဝ သူ့ကမ္ဘာမှာ နွယ်ပင်ကို တမ်းတပြီး ချစ်နေတာက လွဲရင် ဂိုးလ်ဟာ သူ့အတွက် အလင်းရောင်ဖြစ်သည်။

တစ်ခုတည်းသော တွယ်တာစရာဟာလည်း ဂိုးလ်ပါပဲ. . ကလေးသံယောဇဉ်နဲ့ နေ့တိုင်းသွားပြီး ထိန်းပေး ဆော့ပေးပြီး ပြန်လာခဲ့ရပေမယ့် ညအိပ်ခါနီးတိုင်း ဂိုးလ်မျက်နှာလေး မြင်နေတာက တစ်ဒုက္ခ။

အိမ်ရဲ့အတွင်းပိုင်းကို သူ့စိတ်တိုင်းကျပြင်ဆင်ထားသည်။ တစ်ယောက်တည်းနေတဲ့အိမ်ကို အမျိုးမျိုးပြင်ဆင်ခြယ်မှုန်းနေတာ ဘာအတွက်လဲ မသိ။ နုနုလည်း သိချင်နေသည်။

ဘယ်အရာကိုမဆို လျှို့ဝှက် သိုသိပ်လွန်းတဲ့ ထပ်တူညီရဲ့ စိတ်ဓာတ်ကို ဘယ်သူကမှ အကဲမဖမ်းနိုင်ခဲ့. . . နုနုတစ်ယောက်ကတော့ တိတ်တခိုးလေး မျှော်လင့်နေပါသည်။ တူညီများ မိန်းမ ယူမလို့လား. . .

နွေက မိုးပြောင်း၊ မိုးက ဆောင်းရာသီသို့ ကူးပြောင်းသွားပြီး ရာသီစက်ဝန်း တစ်ပတ်လည်ချိန်တွင် ဂိုးလ်ရဲ့မွေးနေ့လေး နီးကပ်လာပါသည်။

မိုက်ကယ်က သူ့သားမွေးနေ့ကို တခမ်းတနားကျင်းပမြဲဖြစ်သည့်အတိုင်း ဒီနှစ်မွေးနေ့အတွက်ကို သူတို့ခြံထဲမှာ စိတ်တိုင်းကျပြင်





ဆင်နေကြသည်။ ဂိုးလ်ရဲ့မွေးနေ့က ခရစ္စမတ်အနား နီးနေသည့်အတွက် ခရစ္စမတ်သစ်ပင်လေးတွေမှာ အလှဆင်သူက ဆင်၊ မီးလုံးရောင်စုံလေးတွေ တပ်ဆင်သူက တပ်ဆင်နေပြီး တူညီကတော့ သူ့အသည်းတုံးကြီးအတွက် ပူဖောင်းရောင်စုံကလေးတွေကို ဖဲပြားတွေပေါ်မှာ ချည်နှောင်ရင်း ဘာကို ကျေနပ်မှန်းမသိ. . ပျော်နေလိုက်တာများ သူ့မျက်နှာမြင်ရုံနှင့် သိသာစေသည်။

အလုပ်ရှုပ်နေသော တူညီ့အနားသို့ ဂိုးလ်က ကပ်လာပြီး

'ဦးဦး. . ဂိုးလ်ကို ချီပါ. . ချီပါဆိုမှပဲ'

ဂိုးလ်က ပြဿနာရှာလေပြီ။ သူ့ကို ဂရုမစိုက်ဘဲ ပစ်ထားတယ်ထင်ပြီး လာရစ်နေခြင်းဖြစ်သည်။ တူညီမို့လို့ အိမ်ကိုမလာနှင့်။ လာပြီဆိုတဲ့နောက် သူနှင့်အတူတူဆော့မှ. . သူ့ကို ဂရုစိုက်မှ ကျေနပ်တဲ့ ဂိုးလ်. . သူ့အကြောင်းသိနေသော တူညီက ချိုင်းနှစ်ဖက်မှ ဆွဲယူ၍ပွေ့ချီမွှေ့ရမ်းပြီး ဖောင်းနေတဲ့ပါးကလေးနှစ်ဘက်ကို အားရပါးရ နမ်းပစ်လိုက်သည်။

နောက်ပြီး သူ အသည်းယားလျှင်လုပ်နေကျအတိုင်း ဂိုးလ်ရဲ့မေးစေ့လေးကို သူ့မုတ်ဆိတ်မွေးတိုတိုလေးတွေနှင့်ပွတ်သောအခါ ဂိုးလ်က ယားသဖြင့် ခိုးခိုးခစ်ခစ်ရယ်လေသည်။ ပါးစပ်မှလည်း မပီ့တပီ အော်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'တေပါပီ. . တေပါပီ'

သေပါပြီ တဲ့လေ. . . ကဲ. . ဘယ်လောက် စကားတတ်တဲ့ ကလေးလဲ. . နွယ်ပင်ရေ. . မင်း ကိုယ့်ကို အဲဒီလိုကလေးမျိုး တစ်ယောက်လောက် မွေးပေးရင် ဘယ်လောက်ကောင်းမလဲကွ. . ဒီဘဝ ဒီခန္ဓာနဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာပေါ့. . ဟုတ်တယ် မဟုတ်လား။ တစ်သက်လုံး ကိုယ့်မျှော်လင့်တမ်းတနေတဲ့ မိသားစုဘဝလေးတစ်ခု မင်း ပေးမယ် မဟုတ်လား. .

ဂိုးလ်ကို ချီထားသော တူညီက ခြံဝမှလှည့်ထွက်သွားသော လူတစ်ယောက်၏နောက်ကျောကို မြင်လိုက်ပြီးနောက် ခဏတော့ တွေဝေသွားသည်။ ခြံထဲထိ ဝင်မလာဘဲ ခြံဝကတင် လှည့်ပြန်သွားတာ ဘာသဘောလဲ. . .

မသေချာ မရေရာခြင်းတွေနှင့်အတူ သံသယစိတ်ကလေးက သူ့ရင်ထဲကို တိုးဝင်လာပြီး ခြံဝကိုထွက်ကြည့်မိသည်။ သူ့ရဲ့မသိစိတ်က ထင်နေသည့်အတိုင်းပင် ခြံတံခါးဝမှာ စာတစ်စောင်ကို ညှပ်ထားခဲ့တာတွေ့လိုက်ရသည်။

တူညီက တွေဝေခြင်းမရှိဘဲ စာကိုလှမ်းယူလိုက်သည်။ ဘာမဆိုစပ်စုချင်သော ဂိုးလ်လေးက စူးစမ်းနေသောမျက်ဝန်းအစုံဖြင့် သူလုပ်သမျှကို လိုက်ကြည့်နေလေသည်။





စာအိတ်ပေါ်မှာ ရေးထားတာက 'တိုးမိုက်ကယ်အတွက်' တဲ့. . ။

သူ့စိတ်ထဲမှာ နည်းနည်းတော့ ထူးဆန်းနေပါသည်။ တိတ်တိတ်ကလေး လာချောင်းပြီး လူမသိအောင်ထားခဲ့တဲ့ စာဟာ ရိုးသားပါ့မလား. . ဘာအတွက်လဲ. . ဘာကြောင့်လဲ. . .

တူညီသည် ဆုတ်ဆိုင်းမနေတော့ဘဲ စာကို ယူကာ မိုက်ကယ့်ထံသို့သွားလေသည်။

'မိုက်ကယ်. . ဒီစာက ထူးဆန်းနေသလိုပဲ၊ ငါခြံရှေ့မှာ လူတစ်ယောက်ထွက်သွားတာ မသင်္ကာလာလို့ ထွက်ကြည့်တော့ ဒီစာကို တွေ့တာပဲ. . ရော့. . '

ပြာရီလည်း စိတ်ဝင်စားနေပြီဖြစ်သည်။ သူမမျက်လုံးထဲမှာ အရောင်တွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေသည်။

မိုက်ကယ်က အားလုံးရဲ့ရှေ့မှာပင် စာအိတ်ကို ဖွင့်ပြီး စာကို ယူဖတ်ကြည့်လိုက်သည်။ အသံတိတ် မျက်လုံးများနှင့် ဖတ်နေရင်းမှာပဲ သူ့မျက်နှာမှာ အပြောင်းအလဲတစ်ခုကို အတိုင်းသား တွေ့မြင်နေရသည်။ ပြာရီရဲ့မာမာကလည်း စာထဲမှာပါမည့် အကြောင်းအရာကို စိတ်ဝင်တစားမေးလာသည်။

'ဘာတဲ့လဲ. . ဘာတွေ ရေးထားလို့လဲ သားရယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က ‘တောက်’တစ်ချက်ကို ခံပြင်းစွာ ခေါက်သည်။ ပြာရီ့မျက်လုံးလေးတွေ ဝိုင်းစက်နေတာကိုကြည့်ခြင်းအားဖြင့် သူမ ဘယ်လောက်ထိ ကြောက်ရွံ့ထိတ်လန့်နေသလဲ ဆိုတာ သိသာနေလေသည်။

မိုက်ကယ်က အားလုံးကြားအောင် ဖတ်ပြလိုက်သည်။

‘မင်းရင်ထဲက အစတစ်စကို ဆွဲထုတ်ပြမယ်. . စောင့်နေပါတဲ့၊ အလကားကောင်၊ ဂန်ဒူး အခြောက်. . ပုဆိုးခြုံကြားက လက်သီးပုန်းပြနေတာ. . မိုက်ကယ်တို့က ပြတ်တယ်၊ သတ္တိရှိရင် ငါ့ရှေ့ထွက်လာခဲ့၊ တစ်ယောက်ချင်း ယှဉ်ရဲတယ်. . ဟား. . ဟား. . ဟား. . ငါ့လိုကောင်ကို ဒီလိုလာခြိမ်းခြောက်လို့ရမလား. . အ်စတစ်စ မပြောနဲ့ ဆံပင်တစ်မွေးတောင်မှ မင်းတို့မရစေရဘူးကွ. .’

‘ဘာပဲဖြစ်ဖြစ် မင်းတို့မှာ အန္တရာယ်တွေရှိနေပြီကွ. . ဒီက ရှေ့လျှောက် ဆင်ခြင်ပြီးနေတော့ မိုက်ကယ်’

တူညီက စိုးရိမ်ပြီး ဆင်ဆင်ခြင်ခြင်ပြောပေမယ့် မိုက်ကယ်က လုံးဝလက်မခံပါ။

‘ဟိုတစ်နေ့က ဖုန်းဆက်တာ သူတို့ပဲလား မိုက်’

ပြာရီ့အမေးကြောင့် တူညီက

‘ဖုန်းလည်း ဆက်သေးတယ်. . ဟုတ်လား’





‘အလကားပါကွာ. . ငါ့ကိုဖုန်းထဲမှာ အသံဖျက်ပြီး သတိထားနေ၊ စောင့်ကြည့်နေတယ် ဘာညာပြောလို့ ငါ အားရပါးရဆဲပစ်လိုက်သေးတယ်၊ ခုတလော ငါ့ကို ဘယ်ကောင်တွေ နှောင့်ယှက်နေသလဲ မသိဘူးကွာ’

‘စီးပွားပြိုင်ဖက်တွေများလား သားရယ်. . ဘာမှမဖြစ်သေးပေမယ့် ကိုယ့်ဘက်က လက်ဦးမှု ရအောင် ရဲတိုင်ထားရင် ကောင်းမယ်နဲ့တူတယ်နော်’

လူကြီးပီပီ စိုးရိမ်ပြီး သတိပေးတဲ့ မာမာ့စကားကို တူညီက ကန့်ကွက်လေသည်။

‘အဲသလောက်ထိ မလိုသေးပါဘူး အန်တီရယ်. . ဒီကောင်တွေ ဖွဲခြောက်တိုင်း ကြောက်စရာမလိုပါဘူး၊ ကျွန်တော်တို့လည်း ရှိနေသားပဲ. . လာစမ်းပါစေဗျာ. . ဒါမျိုးပဲ တွေ့ချင်နေတာ’

မိုက်ကယ်က အားကိုးရသော သူ့သူငယ်ချင်းကို ကြည့်ပြီး အလွန်အမင်းအားရနေလေသည်။

‘ဒီမယ် ဟေ့ကောင်. . ဒီကမ္ဘာလောကကြီးထဲမှာ မင်းကို ငါ အားအကိုးဆုံးကွ. . ငါ့မိန်းမကို ငါ ဘာမှာထားသလဲလို့ မင်းမေးကြည့်လိုက်’

သူ ဘာမှာထားသလဲတော့ တူညီ မသိပါ။ ပြာရီက ရှက်ကိုး



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကန်းပုံစံလေးဖြင့် သူ့ယောက်ျားကို ဆက်မပြောဖို့ ပိတ်ပင်တား မြစ်နေပါသည်။

ကြောက်တာ မကြောက်တာ အပထား. . ထိုနေ့က ပေါ့ပါး နေသောသူတို့စိတ်တွေ လေးလံနောက်ကျိသွားတာကတော့ သေချာ သည်။

တူညီက ဂိုးလ်လေး ကျေနပ်အောင် ဆော့ပေးပြီး ညနေ စောင်းလောက်မှ သူ့ယာခုတောလေးသို့ ပြန်ခဲ့ပါသည်။

◆

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



## အခန်း (၁၉)

အိမ်၏အပေါ်ထပ် ဝရန်တာတွင် ထွက်ရပ်လိုက်သည်နှင့် လေနုအေးလေးတွေက သူ့ကို တိုးဝှေ့လာသည်။ ဒါဟာ ဆောင်းရဲ့ သင်္ကေတ၊ ဆောင်းလေအေးတွေပဲ ဆိုတာ သိလိုက်ပြီး သူ့စိတ်တွေ ကြည်လင်လာသည်။

စိတ် ဆိုတဲ့အရာက ထူးဆန်းပါသည်။ သူလုပ်ချင်ရာတွေ လုပ်ပြီး ငြိမ်သက်သွားပြီဆိုလျှင် အလိုလိုနေရင်းက အလိုတွေကျနေ သည်။ မြင်မြင်သမျှ အရာအားလုံးဟာလည်း ကျေနပ်စရာတွေ ဖြစ်လို့နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဂိုးလ်ရဲ့မွေးနေ့ ဆိုတာ သူ အတပ်သိနေသည်။

ကလေး လိုချင်သည်ဟု ပြောခဲ့ဖူးသောအရာတွေမှန်သမျှ အကုန်ဝယ်ပြီး ပက်ကင်ထုပ်ထဲမှာ အဆင်သင့်ထည့်ထားပြီးသား. မနက် အိပ်ရာနိုးကတည်းက အာရုံမှာပေါ်နေတာက ဂိုးလ်ရဲ့မျက်နှာလေးပင် ဖြစ်သည်။

သူ့အမေက အလှဆုံး ပြင်ပေးထားမှာ သေချာသည်။ ဒီကောင်က သူ့အဖေမိုက်ကယ်လိုပဲ အင်မတန်မှ အသန့်ကြိုက် အလှကြိုက်လေသည်။

စတိုင်လ်ကျကျလေး ဝတ်ပြီး သူ့ကိုမျှော်နေမည့် ဂိုးလ်... ဘိုဆန်ဆန်ချော့ပြီး မြန်မာစိတ် ရှိကာ သနားကြင်နာတတ်သော သူ့ရဲ့ဂိုးလ်လေးဆီ ဒီညနေ သူသွားရမည်။

တူညီက သူ့မွေးနေ့ကို မေ့ထားသောသူဖြစ်သည်။ အထီးကျန်နေတဲ့ဘဝမှာ မွေးနေ့ဆိုတာက ဘာအဓိပ္ပာယ်ရှိဦးမှာလဲ။ ဒါပေမယ့် သူ့ဘော်ဒါကြီးဂိုးလ်က စပ်စုတော့ သူပြောပြဖြစ်သည်။

သူ့မွေးနေ့ကို သိသွားပြီး ဂိုးလ်ရဲ့အမေ ပြာရီက မွေးနေ့လက်ဆောင်ဆိုပြီး Poloတံဆိပ် အင်္ကျီတစ်ထည်လက်ဆောင်ပေးလေသည်။ သူ့အတွက် ဆိုပြီး တကူးတကပေးတဲ့ အင်္ကျီလေးကို မဝတ်ရက်အောင်ကို သူ မြတ်နိုးသည်။





အမှတ်တရအနေနှင့်သာ သေသေချာချာသိမ်းထားခဲ့လေသည်။

ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် ထိုအင်္ကျီလေးကို သူ ဝတ်ချင်နေပါသည်။ သူဝတ်တာကိုမြင်ပြီး ပေးတဲ့သူလည်း စိတ်ချမ်းသာသွားမှာ သေချာသည်။

တူညီက ဒီနေ့မှ စိတ်လိုလက်ရ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကို ရိတ်သင်နေမိသည်။ ရေချိုးပြီးတော့လည်း သူ့မျက်နှာကို မှန်ထဲမှာ အသေအချာကြည့်ရသေးသည်။ သူ့မျက်နှာ သူ ဆန်းစစ်ကြည့်မိတော့ ခါတိုင်းနေ့နဲ့ မတူတဲ့ အဓိပ္ပာယ်ရှိမှုတွေ ပေါ်လွင်နေသည်ဟု ထင်သည်။

အမြဲတမ်း အလုပ်ကြမ်းလုပ်ရသဖြင့် ဖုထစ်နေသော လက်မောင်းသားနှင့် ရင်အုံကျယ်ကျယ်ကြီးက ပြာရီ ပေးသောအင်္ကျီနှင့် လိုက်ဖက်လှသည်။

သူ့ရဲ့ height ကလည်း အမြင့်စား. , ဆံပင်ကလည်း အမိုက်စားဆိုတော့ ဂျင်းဘောင်းဘီဝတ်လိုက်ရင် အလိုလို စတိုင်လ်က ကျနေပြီးသား။

သူ့ကိုယ်သူ စိတ်တိုင်းကျပြီ ဆိုမှ ဂိုးလ် အတွက် ပါဆယ်ထုပ်ကလေးကိုယူပြီး ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယာတောနှင့် မိုက်ကယ်တို့အိမ်က အနည်းဆုံး လေးဆယ့်ငါးမိနစ်လောက်တော့ လမ်းလျှောက်ရပါသည်။ စက်ဘီးယူလာလျှင်တော့ မြန်ပါသည်။ ဒါပေမယ့် သူက အချိန်ရနေသေးတော့ အေးအေးလူလူပင် လမ်းလျှောက်လာသည်။

မိုက်ကယ်တို့ခြံနားရောက်တော့ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

လူတွေ စည်နေရတော့မှာ. . ဘာလို့ တိတ်ဆိတ်နေတာလဲ။ ဟုတ်တယ်. . တော်တော်ကြီးကို တိတ်ဆိတ်နေတာ. . ။

စိတ်ထဲမှာ ချောက်ချားလာသည်နှင့်အမျှ ခြေလှမ်းတွေကသွက်လာခဲ့သည်။ ခြံထဲကိုရောက်တော့ သူ ပထမဆုံးခေါ်မိသည်က ဂိုးလ်ကိုပါ။

'ဂိုးလ်ရေ. . ဂိုးလ်'

သူ့အသံကြားတော့ မာမာက အူယားဖားယား ပြေးထွက်လာပြီး

'တူညီ. . မင်းရဲ့ဂိုးလ်လေး မရှိတော့ဘူးကွယ့်. . မရှိတော့ဘူး'

ထိုအသံက သူ့ရင်ကို ကျင်စက်နှင့် တို့လိုက်သလို နာစေသည်။





'ဂိုးလ်က ဘယ်သွားလို့လဲ. . . ဘာတွေဖြစ်ကုန်ပြီလဲဗျာ၊ ကျွန်တော် ရှင်းအောင် ပြောပြပါဦး'

'ဒီမနက် တို့တွေ သူ့အတွက် အလုပ်ရှုပ်နေကြတာ. . ဘယ်အချိန်က သူ ခြံထဲဆင်းသွားလဲ မသိဘူး၊ သူ့ကိုမတွေ့လို့ လိုက်ရှာတော့မှ ပျောက်နေမှန်းသိတာ. . လိုက်ရှာတာလည်း နှံ့နေပြီ၊ မတွေ့ဘူးတဲ့. . မင်းဆီတောင် လာဦးမလို့ပဲ. . ဒီနေ့ မင်းလာမှာ ကျိန်းသေနေလို့ မလာတော့တာ. . ပြာလေးဆို အရူးမီးဝိုင်းဖြစ်နေပြီကွယ်. . သူတို့နှစ်ယောက် ခုနကမှ ရဲစခန်းကိုထွက်သွားတာ လူပျောက်သွားတိုင်ကြတာလေ. . ကလေးကို ခေါ်သွားပြီး သူတို့ဘာလုပ်ကြမလို့လဲ မသိဘူး. . သနားလိုက်တာကွယ်'

ပြောလိုက် ငိုလိုက်လုပ်နေသော မာမာ့ကို တူညီက ဖျောင်းဖျနေရသည်။

'ကျွန်တော် လိုက်ရှာလိုက်ဦးမယ် အန်တီ. . မိုက်ကယ်တို့လာရင် ပြောပြပေးနော်. . တော်ကြာ. . မိုးချုပ်သွားရင် ကလေးက ကြောက်နေမှာ'

'သွား. . သွား. . ဝိုင်းရှာပေးပါ သားရယ်. . ကျေးဇူးမမေ့ပါဘူး. . ဟင့်. . '

မာမာ၏ငိုသံက သူ့အနောက်မှာ ကျန်ခဲ့ပါသည်။ သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေက အထိန်းအကွပ်မရှိတဲ့ လေဟာနယ်ထဲမှာ မျောချင်တိုင်း မျောနေကြသည်။

ဂိုးလ်ရဲ့ပုံရိပ်ကလေးတွေ၊ အသံလေးတွေကသာ သူ့အာရုံထဲမှာ တစ်ခုပြီးတစ်ခု ပေါ်နေသည်။

ကလေးက သူ့မိဘတွေနဲ့ သုံးနှစ်ပဲ နေရသေးတာ. . ရှေ့လျှောက် သူ လူလုပ်ဖို့ အများကြီးရှိသေးသည်။

* * *





မိုက်ကယ်တစ်ယောက် ဖုန်းနှစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။ ရှိသမျှလူ အကုန်လုံးကို လမ်းကြောင်းတွေ ခွဲကာ ရှာခိုင်းပေမယ့်. . ကလေးက အစအနပျောက်နေဆဲပင်။ ယောက်ျားတန်မဲ့ သူ့ကိုယ်၌က မျက်ရည်စို့နေလေပြီ။

မာမာက တစ်ကိုယ်လုံးဖျော့တော့ကာ ယဲ့ယဲ့ကလေးကျန်တော့သော ပြာရီကို ဖေးမထားရင်း နို့လေးတစ်ခွက်ကို ဝင်အောင်ချော့မော့ကာ သောက်ခိုင်းနေသည်။

'ဒါလေးတော့ ဝင်အောင် သောက်ပါ သမီးလေးရယ်၊ သမီးလဲပြိုလို့ မဖြစ်သေးဘူးလေ. . . ဂိုးလ်အတွက် အားတင်းထားပါဦး သမီးရယ်'

'ပြန်ယူသွားပါ မာမာရယ်. . ပြာရီ ဘာမှမသောက်ချင်ဘူး၊ ပြာရီ လိုချင်တာ သားလေးပဲ. . ပြာရီ့ဆီ သားလေးပြန်ရောက်လာရင် တော်ပြီ. . ဟင့်. . ဟင့်'

မိုက်ကယ့်မျက်နှာမှာ ဒီလောက် စိတ်ထိခိုက်နေတဲ့ ပုံစံမျိုး တစ်ခါမှမမြင့်ဘူးပါ။

အစဉ်အမြဲ လန်းဆန်းတက်ကြွနေတဲ့ မိုက်ကယ်နှင့် လုံးဝကို ကွဲလွဲကာ အားငယ်တဲ့ အရိပ်အယောင်တွေ လွှမ်းပြီး ချုံးချုံးကျနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်ကို ချော့မော့ရတာက တစ်ဖက်၊ ဖုန်းဖြင့် contact လုပ်ရတာက တစ်ဖက်မို့ စိတ်တွေက လေးလံလှသည်။

'မာမာ. . . ကိုထပ်တူညီလည်း ပြန်မရောက်သေးဘူးနော်၊ သူဆို သားကို တွေ့ချင်တွေ့လာမှာ'

'သူ့ပုံစံကတော့ ဂိုးလ်လေးကို မတွေ့မချင်းရှာမယ့်ပုံပဲ. . မိုးချုပ်ရင် ကလေးကြောက်နေတော့မယ်ဆိုပြီး ပြေးထွက်သွားတာပဲ သမီးရယ်'

'ကိုယ်လည်း သူ့ကိုမျှော်နေတာ'

သူတို့အားလုံးက တူညီကို စောင့်မျှော်နေကြသည်။ အားကိုးတကြီးနဲ့ကို မျှော်လင့်နေကြခြင်းဖြစ်သည်။

ညဆယ်နာရီလောက်ကျတော့မှ ချွေးသံတရွှဲရွှဲဖြင့် တူညီ ပြန်ရောက်လာသည်။ သူဘယ်လောက်တောင် မောပန်းလာသလဲဆို စကားပြောဖို့အရေး မနည်းအားယူနေရသည်။

မိုက်ကယ်က ရေတစ်ခွက်ပြေးခပ်ပြီး သူ့ကိုအရင်သောက်စေသည်။

'တွေ့လား တူညီ. . ငါ့သားကို မင်းတွေ့ခဲ့လား'

သူ့ခေါင်းကို ရမ်းပြမိသည်။ ပြာရီက မျှော်လင့်ချက်မဲ့သွားပြီး ဆိုဖာပေါ် ပျော့ခွေကျသွားသည်။





တူညီက ပြာရီ့ဆီ အထိတ်တလန့်ပြေးသွားပြီး

'ပြာရီမှိုင်း သတိထားလေ. . ဂိုးလ်လေးကို ကျွန်တော်တို့ ပြန်တွေ့မှာပါ'

ဟု ပြောပြီး ဖျောင်းဖျပေးသည်။ မိုက်ကယ့်ဆီမှထွက်လာသောအသံက ကွဲအက်ခြောက်သွေ့လွန်းနေသည်။

'ငါတို့မြို့ကလေးက ဒီလောက်မကျယ်ပါဘူးကွာ. . ဒင်းတို့ဘယ်လောက်ကြာကြာ ဝှက်ထားနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့. . အေး. . ငါကလဲ ရေဆုံးမြေဆုံးအထိကိုလိုက်မှာပဲ. . ငါမသေခင် ငါ့သားလေးကို ပြန်တွေ့ရင်တော်ပြီ'

'မင်းက ဘယ်သူ့ကိုထင်လို့လဲ မိုက်ကယ်၊ ငါ့အထင်တော့ ဟိုတစ်ခါက စာလာထားသွားတဲ့အဖွဲ့လားလို့'

တူညီ ပြောတာ ဖြစ်နိုင်ပါသည်။ ရန်သူ ဆိုတာ ကိုယ်က မမြင်နိုင်ပေမယ့် သူတို့က ရန်ငြိုး ဖွဲ့ပြီး အလစ်ချောင်းနေတာမျိုး မဟုတ်လား။

'မင်းပြောတာ ထည့်စဉ်းစားရမယ်. . မှန်တယ်. . အဲဒီစာရဲ့တွေလာရင် ပြထားရမယ်. . လိုလိုမယ်မယ်ပေါ့. . တစ်ခါတလေ ငါက မသိပေမယ့် ငါနဲ့စီးပွားပြိုင်ဖက်တွေက မုန်းချင်မုန်းနေမှာ'

'ငါပြောချင်တာ ဒါပဲ မိုက်ကယ်. . ပြိုင်ဖက်ဆိုတာမျိုးက



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြောက်ဖို့ကောင်းတာ. . သူတို့က မင်းအပေါ်မှာ ဘယ်အတိုင်း အတာထိ အငြိုးထားသလဲမှမသိနိုင်တာ'

'ဒါ. . ဒါဆို သူတို့က သားလေးအသက်ကိုရန်ရှာနိုင်မလား ဟင်. .'

ငိုယိုပြီး မေးနေသော ပြာရီ့ကို မိုက်ကယ်က လက်ကလေးကို ဖျစ်ညှစ်ပြီး အားပေးပါသည်။ တူညီက 'တောက်' တစ်ချက်ကို ခံပြင်းစွာ ခေါက်မိသည်။

'ငါတို့မှားသွားတယ် မိုက်ကယ်. . သူတို့က အစောကြီးကတည်းက စစ်ကြေညာထားတာပဲ၊ မင်းရင်ထဲက အစတစ်စ ဆိုတာ မင်းရဲ့သားပဲမပေါ့. . အခု ပြောသလိုဆွဲထုတ်သွားကြပြီ၊ ငါတို့ ညံ့တာကွာ. . ဂိုးလ်လေးကို သေသေချာချာစောင့်ကြည့်ထားရမှာ. . . ခုတော့ ကလေးပါသွားပြီကွ. .'

'ဒုန်း'ဆိုသည့်အသံနှင့်အတူ တူညီ့လက်မှသွေးတွေ ဖြာကျလာလေသည်။ သူ့စိတ်သူ မထိန်းနိုင်ဘဲ အနီးရှိ နံရံကို လက်သီးဖြင့် ထိုးချလိုက်ခြင်းဖြစ်သည်။ သွေးတွေမြင်သဖြင့် တူညီ့အနားသို့ အားလုံးရောက်သွားကြသည်။

'သူငယ်ချင်း စိတ်ကိုထိန်းပါကွာ. . မင်းပြောလည်း ခံရမှာပဲ. . ငါတို့အသုံးမကျလို့ပါကွာ. . အဲဒီအတွက် ငါ့ရင်ထဲမှာ မီးဟုန်း





ဟုန်းတောက်နေပြီ တူညီရာ. . ငါ ဘာလုပ်ရမလဲ. . ငါဘယ်လိုလုပ်မှ ငါ့သားလေးပြန်ရောက်လာမှာလဲ. . ရှိသမျှစည်းစိမ်တွေ ကုန်သွားစမ်းပါစေကွာ. . ငါ အကုန်ပေးမှာပါ. . ငါ့သားတစ်ယောက်ပဲ ငါလိုချင်တာ'

မိုက်ကယ်က တူညီ့ပခုံးကို ဖက်ပြီး အားရအောင် ငိုနေမိသည်။ ဘယ်တုန်းကမှ မျက်ရည်မကျခဲ့သော မိုက်ကယ့်ကို ပြာရီက မျက်ရည်များကြားမှ ဝိုးတဝါး မြင်ရသောအခါ သနားလွန်းသဖြင့် ဆက်ကြည့်နိုင်သောအင်အားမရှိဘဲ မျက်နှာလွှဲမိပါသည်။

ညသည် တိတ်ဆိတ်လွန်းနေသည်။ ထို့အတူ မိုက်ကယ်နှင့် ပြာရီတို့၏အိမ်ကြီးသည် ခြောက်သွေ့ကာ အထီးကျန်နေလေသည်။ အိမ်၏ဆည်းလည်းသံလေး ပျောက်ဆုံးသွားပြီပဲလေ. . .။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သုံးနှစ်ပြည့်တဲ့နေ့မှာပဲ မွေးနေ့ပွဲ မကျင်းပမီ ထူးဆန်းစွာ ပျောက်ဆုံးသွားသော ဂိုးလ်ရဲ့ သတင်းက တစ်မြို့လုံး စုတ်တသပ်သပ်ဖြင့် ပြောရလောက်အောင်ကို hit ဖြစ်စေသည်။

တွေးစရာတွေတစ်ပုံတစ်ပင်နှင့် ပဟေဠိတစ်ပုဒ်ကို ကလေးက ဝှက်သွားခဲ့သည်။

အချိန်တွေသာ ကုန်လာခဲ့သည်။ ရက်မှလသို့ ပြောင်းခဲ့ပေမယ့် ကလေးသတင်းက အစအနပင် မရသေး။

စည်းစိမ်တွေ၊ ငွေတွေ ဘယ်လောက်ပဲ ပြည့်စုံနေပါစေ. .





မိဘနှစ်ပါးရဲ့ရင်ထဲမှာ အရှင်လတ်လတ် မီးမြှိုက်ထားသလို မစားနိုင် မသောက်နိုင်နှင့် ရူးမတတ်ကို ပူလောင်စေပါသည်။

အချိန်တိုင်း၊ အိပ်စက်တဲ့ ညတိုင်းမှာ ငါ့သားလေး အသက်ရှင်ရက်မှရှိသေးရဲ့လားဆိုပြီး စိုးတထိတ်ထိတ်ရှိနေတာ ဘယ်ဘဝက ဝဋ်ကြွေးကို ပေးဆပ်နေရတာလဲ. .

ဆေးရုံကြီးမှာ ကလေးအလောင်းပေါ်တိုင်း ပြေးပြေးကြည့်ရတာကရော ဘယ်သူတိုက်တဲ့ ကျိန်စာလဲ. . .

လင်မယားနှစ်ယောက်စလုံး စိတ်ထောင်း ကိုယ်ကြေ ဖြစ်ကာ အရင်က ပျော်စရာတွေ ပြည့်နေတဲ့ အိမ်ကြီးဟာလည်း တစပြင်လို ကျက်သရေမဲ့လွန်းပါသည်။

သားဇောက ကပ်နေတော့လည်း ဘာဆိုဘာမှမသိတော့။ မနက်မိုးလင်းတာနှင့် ကားတစ်စီးဖြင့် မြို့ပတ်ကာ သားပျောက်ကိုရှာသော မိုက်ကယ့်အဖြစ်က အူ သည်း စပ်စရာကောင်းသလို သားအိပ်သွားတဲ့နေရာလေးကို ကြည့်ပြီး မျက်ရည်နှင့် မျက်နှာသစ်ရတဲ့ ပြာရီရဲ့ဘဝက သနားစရာကောင်းလွန်းပါသည်။

ပြန်ပေးဆွဲသွားတာဆိုရင်လည်း ငွေတောင်းဖို့ အဆက်အသွယ်လုပ်လာရမှာပေါ့. . အခု သူတို့ဘက်က လုံးဝကို ငြိမ်သက်နေခဲ့သည်။ ဒါ ဘာသဘောလဲ. . . .



www.burmeseclassic.com

www.burmeseclassic.com



လူတွေ တွေးထင်ထားတာနှင့်ဆန့်ကျင်စွာ ကွဲလွဲနေသည်။ မိုက်ကယ်က ပိုက်ဆံရှိတော့ ငွေညှစ်ချင်လို့ ကလေးခေါ်သွားတယ်ပဲ ထင်နေကြတာ။

သူတို့ဆက်သွယ်လာဖို့ပဲ လိုချင်တာ. . အဲဒီအချိန်ကို မိုက်ကယ်က စောင့်နေခဲ့တာ. . .

အိမ်က ဖုန်းအနားမှာ မိုက်ကယ် မရှိလျှင် တူညီက လာ, လာစောင့်ပေးသည်။ မိုက်ကယ်က သူ့ဟဲန်းဒ်ဖုန်းကို တစ်ချိန်လုံးဖွင့်ထားသည်။

ဖုန်းမလာသလို message လည်း မဝင်ပါ။

ရဲစခန်းကလည်း သေချာ မှာထားသည်။ ဖုန်းလာတာနှင့် သူတို့ကို ဆက်သွယ်ဖို့ အထပ်ထပ်မှာသည်။ ရဲတွေကတော့ သူတို့အလုပ်ကို သူတို့လုပ်နေကြသည်။ လိုအပ်တာတွေကို အကြိမ်ကြိမ်စစ်မေးပြီး ရန်ငြိုးရှိနိုင်မည့် စီးပွားဖက်တွေကို မျက်ခြည်မပြတ်စောင့်ကြည့်ကြသည်။ ဘာမှတော့ ထူးခြားမလာသေးပါ။

တူညီသည် တစ်နေ့တစ်ကြိမ်၊ သူ့ဝတ္တရားမပျက် မိုက်ကယ့်အိမ်သို့ ရောက်လာမြဲပါ။

အိမ်ထဲဝင်လိုက်တယ်ဆိုရင်ပဲ သူ့ရင်ထဲတွင် လှိုက်ဟာကာ အလုံးကြီးဆို့သွားသလို ခံစားရသည်။





ပြာရီရယ်လေ. . . ဂိုးလ်ရဲ့အင်္ကျီကလေးတွေကို ကြည့်ပြီး တသိမ့်သိမ့် ရှိုက်ရှိုက်ပြီး ငိုနေတာ. . .

သူ ဘာလုပ်ပေးရမလဲ. . သူလုပ်ပေးနိုင်တာလည်း ကုန်နေပြီ။ ပြာရီမှိုင်း ခံစားနေရတာ၊ ဖြစ်ပျက်နေတာလည်း သူ မကြည့်ရက်တော့ပါ။

'ဒီနေ့ ဘာထူးသေးလဲဟင်. . '

တူညီက ပြာရီ့ကို အာရုံပြောင်းစေရန် မေးလိုက်ပေမယ့် သူမဆီက ထွက်လာတဲ့အသံက တိုးဖျော့ကာ အသက်မပါလှပါ။

'ဒီအတိုင်းပါပဲ. . .'

ပြောသင့် မပြောသင့် စဉ်းစားချင့်ချိန်ပြီး တူညီက ပြာရီ့မျက်နှာကို အကဲခတ်သလိုကြည့်ကာ စကားစ,လိုက်သည်။

'ပြာရီမှိုင်း. . ကျွန်တော် ညက ဂိုးလ်လေးကို အိပ်မက် မက်တယ်'

သူမ မျက်နှာက ချက်ချင်းကို အသက်ဝင်လာသည်။ သူ့သားအမည်လေး ကြားရုံမျှဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'သား. . သားကို ဘယ်လိုအိပ်မက် မက်တာလဲဟင်. . '

'ခင်ဗျားသားက အိပ်မက်ထဲမှာ စာတွေ ဆိုပြီး ဝလုံးလေးတွေ ရေးနေတာဗျ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်. . တကယ်လားရှင်'

မျက်ရည် အဝဲသားဖြင့် တုန်ရီစွာ မေးလာသော ပြာရီ့ကို တူညီက

'တကယ်ပေါ့ဗျ၊ ကျွန်တော့်အိပ်မက်သာ မှန်ရင် ဂိုးလ်လေး ဘေးကင်းရန်ကင်းရှိမှာပါဗျာ'

'ရှင့်စကား ကြားရတာ. . ကျွန်မရင်ထဲမှာ ပေါ့သွားပေမယ့် ခံစားရလွန်းလို့ လူတစ်ကိုယ်လုံး အတွင်းကြေ ကြေနေပါပြီ'

တိုင်ပင်မထားပါဘဲ နှစ်ယောက်သား သက်ပြင်းကိုယ်စီချ မိပါသည်။

'သားလေး ပျောက်သွားတာ ဒီနေ့ဆို ငါးလ ရှိပြီ ကိုထပ်တူညီ'

ကြေကြေကွဲကွဲလေးပြောနေသော ပြာရီ့ကို တူညီက ကရုဏာသက်စွာ ငေးပြီးကြည့်နေမိသည်။ မိခင်တစ်ယောက်ရဲ့ရင်တွင်း ခံစားချက်က ဒီလောက်တောင် ရှပ်လုံးထင်ရသလား. . . တူညီက သူ့ရဲ့ခံယူချက်ကို ပွင့်လင်းစွာ ဖွင့်ပြောမိသည်။

'ကလေးကိုခေါ်သွားတာ ဖြစ်နိုင်ချေက နှစ်မျိုးပဲ ရှိတယ်လို့ ကျွန်တော်ထင်တယ်. . ခုပုံအတိုင်းဆို သူတို့ဘက်က ပြန်ပေးဆွဲဖို့ ခေါ်သွားတာ လုံးဝကို မဖြစ်နိုင်တော့ဘူး'





'ဒါ. . ဒါဖြင့် ဘာက ဖြစ်နိုင်တာလဲဟင်'

'ချစ်လို့ခေါ်သွားတာ. .'

'ရှင်. . .'

ပြာရီက မျက်တွင်းဟောက်ပက်ဖြင့် သူ့ကို ကြောင်တောင် တောင်လေး ပြန်ကြည့်သည်။

'ချစ်လို့ ဟုတ်လား. . ကျွန်မတို့အသည်းကို ခွဲပြီးမှ ချစ်လို့ ရော သူတို့အတွက် ဘာအကျိုးများရှိလို့လဲ. . ကျွန်မ မျှော်လင့်ထား တဲ့ဘဝလေး ပျက်စီးကုန်ပြီ ကိုထပ်တူညီ၊ အိပ်ပျက်ညတွေနဲ့ နပန်း လုံးနေတဲ့ ကျွန်မအတွက် အိပ်ဆေးလည်း မတိုးတော့ဘူး. . ကျွန်မ ဘာဆက်လုပ်ရမလဲဟင်. . ရှင်ပြောပါဦး'

ဆောင်းရဲ့နှင်းတွေနဲ့ ရောပြီး ကျနေတဲ့ မျက်ရည်တွေကို ထိုင်ကြည့်နိုင်တဲ့အင်အား သူ့ဆီမှာ ရှိမနေတာ သေချာသည်။

ပြာရီမှိုင်း ဆိုတဲ့ မိန်းကလေးမှာ မုန်တိုင်းတွေ ထန်နေတယ် နွယ်ပင်. . မင်းလေးရော အဆင်ပြေရဲ့လား. . နှင်းစက်တွေကြားမှာ နေထိုင်ရတာ အပူတွေ ကင်းရဲ့လား. . .

ငါသာ တန်ခိုးရှိရင် အခွင့်အရေးတစ်ခုတော့ ရချင်တယ် နွယ်ပင်. . .

အဲဒါကတော့ မင်းကို ဘယ်တော့မှမနာကျင်စေချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်. . . ပြန်ဆုံဖို့ လမ်းစက မငှရရာတော့ နာကျင်ခြင်းကို ဟန်ဆောင်ပြီးနေလည်း ငါ့နှလုံးသားတွေ ကွဲကြေကုန်ပြီ။

မျှော်လင့်ချက်တွေ များစွာနဲ့ စိတ်ကူးလေးတွေက လေဟာနယ်ထဲ လွင့်ကုန်ပြီလား. . သတိရလို့ ဖမ်းဆုပ်မိတာက အပိုင်းအစလေးတွေ ဖြစ်နေပါလား။ တို့နှစ်ယောက်ရဲ့နှုတ်ဆက်ချိန်လေး ဘယ်နေ့ရောက်လာမှာလဲ. . .

အတိတ်က ဆုံတွေ့ခဲ့သမျှဟာ အချစ်ရဲ့ ကျိန်စာတစ်ခုလိုပါပဲ နွယ်ပင်. . . မင်းနဲ့နီးစပ်ဖို့ မလွယ်သလို ဝေးရမယ့် ဒဏ်ရာကိုလည်း ကိုယ်မခံစားရဲဘူး။ လူမသိသူမသိ တစ်ယောက်တည်း တိတ်တိတ်ကလေး ရှုးနေခဲ့တာ ဘယ်လောက်ကြာနေပြီလဲ. . .

မထူးတော့ပါဘူး. . ငါ့ဘဝက ဘာမှမထူးတော့ဘူး. . . ငါတစ်ယောက်တည်းပဲ ငါရှင်သန်တတ်ခဲ့တာ ဘဝတစ်ခုလုံးပဲ မဟုတ်လား. . . .

နောက်လည်း ငါ့တစ်ယောက်တည်းပဲ ဆက်လျှောက်ရဦးမှာပဲ. . အထီးကျန်တဲ့ဘဝက ဘာများကောင်းနေလို့လဲ. . လေညင်းတွေကြားမှာ သစ်ရွက်ကလေး ကြွေပြီး လွင့်ပါသွားရင်တောင် ဝမ်းနည်းတတ်တာ normal မှမဟုတ်ဘဲ. . .။

◆



# အခန်း (၂၁)

စက္ကန့်တိုင်းမှာ ယုံကြည်တာတွေ၊ ရည်ရွယ်တာတွေ ပျောက်ကွယ်သွားပြီ သားရယ်. . အမှားနဲ့အမှန်တရားဟာ ခြေတစ်လှမ်းပဲ ကွာဝေးတာပါ။ ခုတော့ မောဟရဲ့လှည့်ကွက်ထဲမှာ သားလေး စားစာခံဖြစ်သွားပြီလား. . .

ဒယ်ဒီ ဘာအတွက်နဲ့ အသက်ရှင်ရဦးမှာလဲ. . . ရှေ့ဆက်လျှောက်ဖို့အတွက် ဘယ်လိုရှင်သန်ရမလဲ သားလေး ပြောပါဦး၊ ကံကြမ္မာဆိုတာကြီးကို ဒယ်ဒီ မုန်းတယ်ကွ၊ သိပ်မုန်းဖို့ကောင်းတဲ့အရာပဲ. . သူက ဒယ်ဒီတို့နဲ့သားကို ရက်ရက်စက်စက်ကြီးခွဲသွားတာလေ။



www.burmeseclassic.com

www.burmeseclassic.com



သားမျက်နှာကို မတွေ့ရတဲ့ နေ့တွေတိုင်းမှာ ဒယ်ဒီ မျက်ရည် ဘယ်နှခါကျပြီးပြီလဲလို့ မရေတွက်နိုင်တော့ပါဘူး. .

တစ်နေ့ပြီး တစ်နေ့ လမ်းမပေါ်မှာ လျှောက်သွားပြီး သားပျောက်ကို ရှာနေတဲ့ ဒယ်ဒီ့ဘဝက အချိန်တွေ ကုန်တော့ မောပန်းပြီး အိမ်ပြန်ရပြန်ရော. . .

အမှားမကင်းတဲ့ လူ့ဘဝ လောကအလယ်မှာ ဒယ်ဒီ့စိတ်တွေကို ချုပ်တီးထားရတာ နေရခက်လှပြီသား. . ဒယ်ဒီ ဝုန်းဒိုင်းကြဲပြီး ပေါက်ကွဲချင်ပြီသား၊ လမ်းဘေးစရိုက်ပဲ ပြောပြော အပေအတေ ကလေကချေလို့ပဲ ဆိုဆို. . တစ်ခုခုကို လုပ်ပစ်လိုက်ချင်ပြီကွာ။

သားမာမီ ခံစားနေရတာ ဒယ်ဒီ မကြည့်ရက်တော့ဘူး. . ဒီထက်ပိုဆိုးသွားရင် သူရူးသွားတော့မယ် သား. . .

သားပြန်လာမယ့်နေ့ရက်တွေ မရောက်ခင် သားမာမီ တစ်ခုခုဖြစ်သွားရင် ဒယ်ဒီ ရင်ကျိုးပြီ. . .

ဒယ်ဒီ့ဘဝမှာ ကိုယ်ပိုင်မျှော်လင့်ချက်တွေကို အမှောင်ချပြီး နေ,နေတာ ဘယ်လောက်ကြာပြီလဲ. . .

သားကိုခေါ်သွားဖို့ သူတို့မှီ့ လုပ်ရက်တယ်ကွာ. . ဒယ်ဒီ့ရင်ထဲက အစတစ်စ မဟုတ်ပါဘူး။ ရှိသမျှ အကုန်ပါသွားပြီး ဟောင်းလောင်းကြီးဖြစ်နေပြီ သား. . .





ချယ်ရီတွေ ဝေနေလည်း ဒယ်ဒီ မပျော်တော့ဘူး သား. . မိုးတိမ်တွေ တရွေ့ရွေ့တက်လာတိုင်း သားကိုလွမ်းတယ်။

အလွမ်းတွေနဲ့ ဒီဘဝကြီးမှာ ဒယ်ဒီပျော်နိုင်ပါ့မလား သားရယ်. . ဒယ်ဒီ့ရင်ခွင်ထဲ မြန်မြန်ပြန်လာပါ ဂိုးလ်လေးရယ်. .

ပြာရီ မြင်နေရသော မိုက်က သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းမဲ့နေပါသည်။

ဂိုးလ်လေး ဆော့နေကျ ခြံထဲက မြက်ခင်းလေးကိုပဲ ရီဝေနေတဲ့မျက်လုံးတွေဖြင့် ကြည့်နေတာ ကြာလှပြီပဲ။ အရင်ကလို အပြုံးတွေ မိုက်ဆီမှာ ပျောက်ကွယ်နေတာ နှစ်နှင့်ချီနေပြီ။

သားလေးသာ ပြန်ရမယ်ဆိုရင် ဘယ်လောက်ပဲ စောင့်ရစောင့်ရ၊ ဘယ်သူ့ကိုမဆို အောက်ကျို့ပြီး တောင်းပန်ဖို့ ဝန်မလေးဘူးလို့ မိုက်က ငိုပြီး ပြောဖူးသည်။

နောက်အချိန်တွေမှာ သားကို ဘယ်လိုမှတွေ့ခွင့်မရတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ မိုက်ရယ်. .

မိုက်ကို ကြည့်ပြီး ဝမ်းနည်းတဲ့စိတ်က ပြည့်သိပ်လာသည်။ ပြာရီက ပြေးသွားပြီး မိုက်နောက်ကျောမှာ မျက်နှာအပ်ပြီး ရှိုက်ငိုမိသည်။

'ပြာရီတို့ အဖြစ်ဆိုးလိုက်တာ မိုက်ရယ်. .'



www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှစ်သိမ့်ဖို့စကားလုံးတွေ ပျောက်ဆုံးနေသည်။

'မငိုပါနဲ့လို့ ကိုယ်မပြောရက်ပါဘူး. . ကိုယ်လည်း ငိုနေရလို့ပဲ ပြာရီ. . မင်းအတွက် သားကိုတွေ့အောင် ရှာမပေးနိုင်လို့ ပိုခံစားရတယ်. . ကိုယ် ဝန်ခံပါတယ်ကွာ. . အရမ်းညံ့ဖျင်းတာ ဝန်ခံနေတာပါ'

မိုက်က သူ့နောက်ကျောမှာ ပါးအပ်ပြီး အသံတိတ် ငိုနေမည့် ပြာရီ၏လက်ကလေးနှစ်ဖက်ကို အပေါ်မှထပ်မိုးကာ အုပ်ကိုင်ပြီး နာကျင်စွာ ပြောနေမိသည်။

ခြံထဲသို့ ဆိုင်ကယ်တစ်စီး ဝင်လာသည်ကို မိုက်ကယ် မြင်နေရသည်။ ဆိုင်ကယ်က ဆင်ဝင်အောက်တွင် ထိုးရပ်သွားပြီး ဆိုင်ကယ်ပေါ်မှလူတစ်ယောက် ဆင်းလာသည်။

'မိုက်. . ဧည့်သည်ထင်တယ်'

'ကိုယ် တံခါးသွားဖွင့်လိုက်ဦးမယ်. . ပြာရီ'

မိုက်က ကျွန်းတံခါးကိုဖွင့်ပေးပြီး ထိုသူ့ကို အိမ်ထဲသို့ဖိတ်ခေါ်လိုက်သည်။

'ကိုတိုးမိုက်ကယ် ထင်တယ်၊ ကျွန်တော်က အခုမှ ပြောင်းလာတဲ့ ဒုရဲအုပ်စိုးဌေးဟန်ပါ ခင်ဗျ'





ဒုရဲအုပ်ဆိုမှတော့ သားလေး ဂိုးလ်အတွက် လာတာပေါ့။ ဘာများ သတင်းထူးလို့ပါလိမ့်။

'လာပါ အစ်ကို. . ထိုင်ပါဦးခင်ဗျ. . အေးအေးဆေးဆေး ပြောကြတာပေါ့'

ပြာရီက ဧည့်သည်အတွက် ကော်ဖီဖျော်ပေးဖို့ ဝင်ခဲ့ပေမယ့် နားကတော့ သား၏သတင်းကိုသာ စွင့်နေမိသည်။

'သားရဲ့သတင်းထူးများ ပါလို့လား အစ်ကို'

'မပါသေးဘူး ခင်ဗျ. . ဒီအမှုကို စိတ်ဝင်စားလို့ ကျွန်တော် ဆက်လိုက်ဖို့ ဆုံးဖြတ်ထားတယ်'

မိုက်ကယ်က စိတ်ဓာတ်ကျသွားပေမယ့် စိုးဌေးဟန်ဆိုတဲ့ ဒုရဲအုပ်ကတော့ အင်မတန်မှတက်ကြွနေလေသည်။

'ဘာလိုလိုနဲ့ သားလေး ပျောက်သွားတာ သုံးနှစ်ရှိပြီ ကိုစိုးဌေးဟန်. . ကျွန်တော်တို့လင်မယားလည်း ကြာရင် လုံးပါးပါးတော့မယ် ထင်တယ်ဗျာ. . . လောကကြီးမှာ လူဆက်လုပ်ချင်စိတ်လည်း မရှိတော့ပါဘူး'

စိုးဌေးဟန်က စီးကရက်တစ်လိပ်ကို မီးညှိ၍ရှိုက်ဖွာရင်း

'ပျောက်သောသူ ရှာရင်တွေ့ပါတယ်ဗျာ. . ခဏလောက် သည်းခံပြီး စိတ်ရှည်ရှည်ထားပေးပါဦး၊ တစ်ခုပဲဗျ. . ဘယ်အရာမဆို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ . . ဝေးလွန်းရင် မမြင်နိုင်သလို . . နီးလွန်းရင်လည်း ကွယ်နိုင်တယ်ဗျ . . အလယ်အလတ်ပဲ ကောင်းပါတယ်ဗျာ'

ပြာရီက ကော်ဖီလင်ပန်းလေး ကိုင်ပြီး စိုးငွေးဟန်ရှေ့မှာ တရိုတသေချပေးသည်။

'ဆရာ . . . သုံးဆောင်ပါရှင့်'

အပြောအဆို အမူအရာ ယဉ်ကျေးသိမ်မွေ့သလို ရုပ်ရည်လေးကလည်း ရှာမှရှားဆိုတဲ့အစားထဲက . . ဘယ်လောက်ပဲ လှနေပါစေ . . သူမ မျက်နှာပေါ်မှာ သောကရိပ်တွေ ထင်းနေတာလေးကတော့ သနားစရာကောင်းပါသည်။

'ခင်ဗျားတို့ရင်ထဲမှာ အပူမီးတောက်နေမှာ ကျွန်တော်နားလည်သလို ကိုယ်ချင်းလည်း စာပါတယ်၊ နှစ်တွေ ကြာသွားလို့ ကွင်းဆက်ပြတ်နေတာလေးတွေ ဘဝင်မကျတာလေးတွေတော့ ရှိတယ်၊ ကျွန်တော် စောင့်ကြည့်နေတဲ့အပိုင်းက သတ်သတ်ပေါ့ဗျာ . . ဒါနဲ့ ဂိုးလ် ပျောက်သွားတုန်းက ငိုသံတို့ အော်သံတို့ လုံးဝ မကြားရဘူးလား'

မိုက်ကယ်ရော ပြာရီပါ တွေဝေတုန့်ဆိုင်းခြင်းမရှိဘဲ ခေါင်းကို ရမ်းပြပါသည်။

'သေချာရဲ့လားဗျာ'





'အဲဒါတော့ သိပ်ကိုသေချာတယ်ဗျာ . . ဘာသံမှကို မကြားလိုက်ရတာ . . မေ့ဆေးတို့ဘာတို့သုံးပြီးများ ခေါ်သွားသလား မပြောတတ်ဘူး'

'ကလေးက ခြံပြင်တွေဘာတွေ သူ့ဟာသူ ထွက်တတ်သေးလား'

'အဲလိုတော့ သူ တစ်ခါမှမထွက်ဖူးဘူး'

စိုးငွေးဟန်က ခေါင်းကို တဆတ်ဆတ်ညိတ်ကာ သူ့စကားကို အဆုံးသတ်လိုက်သည်။ ထိုနောက် ကော်ဖီကို တစ်ငုံချင်းသောက်သည်။ မိုက်ကယ်က သူ့ကို အကဲခတ်နေသည်။

သူ့ပုံစံက ပြောသလိုလုပ်မည့်ပုံ။ တည်ကြည် ဖြောင့်မတ်သောဟန်ပန်က မျက်နှာပေါ်မှာ ထင်းနေသည်။ သားလေးအတွက် နည်းနည်းအားရှိလာသလို ခံစားရသည်။ ထိုနောက် သူက မပြောမဆိုဘဲ ထိုင်ရာမှထလေသည်။

'ကျွန်တော် အားပေးဖို့သက်သက် လာခဲ့တာပါ၊ ခင်ဗျားတို့ မကြာခင် စိတ်ချမ်းသာရမှာပါဗျာ'

သူက နှုတ်ဆက်ပြီး ထွက်သွားဟန် ပြင်ပြီးမှ ပန်းအိုးတင်သောစင်ပေါ်မှ ဓာတ်ပုံကလေးကို တကူးတက ပြန်လာတောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံထဲမှာ သားလေးက တူညီပေါင်ပေါ်မှာ ထိုင်ပြီး ချစ်စရာကောင်းအောင် ရယ်နေသည်။ မိဘနှစ်ယောက်က ဘေးမှာခြံရံထားပြီး သားက အဖေလက်ရော အမေလက်ပါ ဆွဲထားလေသည်။

'ဒါလေး ကျွန်တော် ခဏယူသွားမယ်နော်. . ခုချိန်ဆို. . . ကလေးက တော်တော်ကြီးနေပြီပဲ'

မိုက်ကယ်က ထိုသူပြောမှ တော်တော် စိတ်မကောင်းဖြစ်သွားသည်။

ဟုတ်တယ်. . သားလေး ကျောင်းနေဖို့အရွယ်ရောက်နေပြီ။ တစ်နှစ်တောင် နောက်ကျနေပြီပဲ. . သားအရွယ် ကလေးတွေ အဖြူအစိမ်းဝတ်ပြီး ကျောင်းတက်နေတာတွေ့တိုင်း သူ့ရင်မှာ နာကျင်ရသည်။

ငါ့သားကို ဒီအချိန်ထိ ဖွက်ထားကြတာ တော်ပြီပေါ့ကွာ. . မင်းတို့မှာ ကိုယ်ချင်းစာတရား လုံးဝမရှိဘူး။

မင်းတို့ပြုတဲ့ အကျိုးဆက်ကို မင်းတို့ ပြန်ခံစားရမှာပါ။ အဲဒီနေ့ကိုတော့ မင်းတို့ လုံးဝရှောင်လွှဲလို့မရဘူးဆိုတာ သေချာပေါက်ငါပြောရဲတယ်. . .

♦



## အခန်း (၂၂)

မိုက်ကယ်သည် သားလေး ပျောက်နေတဲ့အတောအတွင်းမှာ တူညီ့ယာတောဆီသို့ တစ်ခါမှမရောက်ဖြစ်ပါ။

တူညီကသာ နေ့တိုင်းနီးပါးလာပြီး အားပေးခဲ့သည်။ မိုက်ကယ်က မဖြစ်မနေသွားရမည့်ခရီးစဉ်တစ်ခုအတွက် နောက်ဆံငင်ကာ ဘယ်လိုမှ စိတ်မဖြောင့်နိုင်ဖြစ်နေသည်။

ထို့ကြောင့် တိုင်ပင်ဖော်တိုင်ပင်ဖက် တူညီ့ဆီသို့ သူ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူ့အိမ်ကို ပြန်ပြင်ဆောက်ထားသည် ဟု တူညီကတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောသား။ မျက်မြင်ကိုယ်တွေ့ တွေ့ရတဲ့အချိန်မှာတော့ စိတ်ထဲမှာ ဘဝင်က သိပ်မကျချင်ပါ။

လွတ်လပ်ကျယ်ဝန်းပြီး အရိုင်းဆန်တဲ့ ယာခင်းထဲမှာ အရင်က မြင်နေကျ တဲအိမ်လေးတစ်လုံးပျောက်ဆုံးနေတာ ဇာစ်ခုခုလိုနေသလို ခံစားရသည်။ တူညီက သူလာတာကို မြင်ပုံရပါသည်။ သူ့ကို အိမ်ဝမှ ဆီးကြိုလေသည်။

'ဘာထူးသေးလဲ မိုက်ကယ်'

ဟု သူမေးနေကျအတိုင်း မေးလေသည်။

'ဒီအတိုင်းပါပဲကွာ. . ခုတလော မင်း ပျောက်နေလို့. . ငါ မိန်းမကတောင် မေးနေတာ'

မိုက်ကယ်က အိမ်အတွင်းပိုင်းကို ဝေ့ဝိုက်ကြည့်ပြီး

'ငါ ခရီးထွက်ရမယ် တူညီ၊ အဲဒါ စိတ်မချလို့ မင်းနဲ့လာတိုင်ပင်တာ'

'ငါ ဘာလုပ်ပေးရမလဲ'

'ထုံးစံအတိုင်း ငါ့အိမ်ကို စောင့်ရှောက်ပေးပါကွာ. . ပြာရီနဲ့ မာမာ နှစ်ယောက်တည်းဆိုတော့ ငါစိတ်ပူလို့ကွ'

'စိတ်အေးအေးထားပြီး သွားပါကွာ. . ငါ တစ်ယောက်လုံး ရှိပါတယ်'





'ငါ့စိတ်ထဲမှာ ဘာလိုနေမှန်း မသိဘူး၊. . တစ်ခုခု လိုနေသလိုပဲ'

မိုက်ကယ် ဘာကိုဆိုလိုသလဲဆိုတာ သူသိပါသည်။

'အချိန်နဲ့အမျှ ပြောင်းလဲနေတာ လူ့ဘဝနဲ့ လူ့စိတ်ပဲလေ၊ မင်းဘဝမှာလည်း အပြောင်းအလဲဖြစ်သွားပြီ မဟုတ်လား. . ဒီလိုပဲ ငါ့ဘဝမှာလည်း အပြောင်းအလဲရှိတာပေါ့'

နံရံကပ်ဗီရို တစ်လုံးထဲမှာ စီတန်းထားသော အရုပ်မျိုးစုံကြောင့် မိုက်ကယ့်မျက်နှာ တစ်ချက်ပျက်သွားပါသည်။ ဒါကို တူညီက ချက်ချင်းရိပ်မိကာ

'sorry မိုက်ကယ်. . , ငါ ဂိုးလ်လေးကို သတိရလို့ သိမ်းထားမိတာ'

ပြောပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသောသူငယ်ချင်းဖြစ်သူကို မိုက်ကယ်က လက်မောင်းကိုပုတ်ပြီး နှစ်သိမ့်မိသည်။ ဒီကောင်ကြီး ဒီနှစ်တွေအတွင်းမှာ ကျိတ်ပြီး ခံစားနေမှာ. . ဘာပဲပြောပြော တူညီက ဂိုးလ်ကို သူ့လောက် မချစ်နိုင်ဘူးဆိုပေမယ့် သူ့လောက်နီးနီးတော့ ချစ်မှာ သေချာသည်။

ဒါကြောင့်လည်း မိုက်ကယ်က သူသေသွားရင် ထပ်တူညီရဲ့ရင်ခွင်ထဲမှာနေဖို့ ပြာရီမှိုင်းကို မှာထားပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာရီကတော့ စိတ်ဆိုးမာန်ဆိုးဖြင့် သူ့ကို ရူးနေပြီဟုပြော ခဲ့ဖူးသည်။

'မင်း ဘာစားဦးမလဲ မိုက်ကယ်'

'တော်ပြီကွာ. . ငါ စားချင်စိတ်မရှိဘူး'

အားလုံးပြောင်းလဲသွားပြီး စိတ်ဓာတ်ကျနေပုံရသော မိုက်ကယ်က သူ့အိမ်ထဲမှာ ကြာကြာမနေဘဲ ပြန်သွားပါသည်။

မိုက်ကယ်တင် စိတ်ဓာတ်ကျတာ မဟုတ်။ သူက ပိုပါလိမ့်မည်။ ဂိုးလ် ပျောက်ပြီးတဲ့နောက်မှာ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်ကာ အိမ်ထဲမှာပဲ အောင်းနေမိသည်။ အိမ်တံခါးကို အမြဲလိုလိုပိတ်ထားသည်။

သူက ဒီလိုနေလိုက်တော့ နုနုတောင်မှ သူ့အိမ်ဘက်ကို အလာကျဲသွားပါသည်။

ဖြစ်နိုင်လျှင် ဘယ်သူတစ်ဦးတစ်ယောက်နှင့်မှ သူ မတွေ့ချင်ပါ။ သူ့ဘဝ သူ့ကမ္ဘာထဲမှာ သူတစ်ယောက်တည်းသာ နေချင်သည်။ သူ့စိတ်အခြေအနေက ဟိုအရင်ကထက် ပိုဆိုးသွားတာ သူ သိနေသည်။

'ဆရာ. . နွားနို့ လာပို့တာ'

ဝုန်းဆို သူ့ဒေါသက ဆောင့်ပြီးတက်လာသည်။ ဒီကောင်





အတင့်ရဲလွန်းသည်။ ဒီလိုပဲ ဝင်,ဝင်လာတာ ဒါပါနဲ့ဆို နှစ်ကြိမ်ရှိပြီမို့ သူ သည်းမခံနိုင်တော့။

'ဟေ့ကောင်. . အိမ်ထဲ ဝင်မယ်ဆို ခွင့်တောင်းရမှာ မင်း မသိဘူးလား၊ လူမှုရေး နားမလည်ဘူးလားကွ. . သွား. . ပြန်ယူသွား၊ ငါ မသောက်ဘူး'

'ကြီးမယ်နုက ပို့ခိုင်းလို့ပါ အစ်ကိုရာ'

သူဘယ်လိုပြောပြော ဒီကောင်က ချက်ချင်းဘယ်တော့မှ မပြန်။ အမျိုးမျိုးစပ်စုကာ လေကြောက ရှည်ချင်သည်။

နုနုနှယ်. . ဘယ်လိုအရူးအပေါကို ခေါ်ပြီး အလုပ်သမား ငှားထားသလဲမသိ။

တူညီက ထိုရူးကြောင်ကြောင်ကောင်နှင့် စကား ဆက်မပြောလိုသဖြင့် သူ့လက်ထဲမှနွားနို့ဘူးကိုလှမ်းယူကာ နှင်ယူရသည်။

'တဲ. . ပေး. . ပေး. . ပြီးရင် ပြန်တော့. . ကျုပ် အပြင်သွားစရာရှိလို့'

ဘသားချောက ဒီတစ်ခါတော့ ရှောရှောရှူရှူပင် ထွက်သွားတော်မူလေသည်။ တူညီလည်း ခုမှပင် သက်ပြင်းချနိုင်တော့သည်။ လူတွေနှင့် သိပ်မပတ်သက်ချင်သလို စကားပြောလိုစိတ်လည်း ကုန်ခန်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Sundayတိုင်း Church တက်နေကျသူဟာ မတက်ဖြစ်တာ ဘယ်လောက်ကြာနေပြီလဲ. . ဘုရားကျောင်းနှင့် ကင်းကွာပြီး ဖဘသာဝျှန်နှင့် မတွေ့ဖြစ်တာတောင် တော်တော် ကြာနေပြီ ဖြစ်သည်။

တစ်ခါတလေကျတော့လည်း အပူတွေနဲ့ဝေးရာ. . ထာဝရ ငြိမ်းချမ်းရာနေရာဖြစ်သော တောင်ပေါ်က ဘုရားကျောင်းလေးကို သူ လွမ်းပါသည်။

* * *

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေဗ္ဗာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





မိုက်ကယ့်အိမ်တံခါးက သူ့အတွက်ဆို အမြဲ အဆင်သင့် ဖွင့်ထားမြဲပင်။

မာမာက သူ့ကိုမြင်သဖြင့် ဝမ်းသာအားရ တံခါးလာဖွင့် ပေးလေသည်။

'အတော်ပဲ သားရယ်. . ပြာရီလေး သွေးအားနည်းနေလို့ ခုနကပဲ ဆေးခန်းက ပြန်ရောက်တာ'

'ဟုတ်လား. . ခုရော ဘယ်လိုနေသေးလဲ အန်တီ'

'အိပ်ခန်းထဲမှာ မှိန်းနေတယ်'

'ကျွန်တော် ခဏဝင်ကြည့်လို့ရမလား ဟင်'

'ြော်. . ဒီလူနှင့်ဒီလူဥစ္စာ. . သွား ဝင်ကြည့်လေ'

တူညီက အိပ်ခန်းထဲသို့ ခြေသံမကြားအောင် ဝင်သွားလေသည်။ သူ့မျက်နှာပေါ်မှာ စိုးရိမ်မှုက အထင်းသား။

ဒီကလေးလောက် မိုက်ကယ့်မိသားစုအပေါ် သံယောဇဉ်ကြီးတာ မရှိတော့။ ဂိုးလ်လေးရှိတုန်းကလည်း သူပဲ တယုတယအနွံ့အတာခံပြီး ထိန်းရှာသည်။ မိုက်ကယ်တောင်မှ သူ့သားကို တူညီ့လိုမျိုး စိတ်မရှည်တတ်ခဲ့ပါ။

ပြာရီလေးကိုလည်း တူညီက အရိပ်တကြည့်ကြည့် ရှိနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်နဲ့ တစ်ခါ လဲကျမလိုဖြစ်တုန်းက သူ ဝင်ထိန်းပေးလို့သာ တော်တော့သည်။

ဒီအိမ်အတွက်တော့ တူညီဟာ ဘယ်နေရာမှာမဆို အသုံးတည့်သည့် Jokerဖဲချပ်လေး တစ်ချပ်လိုပါပဲ. . .

တူညီသည် ပြာရီမိုင်း၏မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေမိသည်။

စိတ်ထောင်းလို့ ကိုယ်ကျေတယ်ဆိုတာ ဒီလိုမျိုးလား။ နွမ်းဖတ်နေသည့် သူမမျက်နှာလေးက ကြည့်ရက်စရာပင် မရှိ။

လက်ဖျားကလေးတွေ ကိုင်ကြည့်တော့လည်း အေးစက်နေသည်။

ကိုယ်ကလည်း ခပ်နွေးနွေးဖြစ်နေသည်။

'သူ အိပ်ပျော်နေသလား သား'

မာမာက ဝင်လာပြီး မေးတော့ သူခေါင်းညိတ်ပြမိသည်။

'အခန်းက လှောင်ပိတ်နေတာပဲ၊ တံခါးတွေ ဖွင့်ထားလိုက်အန်တီ. . လေဝင်လေထွက်ကောင်းမှ သူသက်သာမှာ. . ကျွန်တော့်ကို သံပုရာသီးတစ်လုံးလောက် ပေးပါလား. . . သူ အမူးပြေအောင် ပေးရှူထားမလို့'

တူညီရဲ့စေတနာပါသောလုပ်ဆောင်ချက်များကို မာမာက





တစေ့တစောင်း အကဲခတ်နေပြီး မိုက်ကယ်နှင့်သာ ဖူးစာမဆုံပါကတူညီသည် ပြာရီအတွက် အသင့်တော်ဆုံးအိမ်ထောင်ဖက်ပဲဟုကျိတ်ပြီး တွေးနေမိသည်။

ပြာရီ့ကိုယ်လေး လှုပ်ရှားလာသည်။

မျက်လုံးလေးတွေ ပွင့်လာပြီးနောက်

'ပြာရီမိုင်း နိုးပြီလား'

'ကျွန်မ ထထိုင်ချင်တယ် ကိုထပ်တူညီ'

လေသံလေးက တိုးညက်နေသည်။ ပြာရီ တော်တော်လေးကို အားနည်းနေတာ. . .

'ကိုယ့်ကို မှီပြီး ထနော်. . ဖြည်းဖြည်း. . .'

သီချင်း မဟုတ်တဲ့ သံစဉ်လေးတစ်ခု. . ကဗျာ မဟုတ်တဲ့ ကာရံလေးတစ်ခုက ရင်ထဲကိုဖြတ်ပြီး စီးသွားသည်။

အဲဒီဝေဒနာက ဘာလဲ. . အဖြေကတော့ I don't know တဲ့. . . သူ ဘာဆိုဘာမှမသိတာ သေချာပါသည်။ ပြာရီက ထထိုင်ပြီး သူ့ကိုပြောတဲ့စကားက

'ဒီနေ့ သားလေးမွေးနေ့လေ. .'

တဲ့. . . ။ တမ်းတမ်းတတလေးနဲ့ မျက်ရည်တွေဝဲပြီး ပြောနေတာ. . .



www.burmeseclassic.com

www.burmeseclassic.com



'ခြောက်နှစ်ပြည့်ပြီပေါ့. . ကျွန်မလေ သားမျက်နှာလေးကို တစ်ခါလောက်ဖြစ်ဖြစ် တွေ့ချင်တာ. .'

သူ့အမြင်အာရုံတွေ မှုန်ဝါးသွားသည်။

ဟိုးအတိတ်ကို ပြန်လည်မြင်ယောင်ရင်း သူတို့နှစ်ယောက်လုံး ငြိမ်ကျသွားသည်။

ကံကြမ္မာဟာ ဆိုးလွန်းပါတယ်။ လမ်းလျှောက်ရင်း လမ်းပျောက်နေရတဲ့ ဘဝ. . .

'ရှင် သိလား. . သားလေး ကျွန်မဆီ ပြန်လာတယ်လို့ အိပ်မက် ခဏခဏမက်တယ်'

တူညီ၏မျက်နှာမှာ ပျက်သထက် ပျက်လာ၏။ ဒီလိုစကားမျိုးကြားဖို့ အင်အား သူ့ဆီမှာ မရှိပါ။

'ပြာရီမှိုင်း. . ခင်ဗျား အိပ်ဆေးသောက်ပြီး အိပ်လိုက်ရင် ကောင်းမယ်. . တောင်တွေးမြောက်တွေးနဲ့ ကိုယ့်စိတ်ကိုယ် မညှဉ်းဆဲပါနဲ့လားဗျာ. .'

'အိပ်ဆေး. . ဟုတ်လား. . ဟင်း. . ဟင်း. . ဘာအိပ်ဆေးမှမလိုပါဘူး. . သိပ်မကြာခင်မှာ ကျွန်မက တစ်သက်လုံးအိပ်တော့မှာ. . ကျွန်မ ဆုံးဖြတ်ပြီးသား'

ဆွဲထုတ်သွားတဲ့ အစတစ်စက အဲသလောက်တောင် တာ





သွားသလား။ နှစ်တွေ ကြာနေမှပဲ. . သူ့သားလေးကဖြင့် သူ့ကို မေ့တောင် နေလောက်ပါပြီ။ ကလေးဆိုတာမျိုးက ကျရာမှာ ပျော်တတ်တဲ့အမျိုး မဟုတ်လား။

ထပ်တူညီသည် ပြာရီမှိုင်းကို မနှစ်သိမ့်တတ်သဖြင့် တပ်ဆုတ်ကာ ပြန်ခဲ့ရပါသည်။

မိုက်ကယ် မရှိတုန်း သူမ တစ်ခုခု လုပ်သွားမှာကိုတော့ အကြောက်ဆုံးဖြစ်သည်။ ဖြစ်နိုင်ရင် သူ စောင့်အိပ်ပေးရမှာ. . ဒါပေမယ့် အကြောင်းကြောင်းတွေကြောင့်. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဇန်နဝါရီလ (၅)ရက်၊ ၂၀၀၉ခုနှစ်

မီးတွေ ထိန်ထိန်လင်းနေသော ညဈေးတန်းတစ်လျှောက်တွင် ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ညဦးနက်လေ အအေးဓာတ်က စိမ့်ပြီး ပိုလာလေပင်။ ထပ်တူညီသည် လောင်းကုတ်အရှည်ကြီးကို ဆွဲစေ့လိုက်ပြီး ခေါင်းစွပ်ဦးထုပ်ကို နားရွက်လုံအောင် ဆွဲချလိုက်သည်။ လည်ပင်းမှာ မာဖလာကိုပတ်ရင်း ဈေးတန်းတစ်လျှောက်ရှိ ကစားစရာရောင်းသော ဆိုင်





များတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် သူလိုချင်သောပစ္စည်းတစ်ခုကို အသည်းအသန်ရှာဖွေနေသည်။

သူ လှုပ်ရှားသမျှကို လူတစ်ယောက်က အသေအချာကို စောင့်ကြည့်နေသည်။ သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာတာကို သူ မသိပါ။

အရုပ်ဆိုင်တစ်ဆိုင်မှာတော့ သူရှာနေသောပစ္စည်းကို တွေ့သွားပုံရသည်။

remote ဖြင့် မောင်းရသော လေယာဉ်ပျံလေးတစ်စင်းကို ကိုင်ပြီး သူက ဈေးမေးနေသည်။

'အစ်ကို. . ဒါလေး ဘယ်လောက်လဲ. . '

'တစ်သောင်းခွဲပါ ညီလေး'

'ဒါလေး ကျွန်တော် ယူမယ်. . . နည်းနည်းလောက် စမ်းကြည့်ပေးပါလား'

Remote နှိပ်လိုက်တာနှင့် ထပျံသွားသော လေယာဉ်ပျံလေးကိုကြည့်ပြီး သူ့ပုံစံက အရမ်းကိုကျေနပ်နေသည်။

သူ့အာရုံနှင့်သူမို့ မျက်လုံးတစ်စုံက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေတာကို မရိပ်မိနိုင်အောင်ပင် ရှိနေသည်။

ထို့နောက် တူညီက ကစားစရာကို ယူကာ ပိုက်ဆံရှင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။ သူ့ခြေလှမ်းတွေနောက်ကို နောက်ထပ် ခြေလှမ်းတစ်စုံက တောက်လျှောက်ပါလာသည်။

ဘယ်အထိလိုက်လာပြီး ဘယ်အတိုင်းအတာအထိ သိသွားမှန်း မသိပေမယ့် တူညီနောက်မှာ အရိပ်တစ်ခုက ကပ်ပါနေပြီ ဖြစ်သည်။

* * *

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)





ဇန်နဝါရီလ (၂၀)ရက်၊ ၂၀၀၉ခုနှစ်

ဖာသာ့ဂွန် နေမကောင်းဖြစ်နေတာကြာပြီတဲ့. . မိုက်ကယ့်ဆီမှ သတင်းကြားထားပေမယ့် တစ်ခါမှသွားမကြည့်ဖြစ်သေးတော့ လူမှုရေးအရ သိပ်များ ညံ့ဖျင်းနေပြီလား။

သူ့ဘဝရဲ့ တစ်စိတ်တစ်ဒေသက အပူပိုင်းဇုံထဲမှာ ကျရောက်နေတော့ ဘယ်နေရာမဆို စိတ်သွားတိုင်း ကိုယ်မပါနိုင်ဖြစ်နေတာ ကြာပြီပဲ။

ဒီနေ့တော့ ဖြစ်ချင်ရာဖြစ် ရောက်အောင်သွားမည်ဟု အားတင်းပြီး သူထွက်လာခဲ့သည်။

တောလမ်းမှာ တောပန်းတွေ ဝေနေတာ မဆန်းပေမယ့် တောင်ပေါ်က ဘုရားကျောင်းအိုလေးကိုလှမ်းတွေ့ရတော့ ဝမ်းနည်းစိတ်၊ အားငယ်စိတ်က သူ့အလိုလိုပေါ်လာသည်။

မသိမသာနှင့် ညင်းညင်းကလေးတိုက်နေသော လေပြည်လေးတွေနှင့်အတူ တူညီရဲ့ခြေလှမ်းတွေက တောင်ပေါ်သို့ တစ်လှမ်းချင်း စမတ်ကျစွာ ရွေ့လျားနေကြသည်။

သူ့ခြေလှမ်းများရဲ့နောက်ကွယ်မှာ အမြဲတမ်းလိုက်ပါလာတတ်သော ခြေလှမ်းများ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တူညီသည် တစ်ချိန်က နွယ်ပင်လေးကိုတွေ့ခဲ့ရသော နေရာရောက်လျှင် ခြေစုံရပ်ကာ နှုတ်ခမ်းစွန်းတစ်ဖက်ကို မသိမသာမဲ့မိသည်။ အမည်တပ်ရန် ခက်ခဲသော၊ လျှို့ဝှက်သော အပြုံးတစ်ခုက သူ့မျက်နှာပေါ်မှာ အလိုလိုပေါ်လာသည်။

ထိုနောက်မှာတော့ သူ့စိတ်တွေ တဒင်္ဂလေးပဲဖြစ်ဖြစ် အေးချမ်းသွားစေရန် ဘုရားကျောင်းအိုလေးထဲမှာ ဆုတောင်းဝတ်ပြုဖို့ ဝင်သွားလေသည်။

* * *





ဖေဖော်ဝါရီလ (၃)ရက်၊ ၂၀၀၉ ခုနှစ်

မြို့ထဲရောက်ခိုက် အိမ်အတွက် လိုအပ်သော ဆေးအချို့ ဝယ်ရန် နာမည်ကြီး 'Classic' ဆေးဆိုင်သို့ တူညီ ဝင်သွားသည်။

ထိုဆေးဆိုင်သည် နေ့နေ့ ညည ဝယ်သူ ကြိတ်ကြိတ်တိုးနေသောဆိုင် ဖြစ်ရာ အခုလည်း ကိုယ့်အလှည့်ကျဖို့ တော်တော်စောင့်ရမည့်သဘောမှာ ရှိသည်။

မျက်မှန်းတန်းမိနေသောဆိုင်ရှင်က သူ့ကို လှမ်းမေးသည်။

'ညီလေး. . ဘာဆေးယူမလို့လဲ'

'Appeton တစ်ဘူး အစ်ကို. . နောက်ပြီး Para အရည် တစ်ဘူး၊ Septrin တစ်ဘူး'

'Appeton က အခဲလား၊ အရည်လား'

'အရည်ပဲ အစ်ကို. . . ဒီကောင်က ဆေးလုံးဆို မသောက်ဘူး'

ဆေးဝယ်နေသူများထဲမှ မျက်မှန်အနက်တပ်ပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသောသူ တစ်ယောက်ကတော့ သူတို့နှစ်ယောက်ပြောဆိုနေသမျှကို အသေအချာနားစိုက်ပြီး ထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကလေးက အသက်ဘယ်လောက်ရှိပြီလဲ'

'ခြောက်နှစ်'

'ကလေးတွေက ဒီလိုပါပဲ. . တစ်ယောက်တစ်မျိုးစီပေါ့. . ခဏလေး စောင့်ပေးနော်'

'ဟုတ်ကဲ့'

* * *





ဖေဖော်ဝါရီလ (၁၀)ရက်၊ ၂၀၀၉ ခုနှစ်

ဈေးထဲသို့ အသီးအနှံများလာသွင်းရင်း တရုတ်မှလာသော ကလေးဝတ်အကျီများ ရောင်းသော ဆိုင်ရှေ့အရောက်တွင် သူ့ခြေလှမ်းတွေ အလိုလိုရပ်သွားသည်။

ဂျင်းဘောင်းဘီအဆင်ဆန်းများ၊ အနွေးထည်များကို စိတ်တိုင်းကျ သူရွေးနေမိသည်။

သူနှင့်ခပ်လှမ်းလှမ်းတွင် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှနေပြီး လူတစ်ယောက်က စောင့်ကြည့်နေတာ သူ လုံးဝမသိပါ။

ကလေးညအိပ်ဝတ်အကျီ နှစ်စုံကိုပါ ထပ်ဝယ်ပြီး ပိုက်ဆံရှင်းကာ သူပြန်ထွက်သွားသည်။

ဈေးရှေ့တွင် CD ချပ်များ ရောင်းသောဆိုင်များ ရှိသည်။ တူညီသည် ထိုဆိုင်ရှေ့တွင်ရပ်ပြီး Ben 10 အခွေများကို ရွေးယူနေသည်။

'ဒါက နောက်ထွက်တဲ့အသစ်လား. . '

'ဟုတ်တယ် အစ်ကို. . . ဒီ သုံးခွေက နောက်အသစ်ထွက်တာ'

'အေး. . အဲဒီသုံးခွေ ထည့်ပေး'



www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ကိုင်သမျှကို လူတစ်ယောက်က စိတ်ရှည်လက်ရှည် စောင့်ကြည့်လို့ နေသည်။

သူ ဝယ်ခြမ်းသမျှဟာလည်း သူ့အတွက်ဆိုတာ မရှိ။

တစ်စုံတစ်ယောက်သောသူအတွက်သာ ဖြစ်. . . ဖြစ်နေသည်။

◆





## အခန်း (၂၄)

အကျီအရွေးလွှန်၍ သတ်မှတ်ချိန်ထက် ခါယ်မိနစ်ခန့်ကြာသွားပြီးမှ သူ အိမ်သို့ပြန်ရောက်ခဲ့သည်။

အသေပိတ်သွားသောတံခါးကို ဖွင့်ဝင်ပြီးနောက် သေချာအောင် ပြန်ပိတ်လိုက်သည်။ အရုပ်တွေ စီထားသော နံရံကပ်ဗီရိုနားရောက်ရော့ သူ အသံပြုလိုက်သည်။

'ဂိုးလ်...'

ပြန်ထူးသံ မကြားရ။ သူ့အသံကို ထပ်မြှင့်ပြီး ခေါ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂိုးလ် သားရေ. . '

ပြန်မထူးပုံထောက်တော့ သူနောက်ကျနေလို့ ကောက်နေပြီထင်သည်။

ဒီရိုက်ကြီးကို မ,ပြီး ရွှေ့လိုက်လျှင် တံခါးဖွင့်ပြီးသားဖြစ်သွားသည်။ သို့သော် ကလေးအားလေးနှင့်တော့ မဖွင့်နိုင်ပါ။

အခန်းက ပေနှစ်ဆယ် ပတ်လည် ရှိပြီး ကလေးအသုံးအဆောင်များ၊ ဆိုဖာခုံများ၊ စာသင်သော whiteboard၊ ထိုင်ခုံ၊ စားပွဲ၊ ပန်းချီဆွဲသော ပစ္စည်းများ၊ 28" TV, EVD စက်၊ Game အခွေနှင့် စက်. .. အားလုံးသည် သူ့နေရာနှင့် သူ စည်းစနစ်ကျစွာ ရှိနေပါသည်။

ဂိုးလ်လေးက သူထင်သလိုပင် စိတ်ကောက်နေသည်။

သူ ဝင်လာတာ မြင်သည်နှင့် ဟိုဘက်လှည့်ပြီး ထိုင်နေလေသည်။

'သားရေ. . ဒီမှာ ကြည့်စမ်း၊ ဘာတွေပါလာသလဲလို့. . '

ခေါင်းလေး ငုံ့စောင်းကာ မျက်လုံးစွေကြည့်ပြီးနောက် ချက်ချင်းပင် ပြန်လှည့်သွားသည်။

'ဟား. . . ဂိုးလ်က စိတ်ကောက်နေတော့ ဦးဦး ဝယ်လာတဲ့ Ben 10 ခွေလေးတွေ ဘယ်သူ့ကို ပေးလိုက်ရင် ကောင်းမလဲ





. . . ဂျင်းဘောင်းဘီနဲ့ အင်္ကျီတွေပါ ပေးမှထင်တယ်. . . နောက်ပြီး ဂိုးလ် သိပ်ကြိုက်တဲ့ မလိုင်လုံးတွေ ဘယ်သူ့ကျွေးရင် ကောင်းမလဲ မသိဘူး'

သူက အတည်ပေါက်ကြီးနှင့်ပြောတော့မှ ဂိုးလ် က သူ့ခါးကိုပြေးဖက်လေသည်။

'ဦးဦး မကောင်းဘူး. . သားကို အကြာကြီးထားခဲ့တယ်. . ဟီး. . . ဟီး'

'ဟာ. . မငိုရဘူးလေ သား. . ဦးဦး ဘာပြောထားလဲ. . . ယောက်ျားလေး ဆိုတာ မျက်ရည် မကျရဘူးလေ. . တိတ်နော်. . တိတ်. . တိတ်. . သား ဗိုက်ဆာနေလို့လား'

သူက ကလေးကို မျက်ရည်သုတ်ပေးပြီး ကြင်နာစွာ ပြောတော့

'မဆာပါဘူး. . . သားမှာ မုန့်တွေ အများကြီးရှိသားပဲ. . . ဆာရင် စားထားမှာပေါ့'

'ဒါဖြင့် ဘာလို့ငိုလဲ သား'

'ဦးဦးကို လွမ်းလို့. . ဦးဦးမရှိရင် သားမနေတတ်ဘူး'

မငိုနဲ့ဆိုလို့ ရပ်သွားပေမယ့် စကားပြောသံလေးမှာ ရှိုက်သံလေးက စွက်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



'သားရယ်. . ဦးဦးက သားနဲ့ပိုပြီးတောင် မခွဲနိုင်သေးတယ် ဒါတွေ သား မသိပါဘူးကွာ. .'

'နောက်တစ်ခါ ဦးဦးအပြင်သွားရင် သားကိုခေါ်သွားပါ နော်'

တူညီသည် ဂိုးလ်ရဲ့အညိုရောင်ဆံပင်စင်းစင်းကလေးတွေကို စိတ်ရှည်လက်ရှည်သပ်တင်ပေးပြီး နားချလေသည်။

'ဘာလုပ်မှာလဲ သားရယ်. . အပြင်မှာက လူဆိုးတွေချည်းပဲ. . သားအဖေနဲ့အမေတောင် သူတို့သတ်လို့သေပြီပဲ၊ သားတောင်မှ ဦးဦး ခေါ်ထုတ်လာလို့. . ခုတောင်မှ သူတို့ သားကိုလိုက်ရှာနေကြတာ'

ဂိုးလ် မျက်နှာလေးမှာ ကြောက်ရွံ့နေတဲ့အမူအရာလေးက အထင်းသားပေါ်နေသည်။

'ကလေးတွေကို ဖမ်းပြီး ပြန်ပေးဆွဲတဲ့သူနဲ့ သတ်ပစ်တဲ့သူနဲ့. . အပြင်မထွက်ပါနဲ့ သားရယ်. . . သား မကြိုက်ရင် ဦးဦးလည်း အပြင်မထွက်တော့ဘူးနော် ဟုတ်ပြီလား'

'ဟေး. . ဒါမှ တို့ဦးဦး'

ပျော်လွန်းသဖြင့် တူညီ၏ပါးလေးကို ဘယ်ပြန်ညာပြန်နမ်းပြီး ခုန်ပေါက်နေရှာသော ဂိုးလ်. . အပြင်လောကနှင့် အဆက်အ





သွယ်ပြတ်နေပြီး သူ့ဘဝ သူ့ကမ္ဘာမှာ သူ့ရဲ့ဦးဦးတစ်ယောက်သာ ခင်တွယ်စရာရှိသော ဂိုးလ်. . .။

မိရင်းဖရင်းတွေမှာ အပူသောကတွေ ကြီးပြီး အရူးတစ်ပိုင်း ဖြစ်နေပေမယ့် သူကတော့ ကျဉ်းမြောင်းတဲ့ကမ္ဘာငယ်လေးထဲမှာ နေသားတကျ ပျော်ရွှင်စွာပင် လူလားမြောက်ခဲ့လေပြီ။

'ဒါလေး ဝတ်ကြည့်ပါဦး သားရဲ့. . သားနဲ့ဆို သိပ်လိုက်မှာ၊ လာ. . ဦးဦး ရေချိုးပေးမယ်၊ ပြီးရင် အင်္ကျီအသစ် ဘောင်းဘီအသစ်ဝတ်မယ်၊ ထမင်းစားပြီးရင် Ben 10 ကြည့်မယ်နော်. . ဟုတ်ပြီလား'

တူညီသည် ဂိုးလ်ကို သေမလောက်ချစ်ပါသည်။ ထို့အတူ ဂိုးလ်ကလည်း သူ့ကို အင်မတန်မှ ခင်တွယ် သံယောဇဉ် ရှိလေသည်။ အတူနေတာ ကြာလာသည်နှင့်အမျှ ဂိုးလ်က သူ့ကို မျက်စိအောက်မှအပျောက်မခံတော့။

သူက ရေနွေးကို ဇလုံထဲထည့်စပ်ပြီး ဂိုးလ်ကို အင်္ကျီချွတ်ပေးသည်။ ပြီးလျှင် စိတ်ရှည်လက်ရှည် ရေချိုးပေးပြီး ဆပ်ပြာတိုက်ပေးလေသည်။

'သားကြိုက်တဲ့ ဝက်ခေါက်ကင်လေး ဝယ်လာတယ်. . မွှေးလား. . .'

'မွှေး ယ်. .'



www.burmeseclassic.com

www.burmeseclassic.com



'အဟုတ်. . ဒါဆို ထမင်းအများကြီးစားနော်'

'ဦးဦး ခွဲ့ကျွေးမှာလား'

'ခွဲ့မှာပေါ့ကွ. . '

ဒီမယ် မိုက်ကယ်. . မင်းမျက်နှာကို ငါစေ့စေ့ကြည့်ပြီး မေးချင်နေတာ. . ဂိုးလ်ကို မင်း ငါ့လောက် ချစ်နိုင်လို့လား. . . မချစ်နိုင်ပါဘူးကွာ။ ဒါပေမယ့် မင်းကတော့ ငြင်းမှာပေါ့. . အမှန်အတိုင်း ဘယ်ဝန်ခံရဲမလဲ. . ဒီလိုပဲ. . ငါ့ရဲ့နှယ်ပင်(မင်းရဲ့ပြာရီ)လေးကိုလည်း မင်း ငါ့လောက် မချစ်နိုင်ပါဘူးကွာ။ မင်းဆိုတဲ့ကောင်က သူများရင်ထဲက တစ်စုံတစ်ရာကို နှိုက်ယူဖို့ပဲ သိတာလေ. . ငါတန်ဖိုးထားတဲ့ အရာကိုမှ မင်းက ယူသွားခဲ့တာကိုး. .

အခုရော. . ဘယ်လိုလဲ၊ မင်း ရှင်လျက်နဲ့ရှူးနေပြီ မဟုတ်လား။ မင်းရင်ထဲက အစတစ်စကို ငါ အရှည်ကြီးဆွဲထုတ်ထားတာလေ. . မင်း OK ရဲ့လား။ မင်းကို ငါ တဆုံးထိ စောင့်ကြည့်နေတာ အရသာရှိလိုက်တာကွာ. .

လောကကြီးက ဒီတစ်ခါပဲ တရားမျှမျှတတရှိဖူးသေးတယ်။

တစ်ခါမှမျက်ရည်မကျဖူးတဲ့ မင်းက ငါ့ကိုဖက်ပြီး မျက်ရည်တွေ ကျနေတာများ ကြည့်လို့ သိပ်ကောင်းတာပဲ သိလား. . ငါ့ရင်ထဲမှာ တော်တော်အဓိပ္ပာယ်ရှိသွားတယ်. . .





ဒီလိုပဲ မင်း နာကျင်တိုင်း. . ကြေကွဲတိုင်း. . ငါ အသံတိတ်အော်,အော်ပြီး ရယ်နေတာ မင်းမှမသိဘဲ. . အတုံ့အလှည့်ပေါ့ကွာ။ ငါနာကျင်နေတဲ့အချိန်တွေမှာ မင်းပျော်ရွှင်ရယ်မောနေတာပဲ မဟုတ်လား. . .

တစ်ခုပဲ. . . ဘာမှ အပြစ်မရှိတဲ့ နှယ်ပင်လေးကို ငါသနားတယ်။ သူ့ရဲ့ငိုသံတွေက ငါ့ကို တွေဝေစေတယ်. . နာကျင်စေတယ်။

ပြာရီလို့ မင်း အမြတ်တနိုးခေါ်ပြီးချစ်နေတဲ့ မိန်းကလေးဟာ ငါ့ရင်တွေ ပွင့်ထွက်မတတ်စွဲလမ်းရတဲ့၊ အချိန်တိုင်း တမ်းတနေရတဲ့ နှယ်ပင်. . ဆိုတာ ငါတစ်ယောက်ကလွဲလို့ ဘယ်သူမှ သိမှာမဟုတ်ပါဘူး။

နှယ်ပင့်ကို မင်း ဖြတ်သုတ်သွားတဲ့အတွက် ဘဝအဆက်ဆက် ငါလက်တုံ့ပြန်မှာပဲ. . အဲဒီအတွက် ငါ့မှာအပြစ်ရှိသလား၊ ရှိတယ်ဆိုရင်လည်း ရင်ကော့ပြီး ခံမယ်ကွာ. . လုပ်ရဲရင် ခံရဲရမှာပေါ့။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နေရောင်ဖျော့ဖျော့လေးက ကြီးမယ်နုရဲ့ယာခင်းလေးပေါ် နွေးထွေးစွာ ဖြာကျနေသည်။

'ဖိုးစံ'ဟု ကြီးမယ်နုက ခေါ်သော ကောင်လေးသည် စောစောစီးစီး ဝီရိယပိုစွာ နွားစာတွေ နုပ်နုပ်စဉ်းနေသည်။

ကြီးမယ်နုက ကွပ်ပျစ်ပေါ်မှာထိုင်ပြီး ဆေးပေါ့လိပ်ကိုဖွာနေသည်။

'ကြီးကြီး ဟိုဘက်ယာခင်းထဲက အိမ်ရှင်က သိပ်ကိန်းခန်းကြီးတာပဲနော်၊ သူ့အိမ်ထဲဝင်ရင် ကြိုက်ပုံမရဘူးဗျ'





ဖိုးစံက တူညီ၏အိမ်ကိုကြည့်ပြီး ဖောက်သည်ချတော့ ကြီးမယ်နုက တစ်ချက်ပြုံးသည်။

'သူ့ဘဝ သူ့အကြောင်းပေါ့ သားရယ်. . ခမျာ တစ်သက်လုံး အထီးကျန်ခဲ့ရရှာတာ၊ အရင်က သူ ဒီလိုမဟုတ်ပါဘူး၊ ဒီနှစ်ပိုင်းတွေမှာ ပြောင်းလဲသွားတာ. . အဲဒီအတွက်ပဲ သူ့ကို ငါစိုးရိမ်နေတာ'

ကြီးမယ်နု၏သံယောဇဉ်က သာမန်ထက် ပိုပါသည်။ ထပ်တူညီကို သူ့သားလေးလိုချစ်တာတဲ့လေ. .

'သူက စိတ်ဝင်စားဖို့ ကောင်းတယ်နော် ကြီးကြီး. . . သူ့အကြောင်း ကျွန်တော့်ကို ပြောပြပါလား'

'အေးလေ. . တကယ်လို့ သူ့နေရာမှာ မင်းဆိုရင်လည်း သူ့လိုပဲ ခံစားရမှာ. . စိတ်ဒဏ်ရာရမှာ သေချာတယ်လေ'

ကြီးမယ်နု ဖွင့်ချပြသော အိပ်မက်ဟောင်းလေးတစ်ပုဒ်ကို နားထောင်ပြီး ဖိုးစံ၏ ရင်ထဲတွင် နင့်နေအောင် ခံစားလိုက်ရသည်။ သူ့ကိုယ်၌က မိဘမဲ့သူမို့ သူခံစား၍ရပါသည်။

သေဆုံးနေပြီဖြစ်သောမိဘများ၏အလောင်းဘေးမှာ ဗိုက်ဆာလို့ ထမင်းအတူစားဖို့ ခေါ်နေသော ကလေးလေးတစ်ယောက်၏ပုံရိပ်က သူ့အာရုံထဲက မထွက်တော့. . .

ဒါဆို ထပ်တူညီရဲ့စိတ်မှာ ငယ်စဉ်ကတည်းက ဒဏ်ရာနက်



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးတွေ ရှိနေတာပေါ့. . အခုရော သူ့စိတ်က normal မှဟုတ်ရဲ့လား။

တစ်ခုခုဆို အဆုံးစွန်ထိ ခံစားနေမှာလား။ သူ့ရဲ့အတိတ်ကို တူးဆွပြီးပြီဆိုတော့ ခန့်မှန်းကြည့်လို့ရနေပါပြီ။

တကယ်တော့ ခင်ဗျားဘဝက အရမ်းသနားဖို့ကောင်းနေတာ. . ဒါပေမယ့် ခင်ဗျားကိုယ်တိုင်ကတော့ သိချင်မှသိမှာပေါ့ဗျာ။

ကိုယ်တိုင် အရမ်းနာကျင်ခဲ့ရတဲ့သူတွေမှာ တချို့က သူတစ်ဘက်သားကို ကိုယ်ချင်းစာတတ်သွားပေမယ့် ချွင်းချက်အနေနဲ့ တချို့ကတော့ သူများကို ပြန်ပြီး နာကျင်အောင်လုပ်ဖို့ ဝန်မလေးကြဘူး။

ခင်ဗျားက ဒုတိယအမျိုးအစားမှာ ပါနေပြီလားဗျာ. . .

* * *





ဂိုးလ်က သူဆွဲထားသော ပုံလေးကို ကြည့်ပြီး ကြည်နူးနေပုံရသည်။ သူ့ပုံဆွဲစာအုပ်ထဲမှာ စိတ်ကူးတည့်ရာဆွဲထားသောပုံများဖြင့် ပြည့်နေသည်။

တူညီက ကော်ဖီမတ်ခွက်ကိုကိုင်ပြီး ဂိုးလ် ဆွဲထားသောပုံကို တောင်းယူကြည့်မိသည်။

မိန်းမတစ်ယောက်နှင့်ယောကျ်ားတစ်ယောက်ပုံကို တွေ့ပြီး

'ဒါ ဘာပုံလဲ သား'

'ဒီဘက်က သားဒယ်ဒီ. . ဒီဟာက သားမာမီပေါ့'

တူညီ မျက်နှာပျက်ထွက်သွားသည်။

'သားက သူတို့ကို မှတ်မိသေးလို့လား'

'တွေ့မှမတွေ့ရတော့တာ၊ ဦးဦးပဲ ပြောတာလေ. . သေပြီဆို. . မှတ်မိလားဆိုတော့ သားလည်း မသိတော့ဘူး'

'သား. . ဦးဦးကို ကြည့်စမ်း'

ဂိုးလ်မျက်နှာလေးကို သူ့ဘက်ဆွဲလှည့်လိုက်ပြီး နဖူးလေးကို ညင်သာစွာ နမ်းရှိုက်မိသည်။

'ဦးဦးကို အကြာကြီး မတွေ့ရတော့ဘူးဆိုရင် သားက မေ့သွားမှာလား'

သူ့အသံတွေ တုန်ခါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း . . သားက ဦးဦးကို ဘယ်တော့မှမမေ့ဘူး'

'သားရယ် . .'

ဂိုးလ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထားမိသည်။ လောကရဲ့လှည့်ကွက်တွေ၊ မာယာတွေကို သားမသိသေးပါဘူးကွာ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သားကို ဦးဦးခွဲရဦးမှာပါ . . ရင်ကွဲခံပြီး ခွဲရဦးမှာ . . .

'ဦးဦး ယာတောထဲမှာ အလုပ်လုပ်ရင် သားလည်း ကူချင်တယ် . . ဟိုတစ်ခါကလို စွန်လွှတ်တမ်းကစားချင်လို့ . . နော်'

ဂိုးလ်က တစ်ခုခုကို လုပ်ချင်ပြီ၊ လိုချင်ပြီဆို 'နော်'လေးကို သံရှည်ဆွဲပြီး ချွဲတတ်သည်။ သူ မှတ်မိပါသည်။ ကွင်းပြင်ကျယ်ကြီးထဲမှာ ဆော့ချင်လို့ မနားတမ်းဂျီကျနေသည့်အတွက် ညဉ့်နက်သန်းခေါင် သူတို့နှစ်ယောက် စွန်လွှတ်ကြသည်။

ကလေးကို သူ သနားလှပါပြီ။ သူ့ဆန္ဒအတိုင်း လုပ်ပေးချင်သည်။ ကလေးဆိုတာ လွတ်လပ်မှုကိုပဲ ခုံမင်တာ . . သူငယ်ငယ်ကလည်း ဒီလိုပဲ ဆော့လာခဲ့တာမဟုတ်လား။

'ညဘက်ဆိုတော့ လူဆိုးတွေ မရှိလောက်ပါဘူး၊ သားဆော့ချင်ရင် အခုတစ်ရေးအိပ်လိုက်၊ ညကျ ဦးဦးတို့ ထဆော့မယ်လေ . . ဒါပေမယ့် ညတိုင်းတော့ မရဘူးနော် သား'





ဂိုးလ်က သူ့ပါးကို နမ်းပြီး ပျော်နေရှာသည်။ တူညီသည် နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင် ဂိုးလ်ကို ဖက်ပြီး သီချင်းဆိုကာ သိပ်နေသည်။

ဒီကလေးလေးကို သူ့ရင်ခွင်ထဲမှာထားပြီး သိပ်ခဲ့တာ သုံးနှစ်တောင်ရှိပြီပဲ . . .

နောင်တစ်ချိန် အတောင်စုံတဲ့တစ်နေ့မှာ ဝေးရာကို ပျံသွားမှာလား . . အဲဒီအတွက် သူခံနိုင်ရည်ရှိပါ့မလား။

သူ့မိဘတွေကို ပြန်တွေ့တဲ့အခါ သူ့ကို နာကြည်းသွားမှာ၊ မုန်းသွားမှာပါ။

ဒီလိုတွေးမိတိုင်း သားလေးကိုဖက်ပြီး သူငိုရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တူညီသည် ဂိုးလ်ကိုချီကာ ယာခင်းအစပ်ဆီသို့ ထွက်လာသည်။ သူ့ယာတောက နှစ်ဧကခန့်ရှိလေရာ ဒီဘက်မှာဆို ကလေးကို လွတ်လွတ်လပ်လပ်ပေးဆော့ရဲသည်။

ဟိုဘက်ခြမ်းမှာကျတော့ နုနုတို့ယာတောရှိသည်။ လူလည်းနည်းနည်းရှုပ်လေသည်။

ဂိုးလ်ပူဆာတိုင်း ညဘက်တွေမှာ သူတို့နှစ်ယောက် ထပြီးဆော့နေကျ။ သူကျူးလွန်ထားတဲ့အမှားတစ်ခုအတွက် ကလေးကို သူတတ်နိုင်သလောက် ပေးဆပ်နေခြင်းဖြစ်သည်။

အပြင်ထွက်ခွင့်မပေးတာကလွဲလို့၊ ကျောင်းမနေရတာကလွဲလို့ ကျန်တာဆို အကုန်လိုတ,ရ ဖြစ်စေသည်။

ဂိုးလ်က ကျောင်းသာမတက်ရတာ သူ သင်ပေးထားသဖြင့် သူငယ်တန်းစာကို ကျော်ပြီး တစ်တန်းသင်ခန်းစာတွေတောင် ကျေညက်နေပြီဖြစ်သည်။

အပြင်ကမ္ဘာနှင့်ခုမှထိတွေ့ခွင့်ရသူလို ကလေးက ယာတောထဲမှာ ပတ်,ပတ်ပြီး ပြေးနေသည်။ ပျော်လွန်းသဖြင့် က,တောင်နေသေးသည်။ ဂိုးလ်ရဲ့အပျော်လေးတွေက သူ့ဆီသို့ကူးစက်လာသည်။

'ဦးဦး. . သားက ပါဝါရိမ်းဂျားလုပ်မယ်. . ဦးဦးက လူဆိုးလုပ်'





သူ့ကို လူဆိုးလုပ် တဲ့. .

ဂိုးလ်က သူကြည့်ထားသော. . ပါဝါရိမ်းဂျားတွေအတိုင်း အကွက်ပေါင်းစုံဖြင့် သူ့ကိုတိုက်ခိုက်လေသည်။

'ဒါက အစိမ်းရောင်ပါဝါရိမ်းဂျား. . ရှီး. . ရှီး. . ရှီး. . ဟောဒါက အနီရောင်ရဲ့တိုက်ကွက်၊ ရား. . ဒီတစ်ခါ အဝါရောင်လို ကစ်ပြီ. . လာပြီနော်'

ပါဝါရိမ်းဂျားကြီး ဂိုးလ်ရဲ့တိုက်ကွက်တွေကို မနည်းရှောင်ယူနေရသည်။

လရောင်ကဲ့ပါးနေတဲ့ညမှာ သူတို့နှစ်ယောက် သိပ်ကိုပျော်နေကြသည်။ ပတ်ဝန်းကျင်ဆိုတာကို သူတို့အသိစိတ်ထဲမှာ မေ့လျော့နေလေသည်။

ဖိုးစံသည် ဂျာကင်ခေါင်းဆောင်းကို ခေါင်းမှာ ဆောင်းရင်းခြုံကွယ်တစ်ခုကြားမှာ ခေါင်းကိုငုံ့၊ ကိုယ်ကို ပုဝင်ထားပြီး သူတို့နှစ်ယောက်ကို ချောင်းကြည့်နေလေသည်။ ညမှောင်မှောင်မှာ မြွေပါးကင်းပါးကလည်း ကြောက်ရသေးသည်။

ရှာမှရှားတဲ့ လူထူးဆန်းကြီးပါလား။ တစ်နေကုန် ကလေးကို ဝှက်ထားပြီး ညဘက်တွေကျမှ လွတ်လွတ်လပ်လပ်ပေးဆော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူရဲ့စိတ်ဟာ normal မှ ဟုတ်သေးရဲ့လား။

ဖိုးစံသည် မကြာမီ အဖြေထိုးနိုင်တော့မည့် ပုစ္ဆာတစ်ပုဒ်အတွက် ဝမ်းသာနေသည်။

စိန်ခေါ်မှုတွေ အများကြီး၊ အချိန်တွေ အများကြီး ပေးခဲ့ရသော ခက်ခဲသည့်ပုစ္ဆာတစ်ပုဒ်ကို သူကိုယ်တိုင် ရွေးချယ်ပြီး တွက်ခဲ့တာ မဟုတ်လား. . .

♦



## အခန်း (၂၆)

ဂိုးလ်သည် တူညီ အကျင့်လုပ်ပေးထားသဖြင့် ထမင်းစားပြီး နေ့ခင်းနှစ်နာရီမှ လေးနာရီလောက်အထိ အမြဲအိပ်တတ်သည်။ ကလေးအိပ်ချိန်ကျမှ သူလည်း ဟန်မပျက် အပြင်ထွက်လို့ရတော့၏။

နည်းနည်း ကြီးလာတော့ ဂိုးလ်က သူ့ကို အပျောက်မခံတော့ဘဲ အရိပ်တကြည့်ကြည့်လုပ်နေတတ်သဖြင့် မိုက်ကယ်တို့အိမ်တောင် သူ မသွားဖြစ်တာ ကြာနေပြီ။

ကိုယ်က ဦးအောင်သွားတာပဲ ကောင်းပါတယ်လေ။ တော်ကြာ ဟိုတစ်ခါကလို အိမ်ကိုပေါက်ချလာဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးက သူတို့ကို သိပ်မမှတ်မိတော့ဘူးဆိုပေမယ့် သွေးက ရှိသေးတယ်လေ။ မိုက်ကယ် အိမ်ကိုလာခြင်းသည် သူ့အတွက် အကြီးမားဆုံးအန္တရာယ်ဖြစ်လေသည်။

ဂိုးလ်က နှစ်ခြိုက်စွာ အိပ်မောကျနေသည်မို့ တူညီသည် ခြေကို ဖွနင်းကာ အခန်းထဲမှထွက်ခဲ့သည်။ ထိုနောက် ဗီရိုတံခါးကြီးကို ပြန်ပိတ်လိုက်သည်။ သူသည် နံရံကပ်ဗီရိုဖြစ်သွားသော တံခါးကြီးကိုကြည့်ပြီး သူ့ idea ကောင်းပုံကို ကျေနပ်နေမိသည်။

အပြင်ရောက်တော့ အိမ်တံခါးကို သေချာသော့ပြန်ခတ်ရသည်။ ပတ်ဝန်းကျင်အခြေအနေကို လေ့လာရသေးသည်။ သူတို့ ယာတောနှင့် ခပ်လှမ်းလှမ်းရှိ နုနုတို့ယာခင်းထဲတွင် ဟိုအချိုးမပြေသောကောင်ကို တွေ့ရသည်။ အရင်က ဒီကောင်ကို မတွေ့ဖူးပါဘူး။ နုနုယောကျ်ား လေဖြတ်ပြီး အိပ်ရာထဲလဲတော့မှ ခေါ်လိုက်တာ ဖြစ်မည်။

နုနုနှယ် ဘာလို့ဒီလိုလူမျိုးကို ခေါ်ထားသလဲ မသိပါဘူး။ အင်မတန်မှစပ်စုတဲ့အကောင်။

ရှမ်းရိုးမတောင်တန်းကြီးတွေက အမြဲတည်တံ့နေသလိုပဲ သူ့ရင်ထဲက တစ်စုံတစ်ရာဟာလည်း သူအသက်ရှင်နေသရွေ့ ထာဝရရှိနေမှာပါ။





ချစ်ခြင်းနှင့်ယှဉ်တွဲပြီး ပေါ်ပေါက်လာတဲ့ အစိုင်အခဲတစ်ခုကလည်း ကြာလေ ထုထည်ကြီးလေပင်။

တိုက်ခတ်လာတဲ့ လေပြည်တွေက သူ့ကို လမ်းမပြပေးနိုင်သလို ညအချိန်မှာ ထွက်ပေါ်လာတဲ့ လမင်းကြီးကလည်း ပိန်းပိတ်အောင်မှောင်နေတဲ့ သူ့ရဲ့စိတ်အမှောင်ကို ထွန်းလင်းအောင် လုပ်မပေးနိုင်တာ အတော်ကြာနေပြီပဲလေ. . .

မိုက်ကယ့်ရှေ့မှာထိုင်ပြီး မိုက်ကယ့်မျက်နှာပေါ်က သောကတွေကိုကြည့်ရတာလောက် အရသာရှိတာ၊ စိတ်ကျေနပ်စေတာ မရှိတော့။

သူ ဖဲ့ယူသွားတာက. . ရင်ဘတ်ထဲက နှလုံးသားတစ်စုံလုံးလေ. . ရစရာမှ မရှိတာ။

နေ့ရော ညပါ လှပနေတဲ့ သူ့ဘဝကြီးကို မျက်ရည်များစွာဖြင့် အရောင်စွန်းစေခဲ့သည်။

ကြယ်စင်အားလုံးထက် သာပြီး လှနေတဲ့ သူ့အချစ်တွေကို တိမ်မည်းတွေ ဖုံးစေခဲ့သည်။

အချိန်တွေတိုင်းမှာ တမ်းတနေခဲ့ဖူးတယ်. . အကြင်နာတွေပြည့်သိပ်နေတဲ့ မျက်ဝန်းတစ်စုံနဲ့ မင်းမသိအောင် ငေးကြည့်နေတဲ့ကောင်ပါ နွယ်ပင်. . အတိတ်ကို ပြန်သွားလို့ရမယ်ဆိုရင် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်တဲ့အကြောင်းတွေ ဖွင့်ပြောပြချင်တာ. . ဒါပေမယ့် ခုတော့ ငါချစ်နေတာ မင်း မသိနိုင်တော့ပါဘူး။

ဂိုးလ်မှာ မင်းရဲ့ သွေးတွေ အပြည့်ပါနေတယ် နွယ်ပင်. . မင်း ငါ့အနားမှာ မရှိပေမယ့် မင်းရဲ့သားလေးက မင်းကိုယ်ပွားအနေနဲ့ ရှိနေတဲ့အတွက် ငါကျေနပ်ပါတယ်။

ဒါ မိုက်ကယ်တဲ့လား. . ကြည့်စမ်းပါဦး။ ဒီကောင် လူမှန်းသူမှန်း မသိအောင်ကို မူးနေတာ. . နေ့ခင်းကြောင်တောင်ကြီးမှာ ဒီလိုပုံပျက်ပန်းပျက် သောက်နေပြီလား။ မူးပေါ့. . . မူးစမ်း. , သေအောင် မူးစမ်း. .

မိုက်ကယ့်ကိုကြည့်ပြီး စိတ်ထဲမှာ အတိုင်းမသိကျေနပ်ပေမယ့် ဆိုဖာပေါ်မှာထိုင်ပြီး တိတ်တိတ်လေးငိုကြွေးနေသော ပြာရီမှိုင်းကို တွေ့တော့ စိတ်ထဲမှာ တော်တော်ထိသည်။

သူမပုံလေးက နွမ်းနယ်လွန်းသည်။ မျက်နှာမှာလည်း သွေးမရှိသလို ဖြူဆုတ်နေသည်။

သူ့ကိုတွေ့တော့ သူမမျက်ဝန်းလေးတွေ အရောင်တောက်လာသည်။ Please နွယ်ပင်၊ မင်း ငါ့ကို အဲဒီအကြည့်တွေနဲ့ မကြည့်ပါနဲ့လားကွာ. . မင်းရဲ့ကရုဏာမျက်ဝန်းလေးတွေကို ငါရင်မဆိုင်ရဲလို့ပါ။





'ကိုထပ်တူညီ. . လာလေ. . ရှင့်တူလေးကို မတွေ့သေးဘူးလားဟင်. . ကျွန်မ လွမ်းလှပြီရှင့်'

တွေ့ပါတယ်. . . နေ့တိုင်း တွေ့နေတာပဲလို့ ဖြေလိုက်ချင်သည်။ လူတွေက ကိုယ်မှန်တယ်ထင်တာကို လုပ်နေကြတာပဲ။ အဲဒါကိုက လူ့ဘဝလေ. . မင်း ကိုယ့်ဟာကိုယ် ပျော်စရာတွေရှာဖွေပြီး နေပျော်အောင် နေပါလားကွာ. . .

'တစ်နေ့နေ့တော့ ပြန်တွေ့မှာပေါ့ ပြာရီရယ်. . ဒါနဲ့ မိုက်ကယ်က ဘာဖြစ်နေတာလဲ. . သူ့ကို ကြည့်ထိန်းပါဦးဗျာ'

သူ့ရဲ့အပြောကို ကြားတော့ ပြာရီ့မျက်ဝန်းမှမျက်ရည်က ပေါက်ခနဲကျလာသည်။

'ရှင့်သူငယ်ချင်း ဒီအတိုင်းဆက်သွားရင် လုံးပါး ပါးတော့မယ်ထင်တယ်. . သူ မအိပ်တဲ့ညတွေ သိပ်များနေပြီ. . အိပ်နေရင်းနဲ့လည်း ကယောင်ကတမ်းတွေ ပြောချင်ပြောနေတာ. . ခု ရှင်တွေ့တဲ့အတိုင်းပဲ. . အရက်က လူကိုနိုင်နေပြီလေ၊ လောကကြီးမှာ အလှဆိုတာ ရှိသေးရဲ့လား ကိုထပ်တူညီ. . ကျွန်မတို့ဘဝတွေက မီးလိုပဲ လောင်ကျွမ်းနေပြီ'

အပျော်ဆိုတာ. . လူ့ဘဝရဲ့အပေါ် ယံပဲပဲဟု ပြောလိုက်ချင်သည်။ နောက်ဆုံးမှာတော့. . သွားရမယ့်လမ်းက တစ်ခုတည်းပါပဲ



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်။ အယူဘာသာတွေ နီးနီးဝေးဝေး. . အရင်သွားရမယ့်သူနဲ့ နောက်က လိုက်မယ့်သူသာ ကွာတာပါ။ အဲဒီရှင်ခြင်းနဲ့သေခြင်းကြား ထဲမှာပဲ ပြဿနာက ရှုပ်နေတာ. . .

ကိုယ့်အမြင်မှာတော့ လူတွေက အချင်းချင်း လှည့်ပတ်ပြီး ကောက်ကျစ်နေကြတယ်။ ကိုယ့်စိတ် ကိုယ့်ရုပ်နဲ့ ကိုယ့်ခန္ဓာက တစ်ခုခုကို ကျူးလွန်ထားတယ်။ အဲဒါအတိအကျပဲ. . ကိုယ်ဝန်ခံနေတာပါ နွယ်ပင်။

'ဟေ့ကောင်. . မင်း ဘယ်သူလဲကွ၊ ဒီနားလာစမ်း ငါကြည့်ဦးမယ်'

အာလေးလျှာလေးကြီးနှင့် ဖက်ကျိုးကာ ခေါ်နေသော မိုက်ကယ့်အနားကို တိုးတိတ်စွာလျှောက်သွားပြီး ရပ်လိုက်သည်။

'မိုက်ကယ်. . ငါပါကွ. . တူညီလေကွာ၊ ဟေ့ကောင်. . . သတိထားပါဦး'

'မင်း. . မင်း. . တကယ်ပဲ တူညီနော်'

မိုက်ကယ့်မျက်လုံးတွေ နီရဲနေသည်။ သူ့ကိုလည်းတွေ့ရော ခါးကိုဖက်ပြီး ယောကျ်ားတန်မဲ့ ငိုနေလိုက်တာများ. . မင်းကို ငါမုန်းတယ် မိုက်ကယ်. . အရူးအမူးကို မုန်းနေတာ. . မင်းမှမသိဘဲ. . ။ ဒီကမ္ဘာကြီးပျက်သုဉ်းတဲ့အထိ တိုင်တည်ပြီး မုန်းနေဦးမှာ။





စိတ်ထဲမှာ အထပ်ထပ်အခါခါ ကြိမ်းဝါးပြီး မုန်းနေပေမယ့် လက်တွေ့မှာတော့ သူသည် မိုက်ကယ့်ဆံပင်လေးတွေကို စိတ်လိုလက်ရပင် သပ်တင်ပေးနေမိသည်။

'တိတ်စမ်း. . မိုက်ကယ်. . မင်း ယောကျ်ားမဟုတ်ဘူးလား၊ မင်းက ဒီလိုဖြစ်နေမှတော့ ပြာရီမိုင်းကို ဘယ်လိုနှစ်သိမ့်ပေးမှာလဲ. . ပြောလေ'

'ဟေ့ကောင်. . ငါ ငိုပါရစေကွာ. . အားရအောင် ငိုပါရစေ ငါမှအသုံးမကျတာ၊ ငါညံ့လို့ ငါ့သားလေး ပျောက်သွားတာကွ၊ ဘယ်လိုအင်အားနဲ့ လူဆက်လုပ်ရမလဲ တူညီ. . ပြောလေ. . ငါဘာမှားနေလို့ ငါ့ကို ဒဏ်ခတ်နေရတာလဲ. . ပြောပါဦးကွာ. . ငါနားလည်အောင် မင်းပြောပါဦး'

သူ့ကိုတိုင်တည်ပြီး မိုက်ကယ့်ရင်ထဲက ပွင့်ကျလာသော စကားတွေက တာသွားလှသည်။

သူ့ကို တိုက်ရိုက်ပြောနေသလိုပါပဲ။

မိုက်ကယ့်မျက်နှာကြီးကို အားရအောင် ဆွဲထိုးပစ်လိုက်ချင်သည်။ တကယ်တမ်းမှာတော့ သူ့မျက်နှာကို နှစ်သိမ့်သမှုဖြင့် ပွတ်ပေးနေမိသည်။

'မှားတယ် မှန်တယ်ဆိုတာ ဆုံးဖြတ်တဲ့သူနဲ့ပဲ ဆိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်. . ဒါတွေက မင်းစဉ်းစားစရာကို မလိုတာ. . ဂိုးလ်ကို တစ်နေ့နေ့မှာ မင်းတို့ ပြန်တွေ့မှာပါကွာ'

ငါသေတဲ့နေ့မှာပေါ့လို့ ဆက်ပြောချင်ပေမယ့် သူ့ရင်ထဲမှာပဲ ထည့်သိမ်းထားလိုက်ပါသည်။

ကျေနပ်သွားပြန်ပြီ. . . မိုက်ကယ့်အခြေအနေကို ကြည့်ရတာ တစ်နေ့တခြား ပိုဆိုးလာသလိုမို့ သူက ပိုပြီး ကျေနပ်ရသည်။ ပျော်ရွှင်ရသည်။ ဒီလိုပဲ မိုက်ကယ့်မျက်နှာနှင့် အခြေအနေကို စိမ်ပြေနပြေကြည့်ပြီး အောင်ပွဲခံနေတာ. .

ဘယ်လိုလဲ မိုက်ကယ်. . အရသာရှိရဲ့လား။ သောကဆိုလို့ မြူတစ်မှုန်စာတောင်မှ မရှိဘူးဆိုတဲ့ မင်းဘဝ. . ခုတော့ သောကမုန်တိုင်းကြီးနဲ့ တည့်တည့်တိုးနေပြီ မဟုတ်လား. . ခံနိုင်ရည်တွေ ကုန်ဆုံးနေပြီ မဟုတ်လား။

ငါ မြင်နေရတယ် မိုက်ကယ်. . မင်း မရှုမလှ ပိုးစိုးပက်စက်ကြီးကို ကျဆုံးနေပြီ။

◆



## အခန်း (၂၇)

အခုနောက်ပိုင်း သူ့ပါးစပ်ဖျားမှာ 'ဂိုးလ်' အစား 'သား'ဟု သာခေါ်နေမိသည်။ ကိုယ့်သွေးနဲ့ဖြစ်တည်တာ မဟုတ်ပေမယ့် ကိုယ့်သားလိုပဲ ခံစားရသည်။ ချစ်ရသည်။ နည်းနည်းမှအပွန်းအပဲ့မခံနိုင်အောင်ကို အဖြစ်သည်းပါသည်။

အအေးကြိုက်သော ဂိုးလ်က အနွေးထည် ဝတ်ဖို့ကို ငြင်းဆန်မြဲ ဖြစ်သလို အစိုးရိမ်ပိုတတ်သော သူကလည်း မပျက်မကွက် ဝတ်ပေးမြဲသာ ဖြစ်သည်။

တူညီက လှည့်ပတ် ပြေးနေသော ဂိုးလ်နောက်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



မဖမ်းတော့ဘဲ လေတစ်ချက်ချွန်ပြီး ကဗျာလေးတစ်ပုဒ်ကို ဆိုပြလိုက်သည်။

'ယုန်ကလေး မောင်မောင် ဂိုးလ်
အန္တေးထည် ဝတ်ဖို့ သူအကြောက်ဆုံး
အန္တေးထည်မရှိတဲ့ ယုန်ကလေးကို
ကျားဆိုးကြီးက ဝုန်းဆိုခုန်'

သူ့ကဗျာမဆုံးမီ ကျားဆိုးဆို အသေကြောက်သော ဂိုးလ်က အန္တေးထည်ဝတ်ဖို့ ရောက်လာပါသည်။

'ဦးဦး. . သားကို အန္တေးထည်ဝတ်ပေး'

'ဒီလိုမှပေါ့ကွ. . မှန်း. . ငါ့သားလေး နေကောင်းရဲ့လားလို့'

သူက အရင်လိုပဲ ဂိုးလ်ရဲ့ နဖူးနှင့် ပါးကလေးတွေကို စမ်းကြည့်သည်။

'OK...ခဏနေရင် နွားနို့တစ်ခွက်သောက်ပြီး အိပ်ရမယ်နော် သား. .'

'သား မအိပ်ခင် ဟိုပုံပြင်လေး ပြောပြနော် ဦးဦး'

ရှူးတယ်လို့ပြောချင်ပြောကြပါစေ. . စိတ်ထဲရှိတာတွေကို ရင်ဖွင့်ဖို့အတွက် ခေါင်းစဉ်တပ်မိတာက ပုံပြင်တဲ့. . ဒါဆို နွယ်ပင်နဲ့သူတွေ့ဆုံခဲ့တာ တကယ်ပဲ ပုံပြင်တစ်ပုဒ်ဖြစ်ခဲ့တာလား။





အဖြစ်အပျက်တွေတိုင်းမှာ တန်ပြန်သက်ရောက်မှုတွေ ရှိတယ်တဲ့. . . အကျန်မရှိတော့တဲ့အချစ်တွေနဲ့ ပုံပြီး ချစ်ခဲ့တာတော့ သေချာပါသည်။

အေးစိမ့်လာသော ညအလယ်တွင် ဂိုးလ်လေးကို ဖက်ပြီး ငြိမ်သက်စွာ တိတ်တိတ်ကလေး ဆုတောင်းနေမိသည်။

ဒီအတိုင်းလေးပဲ တစ်သက်လုံးရှိနေပါစေ. . နှစ်ယောက်တည်းနဲ့ ကမ္ဘာတစ်ခု တည်ကြည့်ပါရစေ။

ဂိုးလ်လေးနဲ့ သူ မခွဲနိုင်တော့ဘူး. . . ခွဲဖို့အရေး တွေးကိုမတွေးချင်ဘူး။

'ဦးဦး. . နတ်သမီးလေးပုံပြင်ပြောမယ်ဆို. .'

မျက်လုံးတွေကို မှိတ်လိုက်တာနှင့် နာရီတွေ နောက်ပြန်ဆုတ်ကုန်ကြသည်။

'နတ်သမီးလို လှတဲ့ ကောင်မလေးတစ်ယောက်ကို တောလမ်းလေးပေါ်မှာ တွေ့ခဲ့တာပေါ့ သားရယ်. . .'

'ဘယ်သူက တွေ့တာလဲ ဦးဦး'

'မင်းသားလေးကပေါ့ သားရယ်'

'ဩော်. . .'

ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် အပြစ်ကင်းစွာ ပျော်ရွှင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကောင်မလေးတစ်ယောက်ရဲ့ ပုံရိပ်က တရေးရေးပေါ်လာပါသည်။

'ခဏလေးတွေ့ရပေမယ့် သူက အဲဒီကောင်မလေးကို မေ့လို့မရအောင်ကို စွဲလမ်းသွားတာ'

'စွဲလမ်းတယ်ဆိုတာ. . ဘာလဲဟင်'

'အချိန်တိုင်း တွေ့နေ မြင်နေချင်တာမျိုးပေါ့ သားရဲ့'

'ဪ. . '

ဘာပြောပြော လူကြီးကလေးလို တဪတည်း ဪနေသော ဂိုးလ်ရဲ့နှာခေါင်းလေးကို ဆွဲလိမ်မိသည်။

'သူက တမ်းတနေပေမယ့် ကောင်မလေးနဲ့ပြန်မတွေ့တာ အကြာကြီးပဲတဲ့. . မင်းသားလေးက ကောင်မလေးကို ထပ်ပြီးတွေ့ချင်လို့ နေ့တိုင်းဆုတောင်းနေသတဲ့လေ'

'ဆုတောင်းတော့ တွေ့ရောလားဟင်'

ညတိုင်း ဒီပုံပြင်ပဲ ပြောခိုင်းနေတော့ သူလေးက အကုန်သိနေပါပြီ။ သူ မသိတာဆိုလို့ အဲဒီနတ်သမီးလေးက သူ့အမေဆိုတာကိုပဲ. . . သူ့အမေ အသက်ရှင်လျက် ရှိနေသေးတယ်ဆိုရင် ဂိုးလ် ဘယ်လိုနေမှာလဲ. . သေပြီဆိုလို့သာ မေ့မေ့ပျောက်ပျောက်ဖြစ်နေတာ။





သားတို့သားအမိကို ခွဲထားမိတဲ့အတွက် ဦးဦးကို ခွင့်လွှတ်ပါတော့ သားရယ်. .

ဦးဦးလည်း အမေ့ရင်ခွင်ကို တမ်းတမိတဲ့အချိန်တွေ ရှိတာပေါ့. . သားလည်း သတိရနေမှာပဲ၊ တမ်းတနေမှာပဲနော်. . .

သားအဖေကို ဦးဦး သိပ်မုန်းတာ. . တကယ်တော့ သူသေသွားရင် ကောင်းမှာ. .

'ဟင်. . ဦးဦး၊ ကောင်မလေးကို ပြန်တွေ့လားလို့'

'တွေ့တာပေါ့ သားရယ်. . သူ့ရဲ့သစ္စာက မှန်ကန်တာကိုး၊ ဒါပေမယ့် သူတို့နှစ်ယောက်က မပေါင်းရပါဘူး သားရယ်'

'သား သိပြီ. . . ဟိုလူဆိုးကြီးကြောင့် မဟုတ်လား. . သူက ကောင်မလေးကို ယူလိုက်တာလေ. . အဲဒီလူကြီးကို အပြင်မှာ တွေ့ရင် ပါဝါရိမ်းဂျားလိုချပြီး Ben 10 လို ဆော်ပစ်မယ် သိလား'

သူ့စိတ်ထဲမှာ အလိုလို ပြုံးရယ်လာမိသည်။ ဂိုးလ်က သူ့အဖေရင်းကို အားရပါးရကြုံးဝါးနေတာလေ. . .

'ဟုတ်ပြီ. . ဟုတ်ပြီ. . ငါ့သားကိုပဲ အားကိုးရတော့မှာ'

'သားရှိနေရင် သူတို့နှစ်ယောက် ညားမှာပေါ့နော် ဦးဦး'

'ကောင်မလေးက ဟိုလူဆိုးကြီးကိုပဲ ချစ်တာ သားရဲ့'

သူ့အသံတွေ မသိမသာတုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ ဆိုတာ ကိုယ် သိတယ် နွယ်ပင်. . .

'ဟင်. . မင်းသားကျတော့ မချစ်ဘူးလား'

'မချစ်ဘူး'

ရင်ထဲတွင် နင့်နေအောင် နာပါသည်။

'ဘာဖြစ်လို့လဲဟင် ဦးဦး'

'သူ့ရင်ထဲမှာ ဟိုလူဆိုးကြီးက ရှိနေပြီကိုး သားရယ်'

'ဒါဆို မင်းသားလေး သနားပါတယ်နော်'

'တကယ်တမ်းကျတော့ သူ့ကို ဘယ်သူမှနားမလည်ကြဘူးလေ၊ သူ့ဘဝက အရမ်းအထီးကျန်တာပေါ့၊ ရင်ထဲမှာ နင့်နေအောင် ဝမ်းနည်းလည်း ကူပြီး ခံစားပေးမယ့်သူ မရှိသလို အားငယ်နေရင်လည်း ဖျောင်းဖျပေးမယ့်သူ မရှိဘူးလေ'

ဂိုးလ် မျက်နှာကလေးမှာ ဝမ်းနည်းမှုအရိပ်အယောင်လေးတွေ အထင်းသား ပေါ်နေသည်။ ဒီပုံပြင်ထဲက မင်းသားလေးဟာ ဦးဦးပဲလို့ မင်းသိသွားရင် သနားနိုင်ပါဦးမလား သားရယ်. .

ဒါကြောင့် ပြောတာပေါ့. . ကံကြမ္မာက မတရားဘူးလို့. . တကယ်ဆို ဂိုးလ်ဟာ ကျွန်တော့်သားလေး ဖြစ်နေရမှာ. .

'ဦးဦး. . တိတ်. . တိတ်. . မငိုနဲ့နော်'





ဘယ်အချိန်က စီးကျလာမှန်းမသိတဲ့ မျက်ရည်တွေကို သူ့လက်ဖဝါးနုနုကလေးတွေနဲ့ သုတ်ပေးနေရှာတဲ့ ဂိုးလ်..

ဒီသံယောဇဉ်လေးကို သူဖြတ်ရက်ပါ့မလား. . ဒီကလေးက မွေးပြီး လူမှန်းသိပြီဆိုတာနှင့် သူ့ကိုပဲ လာတွယ်တော့တာ. .

အအေးဓာတ်က ပိုပြီး စိမ့်လာသည်။ တူညီက ဂိုးလ်ကို တင်းနေအောင်ဖက်ပြီး သူ့ရင်ခွင်ထဲမှာထားကာ နွေးထွေးစေသည်။ ဒီလိုနှင့်ပဲ ညလေးတစ်ည ကုန်လွန်သွားဦးမှာပေါ့. . .

ဂိုးလ်ကို သူက ဘယ်နေ့အထိ ဖက်ထားနိုင်မလဲ၊ ခုတောင်မှ ကလေးကို ကျောင်းပို့ပေးချင်တာ. . ကျောင်းမထားရလို့ သူ့ရင်ထဲမှာ နာကျင်နေရသည်။ ဒါပေမယ့် သူ စဉ်းစားထားတာ တစ်ခုရှိသည်။

အဲဒါကတော့ ဂိုးလ်ကိုခေါ်ပြီး ဟိုး. . အဝေးကြီးကိုထွက်သွားဖို့. . . သူနှင့် ဂိုးလ်ကို ဘယ်သူမှမသိတဲ့ နေရာလေးတစ်ခုမှာ သွားနေချင်သည်။ ပတ်ဝန်းကျင်အသစ်၊ နေရာအသစ်မှာ ဂိုးလ်ကို ကျောင်းထားပေးမယ်ဆိုတဲ့အတွေးက အချိန်တိုင်းဖြစ်ပေါ်နေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မြူမှုန်တွေက ပိန်းပိတ်နေအောင် ကာဆီးထားသည်။ ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်းမို့ သစ်ပင်တွေဟာလည်း ရေးရေးကလေးထင်ပြီး ဝိုးတိုးဝါးတားဖြစ်နေသည်။

အမှောင်ထုကို ထိုးဖောက်ပြီး ခွဲထွက်လာတဲ့ အသံသေးသေးလေးတစ်ခု. . ပထမ တိုးတိုးလေး ကြားရသည်။ တဖြည်းဖြည်းအသံက ပီသလာသလို ကြည်လည်းကြည်လာလေသည်။

'မာ. . မီ. . မာမီရေ. . သားပြန်လာပြီ'

ဘုရားသခင်. . ဒါ. . ဒါ. . သားလေးအသံ မဟုတ်လား။





ဟုတ်တယ်. . ဒါ ကျွန်မသားလေးအသံပဲ. . ။

မကြားရတာ ကြာပြီဆိုပေမယ့် မိခင်စိတ်ဖြင့် သူမ မှတ်မိနေသည်။ ဂိုးလ်က သူပြန်လာပြီတဲ့. . .

သူမ မျက်လုံးတွေကို အမှောင်ထဲမှာ အားစိုက်ပြီးကြည့်မိသည်။ မြူမှုန်တွေကြား၊ နှင်းထုတွေကြားမှာ. . . ခြောက်နှစ်အရွယ်ကလေးလေးတစ်ယောက် ရပ်နေသည်။

သား. . . ဒါ သား ဟုတ်ရဲ့လား. . ကလေးရဲ့မျက်နှာက အမှောင်ထဲမှာမို့ သိပ်ပြီး ကွဲကွဲပြားပြား မမြင်ရ. . ဒါပေမယ့် ဂိုးလ် ပျောက်သွားတုန်းက ဒီအရွယ်မှမဟုတ်တာ. . ကိုယ့်သား ကိုယ်မှတ်မိတာပေါ့. . သူမက ကိုယ်ကို ရှေ့တိုးပြီး သေချာအောင် ထပ်ကြည့်သည်။ ရင်ထဲမှာ ဖြောင်းဆန်နေတာပဲ သိသည်။

ကလေးက သူမကိုကြည့်ပြီး ထပ်ပြောပြန်သည်။

'မာမီ. . သားကို မမှတ်မိတော့ဘူးလားဟင်၊ သားက မာမီကို တစ်ချိန်လုံးလွမ်းနေတာ'

ဟုတ်တယ်. . ဒါ သားလေးအသံပဲ. .

'သား. . . သားရေ. .'

အာခေါင်ခြစ်ပြီး ကြုံးရုံးအော်လိုက်သော သူမအသံကြောင့် မိုက်ကယ် လန့်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာရီက ဘာမှမရှိတဲ့ လေဟာနယ်ထဲမှာ တစ်စုံတစ်ခုကို ပွေ့ဖက်လိုက်ပြီး မျက်ရည်တွေ စီးကျနေသည်။ မိုက်ကယ်က ပြာရီ့ လက်မောင်းလေးကို ပုတ်ပြီး နှိုးမိသည်။ ပြာရီ့ပုံစံကိုကြည့်ပြီး သူ့စိတ်ထဲမှာ ယူကြုံးမရဖြစ်ရပါသည်။

'ပြာရီ. . . ပြာရီ'

သူမမျက်လုံးတွေ ပွင့်လာပြီး မိုက်ကယ့်ကိုမြင်သည်နှင့် ဖက်ပြီး ငိုတော့သည်။

'မိုက်. . သားလေး ပြန်လာပြီ သိလား၊ ဂိုးလ် ပြန်လာပြီ'

ပြာရီ့အသံက ပုံမှန်မဟုတ်ဘဲ တုန်နေသည်။

'ပြာရီ အိပ်မက် မက်ပြန်ပြီလား'

လူက ပိန်ချုံးကျပြီး မျက်လုံးဝိုင်းဝိုင်းကလေးတွေပဲ ကျန်တော့သော ပြာရီက သူ့ကို ပြုံးကြောင်ကြောင်လေး ပြန်ကြည့်လေသည်။

'မဟုတ်ဘူး. . ဒါ အိပ်မက် မဟုတ်ဘူး မိုက်၊ သားလေ. . သားက မာမီ သားပြန်လာပြီလို့ ပြောတာ. . သူ့အရပ်က ဟောဒီလောက် ရှိနေပြီ မိုက်၊ ယုံပါနော်. . ပြာရီ တကယ်ပြောနေတာ'

မိုက်ကယ်က အံကို တင်းတင်းကြိတ်ကာ ပြာရီ့ကိုယ်လုံးလေးကို ဖက်ထားလိုက်ပါသည်။





အိပ်မပျော်လို့ အိပ်ဆေးတွေ သောက်ပြီး အားလုံးကို မေ့ပစ်ချင်သော ပြာရီ. . အိပ်ပျော်ပြန်တော့လည်း သူ့သားလေးကိုစွဲလမ်းပြီး အိပ်မက်တွေ မက်၊ ကယောင်ကတမ်းတွေ ပြောတတ်သော ပြာရီ. .

သူမကို ဘယ်လိုကုစားပေးမှ ဒဏ်ရာတွေ ပျောက်မှာလဲ။ သေရာပါမယ့်. . တစ်သက်စာဒဏ်ရာတွေက သူမရင်ထဲမှာ နေရာအပြည့်ယူထားပြီပဲလေ. . .

အပြင်မှာ နှင်းခဲ့တွေ သိပ်သည်းစွာကျနေပါသည်။ ဖြစ်နိုင်လျှင် နှင်းတောထဲမှာ အရူးတစ်ယောက်လို အော်ပြီး ပတ်ပြေးလိုက်ချင်သည်။

ရူးသွားရင် သိပ်ကောင်းမှာပဲ။ သူတို့လင်မယားနှစ်ယောက်လုံး သွက်သွက်ခါအောင် ရူးသွားရင် ကောင်းမှာ. . .

ညတာ ရှည်သလို ဝဋ်ကြွေးသံသရာဟာလည်း ရှည်လျားနေတာပါပဲ. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဖေဖော်ဝါရီလ (၂၈)ရက်၊ ၂၀၀၉ခုနှစ်

မအိပ်စဖူး ညနေစောင်းတဲ့အထိ အိပ်နေသော. . ဂိုးလ်ကို မသက်သာသဖြင့် ကိုယ်ပူမပူ စမ်းကြည့်မိတော့ ကလေးက ကိုယ်ပူတွေကြီးပြီး ခြေတွေ လက်တွေပါ တစ်ချက်တစ်ချက် တုန်ပြီး အကြောဆွဲချင်သလို ဖြစ်နေသည်။

တူညီက ဂိုးလ်ကို အတင်းနှိုးပြီး ဆေးတိုက်ဖို့ လုပ်ချိန်မှာ လူက ပျာနေပြီဖြစ်သည်။ တစ်ခါမှ ဒီလိုမဖျားဘူးတဲ့ ဂိုးလ်က အဖျားရှိန်ကြောင့် မျက်လုံးကလေးတောင်မှ မဖွင့်နိုင်တော့။ ကလေးများ တက်ချင်နေလို့လား. . .





သူ့စိတ်တွေ ဆောက်တည်ရာမဲ့စွာ အပူကြီးနေသည်။

သူ သိတာတစ်ခုပဲ ရှိသည်။

ဂိုးလ်လေးကို ဆေးခန်းခေါ်သွားမှဖြစ်မည်။

သူ့ကြောင့်(သူ့အတ္တကြောင့်) ကလေး တစ်ခုခုမဖြစ်စေရ။ ဒါပဲ သူသိသည်။ ကျန်တာ ဘာမှသတိမရသလို ဖြစ်ချင်ရာဖြစ် သူ ဘာမှဂရုမစိုက်နိုင်တော့. . .

'သား. . သားလေး. . ဦးဦး ခေါ်နေတယ်လေ. . ထပါဦး သားရာ၊ ဆေးလေးသောက်လိုက်ပါဦး. . သား'

ဂိုးလ်ထံမှ ညည်းသံကလေး တစ်ချက် တစ်ချက် ထွက်လာသည်။ ဂိုးလ်ကို ကောက်ချီပြီး သူပြေးထွက်လာခဲ့သည်။

အပြင်မှာ နေဝင်ချိန်ဆိုပေမယ့် အလင်းရောင်က ပျပျလေး ရှိနေသေးသည်။

ကလေးကို စက်ဘီးပေါ်တင်နင်းလို့ မရနိုင်တော့ ခြေလျင်သွားရမလား၊

ထော်လာဂျီယူသွားရင် ကောင်းမလား. . သူ့စိတ်တွေ ချီတုံချတုံဖြစ်နေဆဲမှာ နုနုတို့ခြံမှ အလုပ်သမားဖိုးစံက သူ့ရှေ့မှာရပ်လာခဲ့သည်။

'ကိုထပ်တူညီ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာလာရှုပ်တာလဲ. . ဒီမှာ ကလေးကို ငါဆေးခန်းပို့မလို့. . ဖယ်ကွာ. . ဖယ်လို့ ပြောနေတယ်လေ'

ဖိုးစံနောက်မှာ လူနှစ်ယောက် ရောက်လာပြီး ကလေးချီထားသောသူ့လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီချုပ်ထားလိုက်ကြသည်။

'ခင်ဗျားတို့ ဒါဘာလုပ်တာလဲ'

'Sorry ပဲ ကိုထပ်တူညီ. . . ကျွန်တော် ဒုရဲအုပ်စိုးငွေးဟန်ပါ၊ ဒီကလေးက သုံးနှစ်လုံးလုံး အစပျောက်နေတဲ့ ခင်ဗျားရဲ့သူငယ်ချင်း ကိုတိုးမိုက်ကယ်ရဲ့သားလေး ဂိုးလ်... ကျွန်တော်ပြောတာ မလွဲပါဘူးနော်. . ကျန်တာ စခန်းရောက်မှဆက်ပြောကြတာပေါ့'

ပွဲက ပြီးသွားပြီပဲ. . လုပ်ရဲရင် ခံရဲရမှာပေါ့။ တူညီက ဘာတစ်ခုမှ ငြင်းချက်မထုတ်ပါ။ သို့သော် သူ တောင်းဆိုတာက တစ်ခုတည်းရယ်ပါ။

'ကောင်းပြီလေ၊ ကျွန်တော် သားလေးကို ဆေးခန်းပို့ပေးပါရစေ သူအဖျားကျတာနဲ့ကျွန်တော်အဖမ်းခံမှာပါ ဒါလေးတစ်ခုတော့ကျွန်တော့်ကို ခွင့်ပြုပေးပါဗျာ. . ကျွန်တော်တောင်းပန်နေတာပါ'

'ကလေးနဲ့အတူ ခင်ဗျားကို လိုက်ခွင့်ပြုမယ်. . ဒါပေမယ့် ခင်ဗျားကို လက်ထိပ်ခတ်မှဖြစ်မယ် ကိုထပ်တူညီ. . ခွင့်လွှတ်ပါဗျာ'





တူညီ ကြိုက်တတ်သည့် ဝက်သားပဲငပိဟင်းနှင့် ဂျူးမြစ်ချဉ်ရည်ဟင်းထည့်ပြီး ညစာစားချိန်အမီ လာပို့သော နုနုသည် ဖိုးစံနှင့် တူညီကိုတွေ့သွားပြီး

'ဟဲ့. . ဖိုးစံ၊ နင် ဒီမှာ ဘာလာလုပ်နေတာလဲ၊ တူညီ ဒီမှာ နင်ကြိုက်တဲ့ဟင်းတွေ ငါထည့်လာခဲ့တယ်'

စားခွင့်ရှိဦးမှာလား နုနုရယ်. . . နုနုရဲ့ စေတနာဟာ ကျွန်တော်နဲ့မထိုက်တန်တော့ပါဘူး။

'ဟင်. . ဒီ ဒီကုလေးလေးက ဘယ်သူလဲ တူညီ၊ ငါလည်း မတွေ့ဖူးပါလား. . ကလေးက နေရောကောင်းရဲ့လားဟယ်'

ဖိုးစံက ကြီးမယ်နု၏လက်ကို ဆုပ်ကိုင်ပြီး

'ကြီးကြီး. . ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ. . ကြီးကြီး သူ့ကို သားတစ်ယောက်လိုချစ်တာ ကျွန်တော် သိပါတယ်၊ အခု ကျွန်တော် သူ့ကိုဖမ်းရတော့မယ်၊ သူက ဒီကလေးကို ပြန်ပေးဆွဲပြီးဝှက်ထားခဲ့တာ သုံးနှစ်တောင်ကျော်နေပြီ၊ ဒီအမှုကိုလိုက်ချင်လို့ ဖိုးစံအယောင်ဆောင်ပြီး ကြီးကြီးဆီမှာ အလုပ်ဝင်ခဲ့တာပါ. . ခုတုံးလုပ်သလိုဖြစ်သွားလို့ တောင်းပန်ပါတယ်'

နုနုက မယုံနိုင်စွာ ခေါင်းကိုသာ ခါရမ်းနေသည်။

ပါးစပ်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



'တူညီမှာ. . သူ့မှာ အဲဒီလိုစိတ်ဓာတ်မျိုး မရှိပါဘူး. . မင်းတို့ အထင်လွဲနေတာပါကွယ်. . သားလေး. . တူညီ. . မင်းလုပ်တာ မဟုတ်ဘူးလို့ ရှင်းပြလိုက်လေ'

'နုနုချက်ကျွေးတဲ့ ဟင်းလေးတွေကို ကျွန်တော် အမြဲတမ်း လွမ်းနေမှာပါ. . ကျွန်တော်ပြန်လာခဲ့ရင်ကော ချက်ကျွေးဦးမှာလား'

နုနုက မျက်ရည်များကြားမှ ခေါင်းကို တွင်တွင်ညိတ်ပြလေသည်။

'သား. . တူညီ. . ကိုယ့်ကိုယ်ကို ဂရုစိုက်ပါကွယ်'

'ခင်ဗျားတို့ ဝတ္တရားရှိတဲ့အတိုင်းသာ လုပ်ပါဗျာ'

တူညီက လက်ထိပ်အခတ်ခံပေမယ့် ကလေးကိုတော့ ဖက်ထားမြဲပင်။ ဂိုးလ်မျက်နှာလေးကို အငမ်းမရနမ်းရှိုက်ရင်း ငိုနေသည်။ အသံတိတ်ငိုနေပြီး မျက်ရည်တွေက တဖ‌ေါက်ဖ‌ေါက်ကျနေသည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး နုနုက ရှိုက်ကြီးတငင်ငိုလေသည်။

'ဂိုးလ်ရယ်. . ဦးဦး မင်းနဲ့ ခွဲရတော့မယ်ကွ. . ဒီတစ်သက်သားကို ဦးဦး ဘယ်တော့မှပြန်တွေ့ရမှာ မဟုတ်ဘူး'

သူတို့ကိုခေါ်လာသော ရဲကားက ဆေးခန်းတစ်ခုရှေ့မှာ ထိုးရပ်ပြီးနောက် ကလေးကို ပခုံးပေါ်မှာ တင်ထမ်းထားပြီး လက်ထိပ်ခတ်ထားသောလက်နှစ်ဘက်ဖြင့် ထိန်းကာ ဆေးခန်းထဲဝင်လာ





သောလူတစ်ယောက်ကို အားလုံးက အံ့အားသင့်စွာ ဝိုင်းကြည့်နေကြသည်။ ထိုလူကတော့ ဘာကိုမှမသိ။ ဆရာဝန်ကိုသာ ငိုပြီး တောင်းပန်နေပါသည်။

'ဒေါက်တာ. . သားလေးကို ကြည့်ပေးပါဦးဗျာ၊ ကျွန်တော့်သားလေးကို ကယ်ပါဦး'

ဆရာဝန်က သူ့အခြေအနေကို နားလည်သွားပါသည်။

'ကလေးက ကိုယ်ပူကြီးပြီး မှိန်းနေတာပါ. . စိတ်ကို အေးအေးထားနော်. . ဟုတ်ပြီလား'

ဆရာဝန်က ဂိုးလ်ကို ဆေးတစ်လုံးထိုးပေးပြီး သူ့နာပြုဖြစ်ဟန်တူသော မိန်းကလေးက ရေပတ်တိုက်ပေးလေသည်။ ဆေးထိုးလိုက်တာနှင့် ဂိုးလ်က လန့်ပြီး အော်ငိုလေသည်။

'ဦးဦးရေ. . ဦးဦး. . သား နာတယ် ဟီး. . '

ဟော. . သားလေး ငိုပြီ။ အသံကြားရပေမယ့် ကိုယ်ပူကျမှ သူ စိတ်ချလက်ချထားခဲ့လို့ရမည်။ နားလည်မှုရှိသော ဒုရဲအုပ်လေးက သူလုပ်သမျှ ဘာတစ်ခွန်းမှမပြောဘဲ သူတို့နှစ်ယောက်ကို စိတ်မကောင်းစွာ ငေးကြည့်နေလေသည်။

'သားလေး မကြောက်နဲ့နော်. . ဦးဦး ရှိတယ် သိလား'

'ဟုတ်ကောင်. . တူညီ'



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရောက်လာပြီပဲ. . . ။

သူ့ကို ပြာကျသွားမတတ် စိုက်ကြည့်နေသော မီးတောက်နေသည့်မျက်ဝန်းများနှင့် မိုက်ကယ့်ကို သူ ပြန်တုံ့ပြန်ပုံက အေးစက်စက်နိုင်သည်။

'မင်းလားကွ. . ငါ့သားကို ပြန်ပေးဆွဲထားတာ. . ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း. . ကဲကွာ. .'

တစ်လုံးပြီးတစ်လုံး ပစ်သွင်းလာသော လက်သီးချက်များကို တူညီက မငြီးမငြူခံယူပါသည်။ သူ့နှုတ်ခမ်း ကွဲကာ သွေးများပင် စီးကျလာသည်။ သူ့မျက်ဝန်းမှမာနရိပ်တွေက အရောင်လျော့မသွားပါ။

'ကိုတိုးမိုက်ကယ်. . တော်လောက်ပါပြီဗျာ'

စိုးငွေးဟန်က ဝင်တားချိန်တွင် တစ်ချိန်လုံး ဘာစကားမှ မပြောဘဲ ကလေးတိုသာ စိုက်ကြည့်နေသော ပြာရီမှိုင်းက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ

'တကယ်တော့ ရှင်ဟာ လမ်းဘေးက ကလေကချေအပေအတေကောင်ပဲ၊ လူယုတ်မာ. . အချိုသတ်ပြီး နောက်ကျောကို ဓား နဲ့ထိုးနေတာကိုး. . ကျွန်မ ခုပြောမယ့်စကားကို ရှင်သေသေချာချာ နားထောင်သွားဦး. . ရှင့်ကို တစ်သက်မကျေဘူး. . ဘဝဆက်တိုင်





မကျေဘူး၊ အေး. . ကျွန်မ ခံစားရသလို ရှင်လည်း ဘယ်ဘဝရောက်ရောက် ခံစားရပါစေလို့ ကျွန်မ ကျိန်ဆိုလိုက်တယ်'

ရင်နာရပါသည်။ သေမလောက် ချစ်ရသော ချစ်သူ့နှုတ်ဖျားက သူ့ကို ရက်ရက်စက်စက်ကျိန်စာတိုက်ဆိုနေပါသည်။ ဒါတွေ အားလုံးဟာ မင်းကိုချစ်လို့ဆိုတာ ဘယ်တော့မှ အယူခံမဝင်တော့ပါဘူး နွယ်ပင်။ ဒီနေ့ကစပြီး မင်း ပျော်နိုင်ပါပြီ. . ပျော်နေရစ်ခဲ့ပါတော့. . .

ရုတ်ရုတ်သဲသဲဖြစ်လာသောအခြေအနေကို စိုးငွေးဟန်က ဝင်ထိန်းလိုက်ပါသည်။

'ဒေါက်တာ. . ကလေး အဖျားကျသွားပြီလား'

'ကျသွားပါပြီ'

'မပြာရီမှိုင်း. . ကလေးကို ခေါ်ထားပါဦး'

'သားလေး. . မာမီ့သားလေးရယ်. . . အဖြစ်ဆိုးလှချည်လားကွယ်. . ဟင့်. . . ဟင့်'

ကိုးလ်က မလိုက်ပါ။

အတင်းတွန်းလွှတ်ပြီး တူညီ့ကိုယ်ပေါ် သို့သာ ဖက်တွယ်ပြီး တက်လေသည်။

'ဦးဦး ဘယ်သွားမလို့လဲ. . သားကို မထားခဲ့ဘူးဆို၊ ဦးဦး



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးထားတယ်လေ. . သားနဲ့မခွဲဘူးဆို၊ သား သူတို့နဲ့မနေဘူးနော်. . ဦးဦးနောက်ပဲ လိုက်မယ် ဦးဦးရေ သားကိုခေါ်ပါ. . ဟီးဟီး'

မိဘအရင်းတွေကို ဂိုးလ်က လုံးဝ မမှတ်မိတော့ပါ။ တူညီကိုသာ တင်းကျပ်နေအောင် ဖက်တွယ်ထားသည်။

'သား. . ဦးဦးကိုကြည့်စမ်း. . ဦးဦး အခုသွားမယ့်နေရာက လူဆိုးတွေပဲ နေတဲ့ နေရာ. . သားလေးလိုက်လို့မဖြစ်ဘူးနော်. . . သူတို့က သားပန်းချီဆွဲထားတဲ့ ဒယ်ဒီနဲ့မာမီလေ. . သား သူတို့နဲ့လိုက်သွားနော်. . ဦးဦးကိုချစ်ရင် လိုက်သွားပါ သားရယ်'

'ဟင့်အင်း. . ဟင့်အင်း. မလိုက်ဘူး၊ သား ဦးဦးနဲ့ပဲ နေမယ် ဦးဦးနဲ့ပဲ နေပါရစေနော်'

မိုက်ကယ်က ဘာမှ မပြောတော့ဘဲ ဂိုးလ်ကို တူညီဆီမှ အတင်းပွေ့ချီလိုက်သည်။

'ကျွန်တော် အဆင်သင့်ဖြစ်ပြီ ကိုစိုးငွေးဟန်'

တူညီက ဂိုးလ်နှင့်တကွ အားလုံးကို ကျောခိုင်းကာ လှည့်ထွက်လာခဲ့သည်။ ဂိုးလ်သည် မိုက်ကယ့်လက်ထဲမှအတင်းရုန်းထွက်ကာ ရဲကားပေါ်တက်တော့မည့် တူညီ့ထံသို့ ပြေးလေသည်။ ဂိုးလ်လိုက်လာမှန်းသိတော့ တူညီက ပြေးသည်။ အဖျားတက်ထားသဖြင့် နွမ်းနယ်နေသောကလေးမှာ အားမရှိဘဲ ခွေလဲကျသွားသည်။ သတိ





ကြီးသော ဂိုးလ်က တူညီ၏ခြေထောက်ကို လှမ်းဆွဲပြီး ဒရွတ်တိုက်ပါသွားလေသည်။

'ဦးဦးရေ. . သားတောင်းပန်ပါတယ် သားကို မထားခဲ့ပါနဲ့'

အံကိုကြိတ်ပြီး ခြေထောက်ကို ခါထုတ်ပစ်လိုက်သည်။ ဂိုးလ်ရဲ့လက်တွေက မယုံနိုင်လောက်အောင်ပင် မြဲမြံလှ၏။

'ဂိုးလ် သားလေး. . ဦးဦးကိုစောင့်နေနော်. . ခဏလေးပဲ ဦးဦး မီးရှူးမီးပန်းတွေ သွားဝယ်လိုက်ဦးမယ်. . ခုပဲ ပြန်ခဲ့မယ်နော် သား. . ညကျရင် ယာတောထဲမှာ ဦးဦးနဲ့သား ဆော့ကြမယ်လေ'

'တကယ်နော် ဦးဦး. . တကယ်ပြောတာနော်. . သား ဒီမှာထိုင်စောင့်နေမှာနော်. . သူတို့နဲ့မလိုက်ဘူးနော်'

တင်းထားပေမယ့် သူမျက်ရည်ကျပါသည်။

'အေးပါ သားရယ်၊ ဦးဦး သွားတော့မယ်နော်'

တူညီက ရဲကားပေါ်တက်သွားပါသည်။ သူနောက်ဆုံးကြားလိုက်တဲ့ အသံလေးက

'ဦးဦးရေ. . မြန်မြန်ပြန်ခဲ့နော်. . '

မူပိုင်နှင်းဆီ

9:55 PM

24th, Oct, 09 (Saturday)



www.burmeseclassic.com